ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ ... — ၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် စနေနေ့။ Saturday, 18 March 2017 (၈၈၆၉)

## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

# မြန်မာနိုင်ငံရှိ ငွေပေးချေမှု၊ ငွေလွှဲပို့မှုစနစ်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု Master Card ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Ajay Banga အား လက်ခံတွေ့ဆုံစဉ်။**

**နေပြည်တော် မတ် ၁၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု Master Card ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Ajay Banga အား ယနေ့ ညနေ ၃ နာရီတွင်လည်းကောင်း၊ International Finance Corporation (IFC)၏ ငွေတိုက်ဌာနနှင့် ပေါင်းစုချေးငွေဌာနဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Jingdong Hua ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင်လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

အမေရိကန်ပြည်ထောင်စု Master Card ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ ငွေပေးချေမှု၊ ငွေလွှဲပို့မှုစနစ်နှင့် အခွန်ကောက်ခံမှုစနစ်များ ပိုမိုကောင်းမွန်ချောမွေ့စေရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

International Finance Corporation (IFC)၏ ငွေတိုက်ဌာနနှင့် ပေါင်းစုချေးငွေဌာနဆိုင်ရာ ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်ရေးတို့အတွက် အရေးပါသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေမည့် ကိစ္စရပ်များအပါအဝင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးဈေးကွက် (Financial Market) ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးကဏ္ဍ၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကဏ္ဍများတွင် မြန်မာနိုင်ငံနှင့် IFC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သူနာပြုသားဖွားကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ပေးရန် တာဝန်ပေးအပ်ထားသည့်အဖွဲ့မှ သတင်းထုတ်ပြန်ကြေညာချက်

**ရန်ကုန် မတ် ၁၇**

၁။ ပြည်သူ့ဆေးရုံကြီးများရှိ သူနာပြုအင်အားမှာ လွန်စွာလျော့နည်းနေပါသဖြင့် ကုသမှုခံယူနေသော ပြည်သူလူထု၏ ကျန်းမာရေးအကျိုးကို ရှေးရှု၍ နိုင်ငံ့ဝန်ထမ်းအဖြစ်သုံးနှစ်တာဝန်ထမ်းဆောင်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ကုသရေးဦးစီးဌာန၏ (၁-၂-၂၀၁၇) ရက်စွဲပါ စာအမှတ် ကုသရေး/ပုဂ္ဂလိက/၂၀၁၇(၀၈၁) ဖြင့် ထုတ်ပြန်ထားသော ပုဂ္ဂလိကဆေးရုံများတွင် သူနာပြုတက္ကသိုလ်/သူနာပြုသားဖွားသင်တန်းကျောင်းများမှ စာချုပ်ဖောက်ဖျက်သော သူနာပြုနှင့် သားဖွားများ ခန့်ထားခြင်းမပြုရန် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းသို့ အကြောင်းကြားသည့်စာနှင့် ပတ်သက်၍ (၁၅-၃-၂၀၁၇)နေ့တွင် ရန်ကုန်သူနာပြုတက္ကသိုလ်နှင့် ရန်ကုန်သူနာပြုသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ပွဲ ပြုလုပ်ခဲ့ကြပါသည်။

၂။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ (၁၆-၃-၂၀၁၇) ရက်နေ့တွင် သူနာပြုသားဖွားကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ပေးရန် တာဝန်ပေးအပ်သည့်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၃။ ၎င်းတို့တောင်းဆိုထားသည့် လိုင်စင်လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ နိုင်ငံ့တာဝန်ထမ်းဆောင်သူများအား လက်ဝယ်ကိုင်ဆောင်ခွင့်ပြုမည် ဖြစ်ပါသည်။

၄။ သူနာပြုတက္ကသိုလ်ဝင်ရောက်စဉ် စာချုပ်ချုပ်ဆိုခဲ့သည့် ကတိအတိုင်း နိုင်ငံ့တာဝန်ကို မပျက်မကွက်ထမ်းဆောင်ရန် ညှိနှိုင်းသဘောတူခဲ့ပါသည်။

၅။ (၁၅-၃-၂၀၁၇) ရက်နေ့တွင် ရန်ကုန်သူနာပြုတက္ကသိုလ်နှင့် ရန်ကုန်သူနာပြု သင်တန်းကျောင်းမှ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ကြသူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အရေးယူရန် မရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

၆။ သူနာပြု/သားဖွားများသည် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေနှင့် ချမှတ်ထားသော ကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

၇။ နောက်နောင်အလားတူ အရေးကိစ္စရပ်များ ပေါ်ပေါက်လာပါက ဌာနတွင်း မိသားစုသဖွယ် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သူနာပြု/သားဖွားများ၏ လုပ်ငန်းခွင် ပျော်ရွှင်သာယာရေးနှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဦးစားပေးအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

စာမျက်နှာ ၉ သို့ *

## ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျေးရွာ ၄၁၆ ရွာ လျှပ်စစ်ဓာတ်အား ပေးနိုင်ရေး ဆောင်ရွက်ရန် လွှတ်တော်ကအတည်ပြု

စာမျက်နှာ » ၅

## ဇွဲကပင်တောင်ခြေရှိ အပျော်စီးကေဘယ်ချဲအား ပြည်တွင်း ပြည်ပဘုရားဖူးများနှင့် နိုင်ငံခြားခရီးသွားများ ပိုမိုစိတ်ဝင်စား

စာမျက်နှာ » ၁၇

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

## ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးတို့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချုပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။



# ကြေးမုံ

## ထိရောက်စွာဖော်ဆောင်တုံ့ပြန်နိုင်မည်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ဆုရှင် မစ္စတာကိုဖီအာနန် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်က ပြည်နယ်အတွင်းနေထိုင်သူအားလုံး၏ လူမှုဘဝပိုမိုကောင်းမွန်လာရေးအတွက် နိုင်ငံတော်အစိုးရသို့တင်သွင်းမည့် ကြားဖြတ်အစီရင်ခံစာအကြံပြုချက်များနှင့်ပတ်သက်သော သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

အစိုးရသို့တင်သွင်းမည့်ကြားဖြတ်အစီရင်ခံစာတွင် အကြံပြုချက် ၃၀ ပါရှိသည်။ အကြံပြုချက်တွင် လူသားချင်းစာနာထောက်ထားမှုအတွက် ဆောင်ရွက်နေသည့်အဖွဲ့အစည်းများအားလုံးသည် ပြဿနာဖြစ်ပွားနေသည့်ဒေသအပါအဝင် ဒေသများအားလုံးသို့ အကန့်အသတ်မရှိ သွားရောက်နိုင်ရန်အကြံပြုထားသည့်အပြင် ပြည်တွင်း၊ပြည်ပသတင်းဌာနများကိုလည်း အဆိုပါဒေသများသို့ သွားရောက်ခွင့်ပြုရန် တောင်းဆိုထားသည်။

ထို့အပြင် လူ့အခွင့်အရေးချိုးဖောက်သည်ဟု စွပ်စွဲခံထားရသူများနှင့် ကျူးလွန်ထားသူများအား တာဝန်ခံခိုင်းရန်လိုအပ်ပြီး ဒုက္ခသည်များအား မိမိတို့သဘောဆန္ဒအလျောက် နေရပ်သို့ပြန်ချင်ပါက စေလွှတ်ပေးနိုင်ရန်အတွက် ပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့စည်းရန် အကြံပြုထားသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ရှိသော တရားမဝင်ကုန်သွယ်မှုများကို တားဆီးနှိမ်နင်းရန်၊ တရားဝင်ကုန်သွယ်ရေးများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် အကြမ်းဖက်မှုနှင့်အကြမ်းဖက်ဝါဒပပျောက်ရေး ဖြေရှင်းရန်၊ ငါးနှစ်စီမံကိန်းတစ်ရပ်အမြန်ဆုံးဆောင်ရွက်၍ ထုတ်ပြန်ရန်၊ ကျန်းမာရေးနှင့်ပညာရေးကိစ္စများ အညီအမျှရရှိရေး ဆောင်ရွက်သွားရန်တို့လိုကြောင်း ဖော်ပြထားသည်။

ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များအား လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် သင်တန်းများပေးရန်နှင့် အဆိုပါဒေသရှိ ဒေသခံများနှင့် လိုက်လျောညီထွေဖြစ်သည့် ဖွဲ့စည်းပုံမျိုးဖြစ်ရန် တိုက်တွန်းထားသည်။ အဆိုပါဒေသတွင်နေထိုင်သူများအား နိုင်ငံသားအဖြစ်အသိအမှတ်ပြုရန်နှင့် နိုင်ငံသားအခွင့်အရေးများရရှိရန်၊ နိုင်ငံတော်အနေဖြင့် မဟာဗျူဟာတစ်ရပ်ချမှတ်၍ နိုင်ငံသားစိစစ်ရေးကိစ္စရပ်များကို အလျင်အမြန်ဆောင်ရွက်ရန် အကြံပြုထားသည်။

တိုင်တန်းမှုများရှိလာပါက တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်းသွားရန်၊ ကိုင်တွယ်ဖြေရှင်းရာတွင် အဖွဲ့အစည်းအသစ်ဖွဲ့၍ ဖြေရှင်းရန်၊ မွေးဖွားမှုမှတ်ပုံတင်ရာတွင် အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းရန်၊ အိုးပစ်အိမ်ပစ်ထွက်ပြေးနေကြသူများ၏စခန်းများ ပိတ်သိမ်းရန်၊ ယဉ်ကျေးမှုနှင့် ပတ်သက်၍ ရခိုင်ဒေသတွင် ဆောင်ရွက်ပေးရန်၊ နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်တွင် အပြန်အလှန်တွေ့ဆုံစကားပြောကြား၍ အဆင်ပြေချောမွေ့စေရေးဆောင်ရွက်ပေးရန်၊ အရေးတကြီးလုပ်ဆောင်ချက်အနေဖြင့် အမုန်းစကားဖြင့် သွေးထိုးလှုံ့ဆော်သူများအား အရေးယူရန်၊ အာဆီယံနိုင်ငံများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် စဉ်ဆက်မပြတ်ပြောဆိုဆွေးနွေးရန်တို့ အစီရင်ခံစာတွင်ပါဝင်သည်။

ကော်မရှင်ကို ယမန်နှစ်က ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ကော်မရှင်မှတွေ့ရှိချက်များကို ယခုနှစ်ဩဂုတ်လမတိုင်မီ အပြီးသတ်အစီရင်ခံစာတင်သွင်းရမည်ဖြစ်သော်လည်း အစိုးရအနေဖြင့် အရေးတကြီးဆုံးဖြတ်ဆောင်ရွက်နိုင်ရန်အတွက် ကြားဖြတ်အစီရင်ခံစာကို တင်သွင်းထားခြင်းဖြစ်သည်။ ထိုအစီရင်ခံစာသည် နိုင်ငံတော်အစိုးရသို့ ပထမဆုံးတင်သွင်းသော အစီရင်ခံစာဖြစ်သည်။

ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာသည် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသောအခြေအနေများနှင့် ပတ်သက်၍ ကော်မရှင်၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းစစ်ဆေးလေ့လာတွေ့ရှိချက်များအပေါ် မူတည်၍ လျော်ကန်သင့်မြတ်နိုင်မည့် ခြုံငုံသုံးသပ်အကြံပြုချက်များပင်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ချက်ချင်းလက်ငင်း ဆောင်ရွက်ပေးနိုင်သည့်ကိစ္စများရှိသလို အချိန်ယူဆောင်ရွက်ပေးရမည့်ကိစ္စများလည်း ရှိပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရအနေဖြင့် ယခုအစီရင်ခံစာပါ အကြံပြုချက်များအပေါ်တွင် သဘောထားအမြင်တူညီနေပြီး ယင်းတင်ပြချက်များသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အပေါ်တွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုများစွာ ရရှိစေမည်ဟုယုံကြည်ထားသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာမှ အကြံပြုတင်ပြချက်အများအပြားကို နိုင်ငံတော်အစိုးရက အချိန်မဆိုင်းဘဲ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားလိမ့်မည်ဟု ရှုမြင်ပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။
- ☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းဆောင်ရွက်

**ရွှေကူ မတ် ၁၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ပူခိုင်မြစိမ်းရောင်ကျေးရွာသို့ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသိန်းလင်းနှင့် ရုံးဝန်ထမ်းများသည် မတ် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် မြစိမ်းရောင်စီမံကိန်းအရ ကျေးရွာသူကျေးရွာသားများ ချေးငွေထုတ်ချေးထားမှု၊ ငွေစာရင်းထိန်းသိမ်းထားရှိမှု၊ မြေပြင်တွင် တစ်ဦးချင်းချေးယူငွေဖြင့် လက်တွေ့ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

## နွေရာသီရေပြတ်လပ်မှုမရှိစေရန် ကျေးရွာလူထုနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်

**မြို့သစ် မတ် ၁၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းမှ ကျေးရွာများ နွေရာသီတွင် ရေရှားပါးပြတ်လပ်မှု မရှိစေရေး လုပ်ငန်းအစည်းအဝေးကို မြို့သစ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၅ ရက်က ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ မြို့သစ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်းနှင့် မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းတို့က ပူပြင်းခြောက်သွေ့သော နွေရာသီတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေး ကြိုတင်စီမံထားကြရန်၊ အကယ်၍ သောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ်လာနိုင်ပါက ကြိုတင် တင်ပြကြရန်နှင့် ရေပံ့ပိုးဖြန့်ဝေပေးရမည့် ခန့်မှန်းချက်ရေဂါလန်တို့ကိုပါ တွက်ချက်၍ တင်ပြပေးကြရန် စသည်တို့ကို ကျေးရွာများမှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ယခင်နှစ် နွေရာသီတွင် ရေရှားပါးပြတ်လပ်ခဲ့သော ကျေးရွာများအနေဖြင့် မိမိတို့ သုံးစွဲနေသော ရေအရင်းအမြစ်ပေါ်မူတည်၍ စနစ်တကျ သုံးစွဲကြရန် ဆွေးနွေးခဲ့ကြပြီး ကျေးရွာတာဝန်ရှိသူများအနေဖြင့် ရေရှားပါးပြတ်လပ်လာပါက မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ရန် မှာကြားသည်။

(ကြေးမုံ)



ဧပြီ ၁ ရက်တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲ၌ အမျိုးသားလွှတ်တော် အမှတ်(၄) မဲဆန္ဒနယ်၏ မဲစာရင်းများကို မတ် ၁၇ ရက် နံနက်ဂနာရီက စတင်ကာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာထားစဉ်။

(မြို့နယ်ပြန်/ဆက်)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၇**

ရန်ကုန်(ရွှေဈေး) ၈၉၄၀၀၀ - ၈၉၄၀၀၀ မန္တလေး(ရွှေဈေး) ၈၉၄၀၀၀ - ၈၉၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၅/၇၇၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၁၀/၇၃၅ ကျပ်၊ | ၈၀၀/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၂၀/၇၄၅ ကျပ်၊ | ၇၇၀/၇၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၆၆.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇.၄၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈.၉၈၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇.၀၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၈၃၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၁.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၄၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၅.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၁.၂၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

# နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်(၇၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် မိတ်ဆုံညစာစားပွဲကျင်းပ

**နေပြည်တော် မတ် ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန နှစ် (၇၀) ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားနှင့် မိတ်ဆုံညစာစားပွဲကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

အထိမ်းအမှတ်အခမ်းအနားနှင့် မိတ်ဆုံညစာစားပွဲမစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဝန်ထမ်းများနှင့် မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် မိတ်ဆုံညစာစားပွဲကို ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ တက်ရောက်လာကြသူများနှင့်အတူ အထိမ်းအမှတ်မိတ်ဆုံညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသူများသည် ဝန်ကြီးရုံး မြေညီထပ်၌ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာန၏ အထိမ်းအမှတ်ပစ္စည်းများကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် နှစ်(၇၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းဆိုသည်မှာ လူတစ်ယောက်၏ဘဝကဲ့သို့ပင် အတက်အကျရှိပါကြောင်း၊ သို့သော်လည်း တက်နေလျှင်လည်း ဆက်ပြီးတက်ရန်ထိန်းသိမ်းသွားရမည် ဖြစ်ပါကြောင်း၊ ကျနေလျှင်လည်း စိတ်ဓာတ်ကျစရာမလိုပါကြောင်း၊ ယခင်ဆယ်စုနှစ်များအတွင်း မိမိတို့နိုင်ငံ၏ သိက္ခာရော၊ မိမိတို့နိုင်ငံခြားရေးဝန်ကြီးဌာန၏သိက္ခာရော မြင့်သင့်သလောက်မမြင့်ဘူးဟု ပွင့်ပွင့်လင်းလင်းပြောရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ စိတ်ဓာတ်ကျစရာ မရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရန် အခွင့်အရေးများ အများကြီးရှိမည်ဖြစ်ပါကြောင်း၊ လူငယ်များက ရှေ့တွင် ပြုပြင်ပြောင်းလဲရန် အချိန်အများကြီးရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရန် အချိန်ဆိုသည်မှာ ကိုယ်တစ်ယောက်တည်းအတွက် မဟုတ်ပါကြောင်း၊ ကိုယ့်နိုင်ငံအတွက် ဖြစ်ရမည်ဆိုသည်ကို သတိပေးလိုပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လုပ်ကိုင်နေသည့်ဝန်ထမ်းများသည် တခြားဝန်ကြီးဌာနများရှိ ဝန်ထမ်းများနှင့် မတူပါကြောင်း၊ မိမိတို့၏ အပြုအမူ၊ အနေအထိုင်၊ အပြောအဆိုကို ကြည့်ပြီး မိမိတို့နိုင်ငံ၏အဆင့်ကို သတ်မှတ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အထူးသဖြင့် နိုင်ငံခြားရောက်သွားရင် သံရုံးဝန်ထမ်းများရဲ့ နေပုံထိုင်ပုံ၊ စားပုံသောက်ပုံ၊ တခြားသံတမန်များနဲ့ ဆက်ဆံပုံ၊ အိမ်ရှင်နိုင်ငံရဲ့ အစိုးရနဲ့လည်း ဆက်ဆံပုံတွေကို ကြည့်ပြီး ကျွန်မတို့နိုင်ငံရဲ့ အဆင့်အတန်းကို သတ်မှတ်မှာပါ။ ဒီနိုင်ငံဟာ အဆင့်အတန်းရှိသလား၊ မရှိဘူးလား ဒီနိုင်ငံရဲ့ သံတမန်တွေအပေါ်မှာ အများကြီးမူတည်ပါတယ်။ ကျွန်မတို့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ဝန်ထမ်းတွေဟာ ကိုယ့်အတွက်တင်မက ကိုယ့်နိုင်ငံအတွက်နေပေးနေရတာ ဖြစ်ပါတယ်။

"ဦးဆောင်နေတဲ့အစိုးရအတွက် လုပ်ရတာလည်းဖြစ်ပါတယ်။ ဝန်ထမ်းဆိုတာ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့အစိုးရအတွက် လုပ်ရမှာဖြစ်ပါတယ်။ ဒီမိုကရေစီနည်းအရ ဆိုရင် ရွေးကောက်ပွဲတွေမှာ ကိုယ်ပေးချင်တဲ့သူကို မဲပေးလို့ရတယ်။ ထောက်ခံချင်တဲ့ပါတီကို ထောက်ခံလို့ရတယ်။ သို့သော်လည်း ရွေးကောက်ပွဲပြီးလို့ တက်လာတဲ့အစိုးရကိုတော့ သစ္စာရှိရှိနဲ့ အလုပ်လုပ်ရမှာ ဝန်ထမ်းတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ ဒါကြောင့် ဝန်ထမ်းများဟာ အစိုးရခိုင်းတိုင်းလုပ်တယ်ဆိုတာ အပြစ်လို့ မမြင်ပါဘူး။

"သို့သော်လည်း ဝန်ထမ်းများဟာ နိုင်ငံတော်အပေါ်မှာ သစ္စာရှိတယ်ဆိုရင် ပြောသင့်ပြောထိုက်တဲ့ကိစ္စများ၊ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စများကို ပြောရဲလုပ်ရဲရမှာ ဖြစ်ပါတယ်။ အထက်ကအရာရှိတွေကလည်း ကိုယ့်လက်အောက်ငယ်သားကို လိမ်လည်လှည့်ဖြားတာ မလုပ်ရဘူး။ လိမ်လည်လှည့်ဖြားတတ်အောင်လည်း မသင်ရဘူး။ ဌာနတစ်ခုဟာ မှန်မှန်ကန်ကန် ဖြူးဖြူးဖြောင့်ဖြောင့်နဲ့ နိုင်ငံတော်ရဲ့ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်နိုင်မယ်ဆိုရင် ကျွန်မတို့ အချင်းချင်း လှည့်ဖြားမှုဆိုတာ မရှိတော့ပါဘူး။ အခုခေတ်မှာ လူကြီးတွေကလည်း လူငယ်များရဲ့အမြင်တွေကို မှန်မှန်ကန်ကန်တင်ပြနိုင်အောင် လမ်းဖွင့်ပေးရမယ်"ဟု ပြောကြားသည်။

ဆက်လက်၍ မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာနသည် နှစ် (၇၀)ခရီးကို ဖြတ်သန်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ထိုခရီးတစ်လျှောက် မည်သို့သောအတက်အကျများရှိရှိ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နာမည်ပျက်ခဲ့ခြင်းမရှိခဲ့ပါကြောင်း၊ အားလုံးသည် ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင် လုပ်မည်ဆိုလျှင် ပထမဦးဆုံးနိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့သည့် မိမိဖခင်၏ အဆိုတစ်ခုနှင့် နိဂုံးချုပ်ချင်ပါကြောင်း၊ "ကိုယ့်လိပ်ပြာ ကိုယ်လုံဖို့လိုတယ်"။ မိမိတို့နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများသည် တာဝန်ရှိ သစ္စာသိသည့်နေရာတွင် ကိုယ့်လိပ်ပြာကိုယ်လုံရန် တိုက်တွန်းချင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်တင်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးအား နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်(၇၀)ပြည့် ဗိုလ်ချုပ်အောင်ဆန်း ပုံတူတံဆိပ်ခေါင်းကို အမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်တင်က စကားရည်လုပွဲ (ဒီဘိတ်)တွင် ပထမဆုနှင့် ဒုတိယဆုရရှိခဲ့သူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ်အတွင်း အငြိမ်းစားယူခဲ့သောဝန်ထမ်းများကိုယ်စား ဝန်ထမ်းတစ်ဦးအား အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် နှစ်(၇၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်(၇၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စကားရည်လုပွဲ (ဒီဘိတ်)ကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါဝန်ကြီးရုံးခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အားပေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားဆက်ဆံရေးတာဝန်ကိုဆောင်ရွက်မည့် နိုင်ငံခြားရေးဌာန (Department of Foreign Affairs) ကို ၁၉၄၇ ခုနှစ် မတ် ၁၇ ရက်တွင် အစိုးရအမိန့်ကြော်ငြာစာအမှတ် ၇၇ ဒီ (အမ်အမ်) ၄၇ ဖြင့် သီးခြားဌာနတစ်ခုအဖြစ် ဖွဲ့စည်းခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ယူခဲ့ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ပထမဆုံး တာဝန်ယူခဲ့သူဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနကို လွတ်လပ်ရေးရပြီးချိန်တွင် နိုင်ငံခြားရေးရုံးတော် (Foreign Office) ဟု ခေါ်ဆိုခဲ့ပြီး ၁၉၆၇ ခုနှစ် မေ ၂၅ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန (Ministry of Foreign Affairs) ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန တည်ထောင်ခဲ့သည့် နှစ်(၇၀)ပြည့်ချိန်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၄ နိုင်ငံနှင့် သံတမန်အဆက်အသွယ်ထူထောင်ထားနိုင်ခဲ့သည်။ သံရုံး ၃၅ ရုံး၊ အဖွဲ့ရုံး သုံးရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ခြောက်ရုံးထိတိုးချဲ့ဖွင့်လှစ်ခဲ့ကာ ဦးစီးဌာန ခုနစ်ခုထူထောင်ပြီး ဝန်ထမ်း ၁၀၀၀ ကျော်နှင့် သံတမန်လုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။

နှစ်ပေါင်း ၇၀ အတွင်း နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဗိုလ်ချုပ်အောင်ဆန်းက စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်မှာ (၂၃) ဦးမြောက် နိုင်ငံခြားရေးဝန်ကြီးဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ် (၇၀) ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားနှင့် မိတ်ဆုံညစာစားပွဲတွင် ဒုတိယဝန်ကြီး ဦးကျော်တင်က "နိုင်ငံခြားရေးဝန်ကြီးဌာန တည်ထောင်ခဲ့တာ လွတ်လပ်ရေးမရခင်ကတည်းကပါ။ လွတ်လပ်ရေးမရခင်ကတည်းကစတင်ခဲ့တာ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနပဲရှိပါတယ်။ ဒါကတော့ နိုင်ငံခြားရေးရုံးအနေနဲ့ပါ။ အဆင့်ဆင့်နာမည်အမျိုးမျိုးပြောင်းခဲ့သော်လည်း စတင်တည်ထောင်ခဲ့တာ ၁၉၄၇ ခုနှစ် မတ်လ ၁၇ ရက်နေ့မို့ ဒီနေ့မှာ နှစ်(၇၀) တင်းတင်းပြည့်တဲ့နေ့ဖြစ်ပါတယ်။ ဒီလိုနှစ်(၇၀)ပြည့်အခါသမယမှာ နိုင်ငံခြားရေးရုံးမှာ တာဝန်ထမ်းဆောင်နေတဲ့အချိန်နဲ့ ကြုံကြိုက်တဲ့အတွက် များစွာဂုဏ်ယူပါတယ်။

"နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ သက်တမ်းကာလဟာ နှစ်(၇၀)ခရီးအတွင်းမှာ ခေတ်အမျိုးမျိုးနဲ့ စနစ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံတော်ရဲ့အကျိုး၊ ပြည်သူတွေရဲ့အကျိုးကို ရှေ့တန်းကနေပြီး သံတမန်အနေနဲ့ ကာကွယ်စောင့်ရှောက် သယ်ပိုးလာခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အများကြီး ဂုဏ်ယူပါတယ်။

"ဒီနေ့ ဒီရက် ဒီအခါသမယမှာ ထူးခြားတာလေးတစ်ခုပြောချင်ပါတယ်။ ၁၉၄၇ ခုနှစ်တုန်းက အဲဒီအချိန်တုန်းက နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့တာ ဗိုလ်ချုပ်အောင်ဆန်းပါ။ ၂၀၁၇ ခုနှစ် အခုအချိန်မှာလည်း နိုင်ငံခြားရေးဝန်ကြီးဌာနကို တာဝန်ထမ်းဆောင်နေတာ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်အတိုင်ပင်ခံ၊ နိုင်ငံခြားရေးဝန်ကြီးတာဝန်ထမ်းဆောင်နေတာ၊ ဒါကလည်း အင်မတန်ထူးခြားတဲ့ အခါသမယလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီနေ့ဟာ နိုင်ငံခြားရေးမိသားစုတွေ၊ နောက် နိုင်ငံခြားရေးဝန်ထမ်းတွေထဲက ဒီနှစ်ထဲမှာ ပင်စင်ယူသွားတဲ့ ဝန်ထမ်းတွေအကုန်လုံး ဖိတ်ကြားပြီး ကျွန်တော်တို့အနေနဲ့ မိသားစု မိတ်ဆုံစားပွဲ ကျင်းပခြင်းဖြစ်ပါတယ်။

"ဒါပေမယ့် ဒီတစ်နေ့တည်း ကျင်းပတဲ့အခမ်းအနားမဟုတ်ဘဲနဲ့ နှစ်(၇၀)ပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်းထုတ်ဝေတယ်။ နောက်ပြီး ဝန်ထမ်းတွေ အရည်အသွေး တောက်ပြောင်စေဖို့အတွက် အင်္ဂလိပ်ဘာသာနဲ့ စကားရည်လုပွဲတွေလုပ်တယ်။ နောက်ပြီး လာမယ့် ဧပြီလဆန်းကစပြီးတော့လည်း နိုင်ငံခြားရေးရုံးမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝါရင့်တွေကနေပြီး သူတို့တာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလအတွင်း အတွေ့အကြုံတွေကို ရှင်းလင်းပြောကြားခြင်းအားဖြင့် နောင်လာနောက်သားတွေကို နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ဖြတ်သန်းလာတဲ့ ကာလအတွေ့အကြုံတွေကို မျှဝေတဲ့အစီအစဉ်တွေလည်း ရှိပါတယ်။

"ဒီနေ့မှာ ဝန်ထမ်းတွေ၊ ဝန်ထမ်းငယ်တွေအတွက်ကို တာဝန်ထမ်းဆောင်နေကြတဲ့ အခြားသံရုံးဝန်ထမ်းတွေကနေပြီးတော့ စုပေါင်းပြီးတော့ ကံစမ်းမဲ ဖောက်တာတွေ၊ ပျော်ပွဲရွှင်ပွဲတွေ လုပ်ဖို့ရှိပါတယ်။ နောက်ပြီးတော့ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ထမ်းတွေ၊ မိသားစုတွေရဲ့ အနုပညာအစွမ်းပြဖို့အတွက် ပျော်ပွဲရွှင်ပွဲတွေလည်း ထည့်ထားပါတယ်။ ဒီနေ့က နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ထူးခြားတဲ့ နေ့ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီနေ့မှာ အားလုံးပျော်ရွှင်ကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုတောင်းပါတယ်။ ပြီးတော့လည်း နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းတွေအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေအကျိုးကို နိုင်ငံခြားရေးမူဝါဒနဲ့အညီ ဆတက်ထမ်းပိုး တိုးမြှင့်အကောင်အထည်ဖော်သွားဖို့အတွက် ကျွန်တော့်အနေနဲ့ ဒီမှာသန္နိဋ္ဌာန်ပြုကြောင်း ပြောကြားလိုပါတယ်"ဟု ပြောကြားသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားရေးဝန်ကြီးဌာန နှစ် (၇၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် မိတ်ဆုံညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

○ **အာရှ ယူ -၂၃ မှ**

အဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် တရုတ်အသင်းမှာ ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမနေရာရခဲ့ပါက အကောင်းဆုံးအုပ်စု ဒုတိယနေရာရ ခြောက်သင်းအထိ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မြန်မာအသင်းပါဝင်သော ခြေစစ်ပွဲအုပ်စု (F) ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲအုပ်စုပွဲစဉ်များကို နိုင်ငံကိုးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းမည်ဖြစ်သည်။ ခြေစစ်ပွဲ ပွဲစဉ်များကို ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုတွင် အာရှအင်အားကြီး ဩစတြေးလျအသင်းနှင့် တစ်အုပ်စုတည်းကျရောက်နေသောကြောင့် အုပ်စုပထမရရန် မလွယ်ကူဘဲ အကောင်းဆုံးအုပ်စု ဒုတိယငါးသင်းစာရင်းဝင်ရန်သာ ကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဩစတြေးလျအသင်းနှင့် ခြေစစ်ပွဲတွင် နှစ်ကြိမ်ဆက်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ၂၀၁၆ ပြိုင်ပွဲ ခြေစစ်ပွဲတွင် မြန်မာအသင်းက ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

အုပ်စုခွဲဝေထားမှုအရ အုပ်စု (A)တွင် အီရန်၊ အိုမန်၊ ကာဂျစ္စတန်၊ သီရိလင်္ကာ၊ အုပ်စု (B)တွင် အီရတ်၊ ဆော်ဒီ၊ ဘာရိန်း၊ အာဖဂန်နစ္စတန်၊ အုပ်စု (C) တွင် ကာတာ၊ ဆီးရီးယား၊ အိန္ဒိယ၊ တာ့ခ်မင်နစ္စတန်၊ အုပ်စု (D) တွင် ယူအေအီး၊ ဥဇဘတ်ကစ္စတန်၊ လက်ဘနွန်၊ နီပေါ၊ အုပ်စု (E) တွင် ဂျော်ဒန်၊ တာဂျစ်ကစ္စတန်၊ ပါလက်စတိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (F) တွင် ဩစတြေးလျ၊ မြန်မာ၊ စင်ကာပူ၊ ဘရူနိုင်း၊ အုပ်စု (G) တွင် မြောက်ကိုရီးယား၊ လာအို၊ တရုတ် (တိုင်ပေ)၊ ဟောင်ကောင်၊ အုပ်စု (H) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ မွန်ဂိုလီးယား၊ အုပ်စု(I)တွင် တောင်ကိုရီးယား၊ ဗီယက်နမ်၊ တီမော၊ မကာအို၊ အုပ်စု(I)တွင် ဂျပန်၊ တရုတ်၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်အသင်းတို့ပါဝင်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

ကြေးမုံ

မတ် ၁၈၊ ၂၀၁၇

# တရုတ်-အာဆီယံ ကမ္ဘာလှည့်ခရီးသွားနှစ် တရားဝင်စတင်ကြောင်း ထုတ်ပြန်ကြေညာ



**မနီလာ မတ် ၁၇**

တရုတ်-အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ကမ္ဘာလှည့်ခရီးသွားနှစ်ကို တရားဝင်စတင်လိုက်ပြီ ဖြစ်ကြောင်း၊ တရုတ်နှင့်အာဆီယံအကြား ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြမည်ဟု သန္နိဋ္ဌာန်ပြုလိုက်ကြကြောင်း ဆင်ဟွာသတင်းဌာနက မတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်-အာဆီယံ ကမ္ဘာလှည့်ခရီးသွားနှစ် တရားဝင်စတင်မှု အထိမ်းအမှတ်အခမ်းအနားသို့ တရုတ်ဒုတိယဝန်ကြီးချုပ် ဝမ်ယန်း တက်ရောက်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာ၌ ကျင်းပသော အဆိုပါအခမ်းအနား၌ ဝမ်ယန်းက မိန့်ခွန်းပြောကြားရာတွင် ဒေသဆိုင်ရာ ပြည်သူများ အလုံးအရင်းဖြင့် အပြန်အလှန်ကူးလူးသွားလာသည့်ခေတ်သို့ ဝင်ရောက်ပြီဖြစ်သည်ဟု ဖော်ပြသည်။

တရုတ်နှင့်အာဆီယံတို့သည် လျင်မြန်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိနေကြကြောင်း၊ ဒေသတွင်း ပြည်သူတို့၏ လူနေမှုဘဝမှာ မြင့်မားတိုးတက်လျက်ရှိကြောင်း ဝမ်ယန်းက ပြောကြားသည်။

တရုတ်နှင့်အာဆီယံအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများဖြစ်ကြသဖြင့် အပြန်အလှန်ကူးလူးသွားလာမှုများ မြှင့်တင်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အာဆီယံဒေသတွင်းနိုင်ငံများ၏ ချိတ်ဆက်မှုသည် လွန်ခဲ့သည့်နှစ်များမှစ၍ ပုံမှန်တိုးတက်လာခဲ့ကြောင်း၊ ဒေသတွင်းနိုင်ငံများမှ ပြည်သူများမှာ အပြန်အလှန်လည်ပတ်မှုများ တိုးမြှင့်ပြုလုပ်လာကြောင်း အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌနေရာကို ရယူထားသော ဖိလစ်ပိုင်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီး ဝန်ဒါတဲအိုက ပြောကြားသည်။

**ရိုက်တာ။**

# ပါရီမြို့ရှိ အိုင်အမ်အက်ဖ်ရုံးခွဲ၌ စာအိတ်ပုံးပေါက်ကွဲ

**ပါရီ မတ် ၁၇**

ပြင်သစ်နိုင်ငံ ပါရီမြို့၌ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)ရုံးခွဲသို့ ဂရိနိုင်ငံမှ ပေးပို့ခဲ့သော စာအိတ်ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အမျိုးသမီးဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

မတ် ၁၆ ရက်က စာပို့တိုက်မှ တစ်ဆင့်ပေးပို့ခဲ့သော စာအိတ်တစ်လုံးကို ဖွင့်ဖောက်ရာတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အမျိုးသမီးဝန်ထမ်းတစ်ဦး မျက်နှာနှင့် လက်တို့တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူမှာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ ပါရီရုံးခွဲ၌ အတွင်းရေးမှူးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ဗုံးပေါက်ကွဲမှုကြောင့် အတွင်းရေးမှူး၏ အကြားအာရုံပါ ထိခိုက်ခဲ့ရသော်လည်း အသက်ဘေးအန္တရာယ်မရှိဟု ဆိုသည်။

အိုင်အမ်အက်ဖ်၏ ဥရောပကိုယ်စားလှယ်ရုံးသို့ လိပ်မူထားသော စာအိတ်မှ ဗုံးပေါက်ကွဲခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် ရုံးအဆောက်အအုံမှာလည်း အနည်းငယ် ပျက်စီးခဲ့ရသည်ဆို၏။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပါရီမြို့ရှိ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အစိုးရရှေ့နေများက စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိသည်။

ပါရီတွင်ဖြစ်ပွားသော စာအိတ်ဗုံးပေါက်ကွဲမှုအတွက် မည်သည့်အုပ်စုကမျှ ယင်း၏ လက်ချက်အဖြစ် ထုတ်ပြန်ကြေညာခြင်းမရှိပေ။ သို့ရာတွင် မတ် ၁၅ ရက်က ဂျာမနီနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ဝုဖ်ဂန်းရှော်ယူဘယ်ထံ လိပ်မူထားသော ပါဆယ်ဗုံး ပေါက်ကွဲမှုဖြစ်စဉ်တွင်မူ ဂရိအခြေစိုက် စစ်သွေးကြွအုပ်စုတစ်စုက ယင်း၏ လက်ချက်အဖြစ် ကြေညာခဲ့သည်။ **ရိုက်တာ။**



# 'လကမ္ဘာစူးစမ်းလေ့လာရေး တီထွင်ကြံဆမှု' ပြိုင်ပွဲတွင် အီတလီနှင့်အိန္ဒိယ လူငယ်သုတေသီများအနိုင်ရ

**နယူးဒေလီ မတ် ၁၇**

လကမ္ဘာပေါ်တွင် စူးစမ်းလေ့လာမှုများပြုလုပ်နိုင်မည့် အခွင့်အလမ်းရရှိရေးအတွက် Indus အဖွဲ့က ကြီးမှူးကျင်းပသည့် 'လကမ္ဘာစူးစမ်းလေ့လာရေး တီထွင်ကြံဆမှု' ပြိုင်ပွဲတစ်ရပ်တွင် အီတလီနှင့် အိန္ဒိယနိုင်ငံတို့မှ လူငယ်အသင်းနှစ်သင်း အနိုင်ရရှိခဲ့ကြကြောင်း ယနေ့သတင်းများအရသိရသည်။

Indus စူးစမ်းလေ့လာသူများအဖွဲ့က အနာဂတ်သိပ္ပံပညာရှင်များမွေးထုတ်ပေးရန် ရည်ရွယ်ပြီး အဆိုပါပြိုင်ပွဲကို အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ဘန်ဂါလူရူမြို့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်များ၏ အသက်ကို ၂၅ နှစ်အထိသာ ခွင့်ပြုထားသည်။

မတ် ၁၅ ရက်တွင်ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ကို အဖွဲ့ ၁၅ ဖွဲ့က ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲဝင်လူငယ်များသည် ၂၅၀ ဂရမ်ထက် အလေးချိန်လျော့နည်းသည့် ပစ္စည်းတစ်မျိုးကို လကမ္ဘာပေါ်တွင် စူးစမ်းလေ့လာရေးအတွက် တီထွင်ရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အသင်းနှစ်သင်းအနက် အီတလီအသင်းက လကမ္ဘာပေါ်ရှိ ရောဂါပိုးမွှားများကို အသုံးချပြီး ရေဒီယိုသတ္တုကြွမှု ကာကွယ်ရေးအတွက် အကျိုးသက်ရောက်မှု ရှိ၊ မရှိ စမ်းသပ်ရန် အဆိုပြုခဲ့သည်။ အခြားပြိုင်ပွဲဝင်အသင်းများက လကမ္ဘာပေါ်တွင် အလင်းရောင်စွမ်းအားဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့မှ အစာချက်လုပ်ခြင်းနှင့် တဆေးဖြင့်ဘီယာချက်ရန် လေ့လာမှုများပြုလုပ်မည်ဟု ဆိုသည်။

သုတေသီများက လကမ္ဘာပေါ်သို့ စူးစမ်းလေ့လာရေးယာဉ်တစ်စင်းကို ဂျပန်သုတေသီများအဖွဲ့ HAKUTO ၏ အကူအညီဖြင့် ဒီဇင်ဘာလတွင်လွှတ်တင်ရန် အစီအစဉ်ရေးဆွဲထားသည်။ အဆိုပါယာဉ်တွင် အနိုင်ရရှိခဲ့သော သုတေသီလူငယ်အသင်းများ၏ တီထွင်ကြံဆထားသောပစ္စည်းများကို ထည့်သွင်းကာ လကမ္ဘာစူးစမ်းလေ့လာရေးတွင် အသုံးပြုမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**



# ပြန်ပေးဆွဲခံသင်္ဘောသားများ ပြန်ပေးရွေးငွေမပေးရဘဲ ပြန်လည်လွတ်မြောက်လာ

**ကိုလံဘို မတ် ၁၇**

ဆိုမာလီ ပင်လယ်ဓားပြများက ပြန်ပေးဆွဲခဲ့သည့် ရေနံတင်သင်္ဘောပေါ်ပါ သီရိလင်္ကာနိုင်ငံသား သင်္ဘောသားရှစ်ဦးကို ပြန်ပေးရွေးငွေပေးဆောင်ရခြင်းမရှိဘဲ ပြန်လည်လွှတ်ပေးခဲ့ကြောင်း သီရိလင်္ကာအစိုးရက မတ် ၁၇ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသား သင်္ဘောသားရှစ်ဦးကို မတ် ၁၇ ရက် နံနက်ပိုင်းတွင် ပြန်လွှတ်ပေးခဲ့ကြောင်း သီရိလင်္ကာနိုင်ငံခြားရေးဒုတိယဝန်ကြီး ဟာနာဒီဆီလ်ဗာက ကိုလံဘိုမြို့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ သီရိလင်္ကာလူမျိုး သင်္ဘောသားများ ဘေးကင်းလုံခြုံစွာ လွတ်မြောက်ရေးအတွက် ကြားဝင်ညှိနှိုင်းပေးသော နိုင်ငံများအားလုံးကို ကျေးဇူးတင်ကြောင်း ၎င်းက ပြောကြားသည်။

သင်္ဘောပြန်ပေးဆွဲမှုဖြစ်ပွားရာ ရေပြင်အနီးရှိ ဆိုမာလီ တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန့်လန်း၏ အကြီးအကဲနှင့် အမေရိကန်အစိုးရအဖွဲ့တို့အား မိမိတို့ ကျေးဇူးတင်ပါကြောင်း သီရိလင်္ကာဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အေရီးစ်-၁၃ အမည်ရှိ ကိုမိုရို အလံလွှင့်ထူထားသော ရေနံတင်သင်္ဘောကို ဂရိသင်္ဘောလုပ်ငန်းကုမ္ပဏီတစ်ခုက ပိုင်ဆိုင်ပြီး ယင်းရေနံတင်သင်္ဘောသည် ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးဆိပ်ကမ်းမှ ယင်းနိုင်ငံ၏ မြောက်ဘက်အိမ်နီးချင်း ဂျီဘူတီနိုင်ငံသို့ ခုတ်မောင်းနေစဉ် ဆိုမာလီကမ်းခြေအနီးရှိ အလူလာမြို့အနီး၌ ပျောက်ဆုံးသွားခြင်းဖြစ်သည်။

ယင်းရေနံတင်သင်္ဘောကို ပင်လယ်ဓားပြများက ပြန်ပေးဆွဲမှုမှာ အာဖရိကတိုက်အရှေ့ဘက်ကမ်းခြေဒေသနိုင်ငံဖြစ်သည့် ဆိုမာလီနိုင်ငံ၌ ငါးနှစ်အတွင်း ပထမဆုံးအကြိမ် ပင်လယ်ရေကြောင်းသင်္ဘောတစ်စင်းပြန်ပေးဆွဲမှုဖြစ်သည်။

ပြန်ပေးဆွဲခံရသည့် ရေယာဉ်အတွက် ပင်လယ်ဓားပြများက ပြန်ပေးရွေးငွေ မည်မျှတောင်းဆိုသည်ကို မသိရသေးကြောင်း နိုင်ငံတကာသတင်းမီဒီယာများ၌ ဖော်ပြသည်။ **ဆင်ဟွာ။**

# ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ကျေးရွာ ၄၁၆ ရွာ လျှပ်စစ်ဓာတ်အားပေးနိုင်ရေးဆောင်ရွက်ရန် လွှတ်တော်ကအတည်ပြု

**နေပြည်တော် မတ် ၁၇**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ကျေးရွာ ၄၁၆ ရွာသို့ လျှပ်စစ်ဓာတ်အားပေးနိုင်ရေးဆောင်ရွက်ရန် ဂျာမနီနိုင်ငံ KfW Development Bank ထံမှ ယူရို ၂၃ ဒသမ ၈၈၃ သန်း ချေးယူရန် လွှတ်တော်က သဘောတူအတည်ပြုသည်။

**"နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျေးရွာ ၄၁၆ ရွာသို့ လျှပ်စစ်ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်ရန် ဂျာမနီနိုင်ငံ KfW Development Bank ထံမှ ယူရို ၂၃ ဒသမ ၈၈၃ သန်း ချေးယူရန်ကိစ္စ"**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ယခုအဆိုပြုသည့် ဂျာမနီနိုင်ငံ KfW အထောက်အပံ့နှင့်ချေးငွေသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှိ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ကျေးရွာများအတွက် ဒေသအလိုက် သတ်မှတ်အကောင်အထည်ဖော်မည့် စီမံကိန်းဖြစ်ပြီး တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်အတွင်းရှိ မြို့နယ် ၂၀၊ ကျေးရွာပေါင်း ၄၁၆ ရွာ၊ အိမ်ထောင်စုဦးရေ ၃၂၆၇၄ စုနှင့် ခန့်မှန်းလူဦးရေ ၁၄၃၂၃၉ ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပြီး စီမံကိန်းအကျိုးခံစားမည့် လူတစ်ဦးချင်းစီအတွက် ၂၁၂ ယူရို (၂၈၂၅၉၆ ကျပ်) ကျသင့်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ နှစ်ရှည်ချေးငွေရယူ၍ လျှပ်စစ်ဓာတ်အားရရှိအောင် အကောင်အထည်ဖော်ခြင်းဖြင့် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများကို နှစ်များစွာ စောင့်ဆိုင်းမနေဘဲ ဆောလျင်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်၍ ဖွံ့ဖြိုးမှုအသီးအပွင့်များကို အမြန်ဆုံးရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခု KfW ချေးငွေသည် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက်၏ အထောက်အပံ့ချေးငွေဖြစ်၍လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ကျေးလက်နေပြည်သူများ လျှပ်စစ်ဓာတ်အား ဆောလျင်စွာ ရရှိနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်၍လည်းကောင်း အကျိုးရှိသော ချေးငွေဖြစ်ပါသဖြင့် ခွင့်ပြုပေးနိုင်ပါရန်နှင့် ချေးငွေကို အကောင်အထည်ဖော်ရာတွင် ပြည်တွင်း၊ ပြည်ပ အကြံပေးပုဂ္ဂိုလ်ဌာနရမ်း၍ နိုင်ငံတကာစံချိန်စံညွှန်းများ၊ နိုင်ငံတကာတင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ချေးငွေရရှိသည့်ဒေသ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု Indicator များ စသည်တို့ကို အသေးစိတ်ဆောင်ရွက်သွားမည့်အပြင် ဝန်ကြီးဌာနကလည်း စီမံကိန်းစံချိန်စံညွှန်းများပြည့်မီစေရေး၊ ဘဏ္ဍာငွေအလေအလွင့်မရှိစေရေးအတွက် အလေးထားကွပ်ကဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။





ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဂျာမနီနိုင်ငံဖွံ့ဖြိုးမှုဘဏ် (KfW) ထံမှ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျေးရွာ ၄၁၆ ရွာသို့ ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် "ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိရေး အစီအစဉ်" Rural Electrification Program II (Grid Extension) ချေးငွေ ယူရို ၂၃ ဒသမ ၈၈၃ သန်းရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့၌ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ထောက်ခံဆွေးနွေးခဲ့ကြပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကလည်း ပြန်လည်ရှင်းလင်းတင်ပြပြီးဖြစ်ပါသဖြင့် အဆိုပါ ချေးငွေရယူရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက က စက်ခလုတ်အသုံးပြု၍ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

**"နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဖောင်းပြင်-ပင်လည်ဘူးကားလမ်း ၂၉ မိုင်(လမ်းသစ်) အထူးပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၅၅၇၅ သန်း ခွဲဝေသုံးစွဲမည့်ကိစ္စရပ်"**နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက က စက်ခလုတ်အသုံးပြု၍ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

**"နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ် ၃၀ ဘီလီယံ ခွဲဝေသုံးစွဲမည့် ကိစ္စရပ်"**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းပြောကြားကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယကက စက်ခလုတ်အသုံးပြု၍ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

**နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကမ္ဘာ့ဘဏ်၏ ချေးငွေအစီအစဉ်အောက်မှ Development Policy Operation (DPO)ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရယူထားသော ချေးငွေများကိုဖော်ပြပြီး ထုတ်လုပ်မှုကို အားမပေးသော ချေးငွေများဖြစ်နေကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဘတ်ဂျက်သည် စုစုပေါင်းအသုံးစရိတ်၏ ၂၀ ရာခိုင်နှုန်းရှိကြောင်း၊ ဖွံ့ဖြိုးမှုမူဝါဒချေးငွေ Development Policy Operation (DPO) နှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့စဉ်က ချေးငွေရယူသည့် ရည်ရွယ်ချက်၊ ချေးငွေ၏ သဘောသဘာဝ၊ ချေးငွေ၏အကျိုးကျေးဇူးများ စသည်တို့ကို ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ဤချေးငွေသည် Project ချေးငွေမဟုတ်သည့်အပြင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သုံးစွဲရန်ရယူခြင်းလည်းမဟုတ်ကြောင်း၊ နိုင်ငံတော်ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ခံရယူခြင်းဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ သုံးစွဲလိုသော အသုံးစရိတ်များကိုခွဲဝေသုံးစွဲခြင်း၊ သုံးစွဲရန်မရှိပါက ဘတ်ဂျက်လိုငွေကို လျှော့နည်းစေခြင်းတို့ကို လွတ်လပ်စွာဆောင်ရွက်နိုင်သည့် ချေးငွေဖြစ်ပါကြောင်း။

DPO ချေးငွေသည် ကမ္ဘာတစ်ဝန်းလုံးတွင် ရှိသော်လည်း နိုင်ငံတိုင်းကိုပေးခြင်းမဟုတ်ကြောင်း၊ စံနှုန်းသတ်မှတ်ချက်နှင့် ကိုက်ညီသောနိုင်ငံကိုသာ ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများတွင် ဗီယက်နမ်သည် DPO ချေးငွေ ၁၄ ခု အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ၊ အင်ဒိုနီးရှားသည် DPO ချေးငွေ အမေရိကန်ဒေါ်လာ ၂ ဘီလီယံရရှိကြသည်ဟု သိရှိရပါကြောင်း၊ အလားတူ လာအို၊ ဖိလစ်ပိုင်နိုင်ငံများလည်းရရှိသည်ဟု သိရှိရပါကြောင်း။

ကမ္ဘာ့ဘဏ်၏ လုပ်ထုံးလုပ်နည်းအရ ချေးငွေကို ၂၀၁၇ ခုနှစ် ဇွန်လတွင် ကျင်းပမည့် ဘုတ်အဖွဲ့သို့တင်ပြရန် လိုအပ်ပါကြောင်း၊ ယင်းသို့တင်ပြနိုင်ရန် ချေးငွေအမှုတွဲတစ်ရပ်လုံးကို တစ်လကြိုတင်၍ မေလတွင် ကမ္ဘာ့ဘဏ်သို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ မေလတွင် ပေးပို့နိုင်ရန် ဧပြီလတွင် နှစ်ဦးနှစ်ဖက် ချေးငွေစာချုပ်ကို ညှိနှိုင်းရမည်ဖြစ်ကြောင်း၊ ဧပြီလတွင် လွှတ်တော်၏ အတည်ပြုချက်ရရှိပြီးမှသာ ညှိနှိုင်းနိုင်မည်ဖြစ်ပြီး လွှတ်တော်က အတည်မပြုနိုင်ပါက ကမ္ဘာ့ဘဏ်ဘုတ်အဖွဲ့သို့ အချိန်မီတင်ပြနိုင်မှုရှိမည် မဟုတ်သဖြင့် ချေးငွေသည် ပျက်ပြယ်မည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်နာယက က စက်ခလုတ်အသုံးပြု၍ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

၂၀၁၇ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာများ၊ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းရာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြင်ဆင်အဆိုပြုချက်များအတိုင်း သဘောတူသဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ဥပဒေကြမ်းတစ်ရပ်လုံးအား လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။ **မော်စီ၊ အေးသက်ဇင်(သတင်းစဉ်)**

# (၇၂) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်(မြဝတီ) ဘဏ်ခွဲ ဖွင့်လှစ်

**နေပြည်တော် မတ် ၁၇**

(၇၂) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်(မြဝတီ)ဘဏ်ခွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၁) ရပ်ကွက်ရှိ အဆိုပါဘဏ်ခွဲရှေ့၌ ကျင်းပသည်။ အခမ်းအနားသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးနှင့် ဘဏ်ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အင်းဝဘဏ်လီမိတက်(မြဝတီ)ဘဏ်ခွဲအား ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထူးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ဘဏ်ခွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ ဘဏ်ခွဲဆိုင်းဘုတ်နှင့် ကောင်တာတို့အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုသည်။

အင်းဝဘဏ်လီမိတက်နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော မြန်မာမိုဘိုင်းလ်ငွေကြေး ဝန်ဆောင်မှုလုပ်ငန်း (Myanmar Mobile Money Services) သည် မိုဘိုင်းလ်ဖုန်းနှင့် ဆောင်ရွက်နိုင်သော ဝန်ဆောင်မှုများကို ထိရောက်ကောင်းမွန်စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာများကို မိုဘိုင်းလ်ဖုန်းများမှတစ်ဆင့် ထုတ်ယူရရှိရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## မြစိမ်းရောင်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကျိုက်လတ် မတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၁၉ ရွာ၊ ၁၇ ယူနစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၁၅ ရက်တွင် မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းနှင့် အဖွဲ့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အဆိုပါ စီမံကိန်းဝင်ကျေးရွာများဖြစ်သည့် ပေချောင်ကျေးရွာအုပ်စု စာဖြူစုကျေးရွာရှိ မြစိမ်းရောင်အသင်းသား ၈၄ ဦးတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ် စသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၀၈၆)**

# ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေး-၂

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်(သစ်တောတက္ကသိုလ်)

ကမ္ဘာကြီးပူနွေးလာမှုသည် လူသားများ ရင်ဆိုင်ခဲ့ရသော ခြိမ်းခြောက်မှုများအနက် အကြီးမားဆုံးခြိမ်းခြောက်မှုဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်ဖြစ်သည့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများအား ဟန့်တားတိုက်ဖျက်ရေးသည် ကျွန်ုပ်တို့အားလုံး၏ အဓိကတာဝန်ကြီးတစ်ရပ်ဖြစ်နေသည်။

ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအသီးသီးက ကမ္ဘာ့အပူချိန်ကို စက်မှုခေတ်မတိုင်မီကာလကရှိခဲ့သော ကမ္ဘာ့အပူချိန်ထက် ၂ ဒီဂရီဆဲလ်စီးယပ်ပိုမတက်စေရေးအတွက် (ဖြစ်နိုင်ပါက ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်ထက်ပိုမတက်စေရန်) နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

ဤသို့ကြိုးပမ်းဆောင်ရွက်သော နည်းလမ်းများတွင် ကျွန်ုပ်တို့ နေ့စဉ်စားသုံးလျက်ရှိသည့် အစားအစာများအနက် ကာဗွန်ခြေရာများသော အစားအစာများကို လျှော့စားကြရန် လှုံ့ဆော်တိုက်တွန်းသည့် နည်းလမ်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် Climate-Friendly Food များကိုစားသုံးကြရန် လှုံ့ဆော်ခြင်းဖြစ်သည်။ အဆိုပါ နည်းလမ်းသည် အမေရိကန်ပြည်ထောင်စုနှင့်ဥရောပနိုင်ငံများတွင် ရေပန်းစားလျက်ရှိသည်။

**အစားအစာများ၏ ကာဗွန်ခြေရာ**

အစားအစာများ၏ ကာဗွန်ခြေရာ (Food's Carbon Footprint or Foodprint)ဆိုသည်မှာ-အစားအစာတစ်မျိုးမျိုးကို စိုက်ပျိုး/မွေးမြူသည်မှ အစပြု၍ လူတို့စားသုံးပြီးနောက် ပိုလျှံသည်များကို စွန့်ပစ်သည်အထိရှိသော လုပ်ငန်းစဉ် (process)တိုင်း၌ ထုတ်လွှတ်ခဲ့သော မှန်လုံအိမ်ဓာတ်ငွေ့များ၏ ပမာဏပေါင်းကို ကာဗွန်ဒိုင်အောက်ဆိုက်နှင့်ညီမျှသည့် ပမာဏ Carbondioxide equivalent -$Co_2e$ဖြင့် ဖော်ပြထားခြင်းဖြစ်သည်။

အစားအစာတစ်မျိုးအနေဖြင့် ကျွန်ုပ်တို့စားသုံးနိုင်သည့်အဆင့်သို့ ရောက်ရှိသည်အထိ ဖြတ်ကျော်ခဲ့ရသော လုပ်ငန်းစဉ်များတွင် စိုက်ပျိုးခြင်းသို့မဟုတ် မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ချက်ပြုတ်ခြင်း၊ စားသုံးခြင်းနှင့် စွန့်ပစ်ခြင်းများပါဝင်သည်။ စာရှုသူများမြင်သာစေရန် အမဲသား တစ်ကီလိုဂရမ်၏ ကာဗွန်ခြေရာအား ခန့်မှန်းတွက်ချက်ပုံကို ဖော်ပြပါမည်။ နွားမွေးမြူရာတွင် နွားစာနှင့် ရေအများအပြားကုန်သည်။ နွားတစ်ကောင်ကို နေ့စဉ်အစာ ၂၀ ကီလိုဂရမ်(kg)ခန့် ကျွေးရကြောင်း မှတ်သားထားဖူးသည်။ စာရေးသူတို့နိုင်ငံမှ CP အသားတိုးကြက်တစ်ကောင်ကို ၄၅ ရက်အတွင်း အစာ ၄ ဒသမ ၅ ကီလိုဂရမ်သာ ကျွေးရပြီး ဥစားကြက်တစ်ကောင်ကို ၇၆ ပတ်အတွင်း အစာ ၅၅ ကီလိုဂရမ်သာ ကျွေးရကြောင်း လေ့လာသိရှိရပါသည်။ ပြောင်း၊ ဂျုံ ပဲ၊ နှမ်း၊ မြက်၊ ကောက်ရိုးစသည့် နွားစာများရရှိရန် ထွန်ယက်စိုက်ပျိုးရာတွင် စွမ်းအင်ကုန်ကျမှုရှိသကဲ့သို့ ရေရရှိရန်လည်း စွမ်းအင်ကုန်ကျမှုရှိသည်။ စိုက်ပျိုးရာတွင် သုံးစွဲသည့် မြေဩဇာနှင့်ပိုးသတ်ဆေးများမှ နိုက်ထရပ်စ်အောက်ဆိုက်ဓာတ်ငွေ့ ($N_2O$) နှင့်အခြားမှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုရှိသည်။ နွား၏မစင်နှင့် ကျင်ငယ်များစွန့်ပစ်ထားသည့် မြေကြီးမှလည်း ($N_2O$)ထွက်ရှိသည်။ ထို့နောက် အမဲသားထုတ်လုပ်ရာတွင် ကုန်ကျသည့်စွမ်းအင်ထုတ်လုပ်ပြီး အမဲသားများကို လက်လီလက်ကား ရောင်းချမည့်နေရာများသို့ ပို့ဆောင်ရာတွင် ကုန်ကျသည့်စွမ်းအင်၊ စားသုံးသူများက လက်လီဆိုင်သို့ သွားရောက်ဝယ်ယူခြင်းအတွက် ကုန်ကျသည့် စွမ်းအင်နှင့် အမဲသားကိုချက်ပြုတ်ရာတွင် ကုန်ကျသည့် စွမ်းအင်များရှိသည်။ စွမ်းအင်သုံးစွဲမှုရှိတိုင်း မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အနည်းနှင့် အများရှိသည်။ နောက်ဆုံးအနေဖြင့် စားသုံးပြီးပိုလျှံသည့် စားကြွင်းစားကျန်များ စွန့်ပစ်ထားသောအမှိုက်ပုံမှ မီသိန်းဓာတ်ငွေ့($CH_4$) ထွက်ရှိသည်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီအခြေစိုက် Environmental Working Group(EWG)က သုတေသနပြုထားသော စားသုံးမှုများသည့် အစားအစာ ၁၇ မျိုး၏ ကာဗွန်ခြေရာအသီးသီးကို ဇယားဖြင့် ဖော်ပြလိုက်ပါသည်။ ဇယားတွင် ဖော်ပြထားသော အစားအစာများအနက် သိုးသားနှင့် အမဲသား၏ ကာဗွန်ခြေရာသည် အခြားအသားများ၏ ကာဗွန်ခြေရာထက် သိသာစွာ များနေသည်ကို တွေ့မြင်နိုင်ပါသည်။ အဓိကအကြောင်းမှာ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ စသည့် စားမြုံ့ပြန်သည့် မွေးမြူရေးတိရစ္ဆာန်များ၏ အစာချေဖျက်ခြင်းမှ မီသိန်းဓာတ်ငွေ့အများအပြား ထုတ်လွှတ်ခြင်းကြောင့်ဖြစ်သည်။ နို့ထွက်ပစ္စည်းဖြစ်သည့် ဒိန်ခဲ၏ ကာဗွန်ခြေရာများနေရခြင်းသည်လည်း နွားမှထွက်သော ပစ္စည်းဖြစ်ခြင်းကြောင့်ဖြစ်သည်။ (အစားအစာများ၏ ကာဗွန်ခြေရာသည် နိုင်ငံကိုလိုက်၍ ကွာခြားမှုရှိနိုင်သည်။ ဥပမာ-စားကျက်များမှ မွေးမြူသည့်နွားများမှ ရရှိသည့် အမဲသား၏ကာဗွန်ခြေရာနှင့် ခြံများ၌ မွေးမြူသည့် နွားများမှရရှိသော အမဲသား၏ ကာဗွန်ခြေရာသည် ကွာခြားမည်ဖြစ်သည်။)

ဇယားအရ-အမဲသား တစ်ကီလိုဂရမ်၏ ကာဗွန်ခြေရာသည် ၂၇ ကီလိုဂရမ် $CO_2e$ ရှိပြီး ကြက်သားတစ်ကီလိုဂရမ်၏ ကာဗွန်ခြေရာသည် ၆ ဒသမ ၉ ကီလိုဂရမ် $CO_2e$ သာရှိသည်။ ($KgCO_2e$-ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ညီမျှသော ကီလိုဂရမ်)ထို့ကြောင့် အမဲသားဘာဂါကိုစားမည့်အစား ကြက်သားဘာဂါတစ်ခုကို စားပါက မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လေးပုံသုံးပုံခန့် လျော့နည်းမည်ဖြစ်သည်။ ထိုနည်းတူပင် ဟင်းသီးဟင်းရွက်ဘာဂါတစ်ခုကို စားခြင်းသည် အမဲသားဘာဂါကို စားခြင်းထက် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ဆယ်သုံးပုံ ဆယ့်နှစ်ပုံ (၁၂/၁၃)ထိအောင် သက်သာနိုင်သည်။

**အစားအစာ ၁၆ မျိုး၏ ကာဗွန်ခြေရာများနှင့် Car-Mile**

| အဆင့် | အစားအစာ | ကာဗွန်ခြေရာ ($KgCO_2e$) | မော်တော်ကားတစ်စီး မောင်းနှင်သည့် ခရီးအကွာအဝေး(mile) |
|---|---|---|---|
| ၁ | သိုးသား | ၃၉. ၂ | ၉၁ |
| ၂ | အမဲသား | ၂၇. ၀ | ၆၃ |
| ၃ | ဒိန်ခဲ | ၁၃. ၅ | ၃၁ |
| ၄ | ဝက်သား | ၁၂. ၁ | ၂၈ |
| ၅ | ကြက်ဆင်သား | ၁၀. ၉ | ၂၅ |
| ၆ | ကြက်သား | ၆. ၉ | ၁၆ |
| ၇ | ကျူးနားငါး | ၆. ၁ | ၁၄ |
| ၈ | ကြက်ဥ | ၄. ၈ | ၁၁ |
| ၉ | အာလူး | ၂. ၉ | ၇ |
| ၁၀ | ဆန် | ၂. ၇ | ၆ |
| ၁၁ | ပဲ၊ နှမ်း စသည်များ | ၂. ၃ | ၅ |
| ၁၂ | ပဲသီးမျိုးစုံ/ပဲပြား | ၂. ၀ | ၄. ၅ |
| ၁၃ | ဟင်းသီးဟင်းရွက်များ | ၂. ၀ | ၄. ၅ |
| ၁၄ | နွားနို့ | ၁. ၉ | ၄ |
| ၁၅ | သစ်သီးများ | ၁. ၁ | ၂. ၅ |
| ၁၆ | ပဲနီလေး(Lentils) | ၀. ၉ | ၂ |

ရင်းမြစ် -*The Environmental Working Group's Meat Eater's Guide and The EPA's Guide to Passenger Vehicle Emissions*

ပဲသီးမျိုးစုံနှင့် ဟင်းသီးဟင်းရွက်များ၏ ကာဗွန်ခြေရာသည် ၂ Kg $Co_2e$ ရှိပြီး ပဲနီလေး၏ကာဗွန်ခြေရာသည် သုည ဒသမ ၉ $KgCo_2e$ သာရှိသဖြင့် သက်သတ်လွတ်စားသူများသည် ကမ္ဘာ့အပူချိန်မြင့်တက်မှုဟန့်တားရေးတွင် ရှေ့တန်းမှပါဝင်သူများဟု သတ်မှတ်နိုင်ပါသည်။

အမေရိကမှ အသားကြိုက်သူ(Meat Lover) တစ်ဦး၏ ကာဗွန်ခြေရာသည် တစ်နှစ်လျှင် ၃ ဒသမ ၃ $tCO_2e$ (t-မက်ထရစ်တန်)ရှိပြီး သားငါး ဟင်းသီးဟင်းရွက်များကို မျှတစွာ ပုံမှန်စားသူ (Average)တစ်ဦး၏ ကာဗွန်ခြေရာသည် ၂ ဒသမ ၅ $tCO_2e$၊ အမဲသားရှောင်သူတစ်ဦး ၁ ဒသမ ၉ $tCO_2e$၊ သက်သတ်လွတ်စားသူတစ်ဦး- ၁. ၇ $tCO_2e$ နှင့် သက်သတ်လွတ်စားသုံးရုံသာမက ပိုး၊ သားရေ စသည့် တိရစ္ဆာန်များမှထွက်ရှိသည့် အသုံးအဆောင်များကိုပါ လုံးဝမသုံးစွဲသူတစ်ဦး (Vegan)၏ ကာဗွန်ခြေရာသည် ၁ ဒသမ ၅ $tCO_2e$ သာရှိကြောင်း မှတ်သားရသည်။

၎င်းပြင် ဇယားတွင် အစားအစာများထုတ်လုပ်၊ သယ်ဆောင်၊ ဝယ်ယူစားသုံးခြင်းများမှ ထုတ်လွှတ်လိုက်သော မှန်လုံအိမ်ဓာတ်ငွေ့များ၏ သက်ရောက်မှုကို လူအများ ပိုမိုမြင်သာစေရန် အစားအစာတစ်ခုချင်း၏ ကာဗွန်ခြေရာပမာဏကို မော်တော်ကားတစ်စီးမောင်းနှင်သည့် ခရီးအကွာအဝေးမိုင်(Car-Mile)နှင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။ ဇယားအရ အမဲသားတစ်ကီလိုဂရမ်၏ ကာဗွန်ခြေရာသည် သာမန်မော်တော်ကား (Average Car)တစ်စီး ၆၃ မိုင် ခရီးကို မောင်းနှင်ရာမှထွက်ရှိသော မှန်လုံအိမ်ဓာတ်ငွေ့ပမာဏနှင့် တူညီပြီး ဟင်းသီးဟင်းရွက် တစ်ကီလိုဂရမ်၏ ကာဗွန်ခြေရာသည် သာမန်မော်တော်ကား တစ်စီး ၄ ဒသမ ၅ မိုင်ခရီးကို မောင်းနှင်ရာမှ ထွက်ရှိသည့် မှန်လုံအိမ်ဓာတ်ငွေ့ ပမာဏနှင့်ညီမျှကြောင်း တွေ့ရှိနိုင်ပါသည်။ အစားအစာတစ်ခု၏ ကာဗွန်ခြေရာပမာဏကို ဖော်ပြလျှင် မမြင်သာဘဲ မော်တော်ကားမှ ထုတ်လွှတ်သည့် မှန်လုံအိမ်ဓာတ်ငွေ့ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြလျှင် ပို၍မြင်သာနိုင်ပါသည်။ သုတေသနပြုမှုများအရ သာမန်မော်တော်ကားတစ်စီးသည် ခရီးတစ်မိုင်လျှင် မှန်လုံအိမ်ဓာတ်ငွေ့ပျမ်းမျှ သုည ဒသမ ၄၁ $KgCO_2e$ ထုတ်လွှတ်ကြောင်း မှတ်သားဖူးသည်။

**ကာဗွန်ခြေရာများသည့် အစားအစာများကို လျှော့စားကြစေရန် လှုံ့ဆော်ခြင်း**

အစားအစာအမျိုးမျိုး၏ ကာဗွန်ခြေရာများကို ခန့်မှန်းတွက်ချက်ပြီးနောက် ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုဟန့်တားတိုက်ဖျက်ရေးတွင် အစားအစာများ၏ အကျိုးသက်ရောက်ပုံ၊ အရေးပါပုံများကို လူအများသိရှိစေရန် ပညာပေးဖြန့်ဝေမှုများကို ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် ပိုမိုထိရောက်စေရန်အတွက် စားသောက်ဆိုင်များမှ စားသောက်ဖွယ်ရာစာရင်း (Menu) တွင် အစားအစာတစ်မျိုးစီ၏ ကာဗွန်ခြေရာပမာဏများကို ဖော်ပြပေးခဲ့ကြသည်။ ဆွီဒင်နိုင်ငံ၌ စားသောက်ဆိုင်မှ Menu များတွင် ဤသို့ ဖော်ပြပေးပြီးနောက် Climate-friendly Foods (ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်သည့်အစားအစာများ-တစ်နည်းအားဖြင့် ရာသီဥတုပြောင်းလဲမှုဟန့်တားတိုက်ဖျက်ရေးကို အထောက်အကူပြုသည့် အစားအစာများ)၏ ရောင်းအားသည် ၂၀ ရာခိုင်နှုန်းခန့် မြင့်တက်သွားကြောင်း၊ လူအချို့သည် စားသောက်ဆိုင်များ၌ အမဲသား၊ သိုးသားကဲ့သို့ ကာဗွန်ခြေရာများသည့် အစားအစာများမှာယူစားသောက်ရမည်ကို အပြစ်ရှိသကဲ့သို့ ခံစားလာကြရကြောင်း စိတ်ဝင်စားဖွယ်သိရှိရသည်။

ထို့ပြင် သွေးထဲတွင် ကိုလက်စထရောပါဝင်မှုမများစေရန် အမဲသား၊ သိုးသား၊ ဆိတ်သားကဲ့သို့သော အနီရောင်ရှိသော အသားများ (Red Meat) ကို လျှော့စားသင့်ပြီး (အထူးသဖြင့် အသက်ကြီးသူများ) ကာဗွန်ခြေရာနည်းသော အသားများနှင့် ဟင်းသီးဟင်းရွက်များကိုစားခြင်းဖြင့် ကိုလက်စထရောများပြားလာနိုင်မှုကို ကာကွယ်နိုင်ရုံသာမက ငွေကုန်ကြေးကျသက်သာပြီး ကျန်းမာရေးပို၍ ကောင်းမွန်လာမည်ဖြစ်ကြောင်းကိုလည်း လှုံ့ဆော်စည်းရုံးရေးတွင် ထည့်သွင်းထားကြောင်း မှတ်သားဖွယ်သိရှိရသည်။

**အကျိုးသက်ရောက်မှု**

ကာဗွန်ခြေရာများသည့် အမဲသား၊ သိုးသားကဲ့သို့သော အသားများနှင့် နို့ထွက်ပစ္စည်းများကို လျှော့၍စားခြင်းဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏကို သိသာစွာလျော့နည်းစေနိုင်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အမေရိကမှ အသားကြိုက်သူတစ်ဦး၏ ကာဗွန်ခြေရာသည် တစ်နှစ်လျှင် ၃ ဒသမ ၃ $tCO_2e$ ရှိပြီး ပုံမှန်စားသုံးသူတစ်ဦး၏ ကာဗွန်ခြေရာသည် ၂ ဒသမ ၅ $tCO_2e$ ရှိသဖြင့် အမေရိကမှ အသားကြိုက်သူပေါင်းသန်း ၁၀၀ ကသာ "ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေး" တွင် ပါဝင်ဆင်နွှဲလိုသည့်ဆန္ဒဖြင့် ပုံမှန်စားသုံးသူများဖြစ်လာမည်ဆိုပါက တစ်နှစ်လျှင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု မက်ထရစ်တန်သန်း ၈၀ ခန့် လျော့နည်းသွားနိုင်သည်။ အခြားနိုင်ငံများမှ လူပေါင်းသန်း ၁၀၀၀ ကပါ ဤအတိုင်းလိုက်လုပ်ကြမည်ဆိုပါက တစ်နှစ်လျှင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု မက်ထရစ်တန်သန်း ၈၀၀ ခန့်လျော့နည်းနိုင်မည်ဖြစ်ပါသည်။

၎င်းပြင် အသားစားမှုလျော့နည်းလာသည်နှင့်အမျှ မွေးမြူရေးတိရစ္ဆာန်မွေးမြူခြင်း လျော့နည်းလာမည်ဖြစ်သဖြင့် မွေးမြူရေးခြံကြီးများအတွက် မြေလိုအပ်ချက်လျော့နည်းလာမည်ဖြစ်သည်။ ထို့ကြောင့် သစ်တောများကို ခုတ်ထွင်ရှင်းလင်းရခြင်း သက်သာမည်ဖြစ်သည်။ အမေဇုန်သစ်တောကြီးပြုန်းခြင်း၏ ၇၀ ရာခိုင်နှုန်းခန့်သည် မွေးမြူရေးခြံကြီးများ ပြုလုပ်ခြင်းကြောင်းဖြစ်ကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုသော် ကျွန်ုပ်တို့လူသားများ၏ လုပ်ဆောင်ချက်များကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းခံများတွင် စွမ်းအင်ထုတ်လုပ်မှုပြီးလျှင် အစားအစာထုတ်လုပ်မှုသည် ဒုတိယအရေးပါဆုံး ဖြစ်သည်။ ကမ္ဘာပေါ်ရှိ လူပေါင်း ၇ ဒသမ ၄၃၂ ဘီလီယံခန့်သည် နေ့စဉ်အစားအစာများကို စားသုံးနေကြရခြင်းကြောင့် ကာဗွန်ခြေရာနည်းသည့် အစားအစာများကို ပြောင်းလဲစားသုံးကြရန် စည်းရုံးလှုံ့ဆော်သည့်နည်းလမ်းသည် "ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုဟန့်တားတိုက်ဖျက်ရေး" အတွက် အလွန်ထိရောက်သော နည်းလမ်းတစ်သွယ်ဖြစ်ပါသည်။ ။

ကာဗွန်ခြေရာများသည့် အမဲသား၊ သိုးသားကဲ့သို့သော အသားများနှင့် နို့ထွက်ပစ္စည်းများကို လျှော့၍စားခြင်းဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏကို သိသာစွာလျှော့နည်းစေနိုင်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အမေရိကမှ အသားကြိုက်သူတစ်ဦး၏ ကာဗွန်ခြေရာသည် တစ်နှစ်လျှင် ၃ ဒသမ ၃ $tCO_2e$ ရှိပြီး ပုံမှန်စားသုံးသူတစ်ဦး၏ ကာဗွန်ခြေရာသည် ၂ ဒသမ ၅ $tCO_2e$ ရှိသဖြင့် အမေရိကမှ အသားကြိုက်သူပေါင်းသန်း ၁၀၀ ကသာ "ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေး"တွင် ပါဝင်ဆင်နွှဲလိုသည့်ဆန္ဒဖြင့် ပုံမှန်စားသုံးသူများဖြစ်လာမည်ဆိုပါက တစ်နှစ်လျှင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု မက်ထရစ်တန်သန်း ၈၀ ခန့် လျော့နည်းသွားနိုင်သည်။ အခြားနိုင်ငံများမှ လူပေါင်းသန်း ၁၀၀၀ ကပါ ဤအတိုင်းလိုက်လုပ်ကြမည်ဆိုပါက တစ်နှစ်လျှင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု မက်ထရစ် တန်သန်း ၈၀၀ ခန့် လျော့နည်းနိုင်မည်ဖြစ်ပါသည်။

ပြည်တွင်းရေးရာ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဝန်ထမ်းများအား တွေ့ဆုံ၊ ငြိမ်းချမ်းရေးတေးသီချင်းဆိုပြိုင်ပွဲနှင့် မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေးညှိနှိုင်းအစည်းအဝေးများသို့ တက်ရောက်

**ရန်ကုန် မတ် ၁၇**

ပြောင်းလဲမှုကိုမျက်ခြည်မပြတ်အောင် အကဲဖြတ်ပြီး ခေတ်နှင့်လျော်ညီစွာ လိုက်ပါပြောင်းလဲရန် လိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်နေကြသော ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အစိုးရအဖွဲ့သည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူ အကောင်အထည်ဖော်ရာတွင် မူဝါဒအချို့ကို ထိုက်သင့်အားလျော်စွာ ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြောင်းလဲမှုယန္တရား၌ လျော်ညီစွာလိုက်ပါကျင့်သုံးရန် လိုအပ်ကြောင်း၊ ခေတ်စနစ်၊ နိုင်ငံရေးစနစ် ပြောင်းလဲမှုများသာမက နည်းပညာပြောင်းလဲမှုများတွင်လည်း လျော်ညီစွာ လိုက်ပါပြောင်းလဲစေလိုကြောင်း၊ ပြောင်းလဲမှုနှင့် လျော်ညီအောင် ဆောင်ရွက်တတ်သည့် အရည်အချင်းရှိသူများသာ အောင်မြင်မည်ဖြစ်၍ မိမိကိုယ်တိုင် တိုးတက်အောင် ဆောင်ရွက်သင့်ကြောင်း၊ မိမိတို့ကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နိုင်သကဲ့သို့ လုပ်ငန်းခွင် ဖွံ့ဖြိုးတိုးတက်ရေး၊ ထိုမှတစ်ဆင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ငြိမ်းချမ်းရေးတေးသီချင်းဆိုပြိုင်ပွဲ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ငြိမ်းချမ်းရေး တေးသံများ တိုင်းပြည်၌ ပြန့်ပွားနေလျှင် လူများ၏စိတ်ဓာတ်၊ နှလုံးသားများ၌ ငြိမ်းချမ်းရေးစိတ်ဓာတ်များ ကိန်းအောင်းလာမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတေးသီချင်းဆိုပြိုင်ပွဲကို စိတ်ဝင်စားစွာ၊ စိတ်အားထက်သန်စွာနှင့် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် ပညာရှင်များအားလုံးကိုကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာ Pro တေးသီချင်းမူပိုင်ရှင်အသင်းဥက္ကဋ္ဌ သုခမိန်လှိုင်၊ တေးသံရှင် နွဲ့ယဉ်ဝင်း၊ တေးရေး မြင့်မိုးအောင်၊ မင်းချစ်သူ၊ အောင်နိုင်စန်း၊ မေသော်၊ နောင်နောင် (ဆန်းဖလားဝါး)နှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ငြိမ်းချမ်းရေးတေးသီချင်းဆိုပြိုင်ပွဲ၏ ခေါင်းစဉ်မှာ "ငြိမ်းချမ်းရေးသံစဉ်" ဖြစ်ကာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အနုပညာဆုကြေးငွေများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ် ပွဲတော်ကျင်းပရေး ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို အဆိုပါခန်းမ၌ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ (၂၀၁၇) ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၁၇**

လူမှုဘဝနေထိုင်မှုများ ပြောင်းလဲလာသည့် ယနေ့အချိန်ကာလတွင် တိုးတက်လာသော လူဦးရေနှင့်အတူ အိမ်ရာအဆောက်အအုံ လိုအပ်မှုများပြားလာသည့်အတွက် ကောင်းမွန်စွာ ရွေးချယ်ပိုင်ခွင့်ရရှိစေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုသင်တန်းကျောင်း Trade Training Institute (TTI)၊ ကုလသမဂ္ဂ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးမှုအစီအစဉ် (UN Habitat) တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ဒုတိယအကြိမ် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ (၂၀၁၇) "The 2nd Housing and Building (2017)" ဖွင့်ပွဲအခမ်းအနားကို မတ် ၁၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်၊ TTI မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေ၊ ဦးခင်မောင်ညို (ဘောဂဗေဒ)၊ MKTဆောက်လုပ်ရေးကုမ္ပဏီမှ Chairman & CEO ဦးမျိုးမြင့်၊ အောင်မြင်ပြည့်စုံဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသူရအောင်နှင့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ကွန်ကရစ်လုပ်ငန်းများ၊ အိမ်အမိုးပြားများ၊ အိမ်သုတ်ဆေးများ၊ ကြမ်းခင်းများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ ကြွေပြား ကျောက်ပြားများ၊ အိမ်တွင်းခေတ်မီပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တံခါးများ၊ မျက်နှာကြက်များ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ ဘဏ်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာအာမခံလုပ်ငန်းများအပြင် အိမ်ရာအဆောက်အအုံနှင့် အဆင့်မြင့်အသုံးအဆောင်ပစ္စည်းများကို မတ် ၁၇ ရက်မှ ၁၉ ရက်ထိ (နံနက် ၉နာရီမှ ညနေ ၆ နာရီအထိ) အများပြည်သူတို့ သုံးစွဲရန် လက်လှမ်းမီသည့်အနေအထားဖြင့် ခင်းကျင်းပြသထားသည်။

'အိမ်ရာအဆောက်အအုံနှင့် ပတ်သက်သည့် တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ စီမံကိန်းများ၊ တည်ဆောက်တော့မည့် စီမံကိန်းများ၊ တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမြှင့် အိမ်ရာစီမံကိန်းများနှင့် အိမ်ခြံမြေများကို ပြောင်းလဲလာသည့်နေထိုင်မှုဘဝများနှင့်အညီ အဆင့်အတန်းမြင့် အသုံးအဆောင်ပစ္စည်းများကို စုပေါင်းခင်းကျင်းပြသမည် ဖြစ်သည့်အတွက် အရည်အသွေးပိုင်းကိုမျက်မြင်ထိတွေ့သိရှိပြီး မှန်ကန်စွာရွေးချယ်နိုင် ကြမှာဖြစ်ကြောင်း' ပြပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ Asst. Marketing Manager ကိုမြင့်ဇော်က ရှင်းလင်းပြောကြားသည်။



မတ် ၁၇ တွင် လက်ရှိမြန်မာ့စီးပွားရေးအခြေအနေ (Current Economic Issues in Myanmar) ခေါင်းစဉ်ဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေ၊ ဦးခင်မောင်ညို (ဘောဂဗေဒ)နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင် (အထွေထွေအတွင်းရေးမှူး-မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်) တို့က လည်းကောင်း၊ မတ် ၁၉ ရက်တွင် Disaster Preparedness: 'A Safety Culture' "ဘေးကင်းလုံခြုံဖို့ နေ့စဉ်အလေ့အထက စပြင်ဆင်စို့" ခေါင်းစဉ်ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့် ပညာရေးဝန်ကြီးဌာန မုံရွာတက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခ ဦးမျိုးသန့် (ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မြေလျှင်ကော်မတီ) တို့က ပြပွဲလာရောက်လေ့လာသူများအား ဟောပြောဆွေးနွေးမည်ဖြစ်ပြီး အခြားစိတ်ဝင်စားဖွယ်ရာ အစီအစဉ်များအဖြစ် ပြပွဲကာလအတွင်း နေ့စဉ် အိမ်သုံး လျှပ်စစ်ပစ္စည်းများနှင့် မိုဘိုင်းဟန်းဆက်များကို ကံစမ်းမဲဖောက်ပေးမည်ဖြစ်သည်။

**(ကြေးမုံ)**

■

# MNDAA လက်နက်ကိုင်အဖွဲ့များ ယာယီခံစစ်ပြင်ဆင်အခြေပြုထားသော ပွိုင့် - ၁၀၈၈ တောင်ကုန်းအား တပ်မတော်က သိမ်းပိုက်ရရှိ

**နေပြည်တော် မတ် ၁၇**


ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်နယ်မြေအတွင်း MNDAA လက်နက်ကိုင်အဖွဲ့များက နှစ်နိုင်ငံနယ်စပ်နီးကပ်မှုကို အခွင့်ကောင်းယူ၍ အခြေပြုထားသော ပွိုင့်-၁၀၈၈ တောင်ကုန်းအား တပ်မတော်မှ ယနေ့ နံနက် ၁၀ နာရီခွဲတွင် သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။

လောက်ကိုင်နယ်မြေအတွင်း MNDAA လက်နက်ကိုင်အဖွဲ့များသည် နှစ်နိုင်ငံနယ်စပ်နီးကပ်မှုကို အခွင့်ကောင်းယူ၍ ရန်လုံကျိုင်း နယ်စပ်စစ်ဆေးရေးဂိတ်၊ ရဲစခန်းနှင့် လောက်ကိုင်-ရန်လုံကျိုင်း လမ်းကြောင်းကိုစိုးမိုးပြီး ယာယီခံစစ်စခန်း ပြင်ဆင်ခြေကုပ်ယူထားသော ပွိုင့်-၁၀၈၈ တောင်ကုန်းကို တပ်မတော်စစ်ကြောင်းများက မတ် ၈ ရက်မှစတင်တိုက်ခိုက်ရင်ဆိုင်ထိန်းချုပ်ပြီး ယနေ့ နံနက် ၆ နာရီခန့်မှစတင်၍ အမြောက်၊ လက်နက်ကြီး ပစ်ကူယူတိုက်ခိုက်ခဲ့ရာ နံနက် ၁၀ နာရီခွဲခန့်တွင် သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်သည်။

တပ်မတော်အနေဖြင့် ပွိုင့်-၁၀၈၈တောင်ကုန်းအား တိုက်ခိုက်သိမ်းပိုက်ခဲ့ရာတွင် တစ်ဖက်နိုင်ငံနှင့် မီတာ ၈၀၀ ခန့်အကွာ နှစ်နိုင်ငံနယ်စပ်နီးကပ်နေသဖြင့် အမြောက်၊ လက်နက်ကြီးများ၏ ပစ်ခတ်မှုများကို တစ်ဖက်နိုင်ငံသို့ ကျည်ကျော်ကျရောက်မှုမရှိစေရန် တိကျစွာတွက်ချက်ထိန်းချုပ်၍ စနစ်တကျပစ်ခတ်ထိန်းသိမ်းတိုက်ခိုက်ခဲ့ရသည့် တောင်ကုန်းတစ်ခု ဖြစ်သည်။ ဖြစ်စဉ်တွင် MNDAA လက်နက်ကိုင်အဖွဲ့ထံမှ အလောင်း ခြောက်လောင်း၊ လက်နက်မျိုးစုံ ၁၆ လက်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းအများအပြား သိမ်းဆည်းရမိခဲ့ပြီး မိမိအရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လောက်ကိုင်-ရန်လုံကျိုင်းလမ်းကြောင်းကို အဓိကစိုးမိုးနေသည့် ပွိုင့်-၁၂၆၉ တောင်ကုန်းကိုလည်း တပ်မတော်က မတ် ၁၅ ရက်တွင် သိမ်းပိုက်ရရှိခဲ့ပြီးဖြစ်သဖြင့် ယခုအခါ လောက်ကိုင်မြို့တွင်းနှင့် ရန်လုံကျိုင်းနယ်စပ်ဂိတ်ကားလမ်းတစ်လျှောက် စိုးမိုးတောင်ကုန်းများတွင် နေရာယူထားသည့် MNDAA လက်နက်ကိုင်အဖွဲ့များကို တပ်မတော်စစ်ကြောင်းများက ဖယ်ရှားပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် ဘီပီ ၁၂၅ နှင့် ဘီပီ ၁၂၆ အနီးတစ်ဝိုက် တောင်ကုန်းများတွင် ယာယီခြေကုပ်ယူ အခြေပြုထားသည့် MNDAA လက်နက်ကိုင်အဖွဲ့များကိုလည်း တပ်မတော်စစ်ကြောင်းများက ဆက်လက်ရှင်းလင်းတိုက်ခိုက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ မန်ကျီးကုန်းရွာ၊ ငွေးတောက်ရိုးရွာနှင့် ပိတောက်ကုန်းရွာများအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၏ ပထမအဆင့်တွင် ထည့်သွင်းလျာထား

**နေပြည်တော် မတ် ၁၇**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **ဒက္ခိဏသီရိမြို့နယ်ရှိ မန်ကျီးကုန်း၊ ပိတောက်ကုန်း၊ ငွေးတောက်ရိုး၊ ဆည်စု၊ သာယာစု၊ ရွှေခဲအင်း၊ ကျွဲတဲနှင့် ကျောက်ခဲအင်းကျေးရွာများ လျှပ်စစ်မီးလင်းရေး မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ မန်ကျီးကုန်း၊ ပိတောက်ကုန်း၊ ငွေးတောက်ရိုး၊ ဆည်စု၊ သာယာစု၊ ရွှေခဲအင်း၊ ကျွဲတဲနှင့် ကျောက်ခဲအင်းစသည့် ကျေးရွာရှစ်ရွာမှ မန်ကျီးကုန်းရွာ၊ ငွေးတောက်ရိုးရွာနှင့် ပိတောက်ကုန်းရွာများသည် ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ နှစ်မိုင်အတွင်းရှိ ကျေးရွာများဖြစ်သည့်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP)၏ ပထမအဆင့်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ကျန်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ၏ ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီသို့ ပေါင်းစပ်ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်



မောက်မယ်မဲဆန္ဒနယ်မှ ဦးဆိုင်းငေါ်င်းဆိုင်ဟိန်း



ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း

ဆက်လက်၍ ဒုတိယဝန်ကြီးက **မောက်မယ်မဲဆန္ဒနယ်မှ ဦးဆိုင်းငေါ်င်းဆိုင်ဟိန်း၏ မိုးနဲမြို့ဓာတ်အားခွဲရုံမှ သွယ်တန်းရယူထားသော (11 KVA) ဓာတ်အားလိုင်း နေ့စဉ်ရက်ဆက် ဓာတ်အားပြတ်တောက်မှုကို မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်နည်းနှင့် လင်းခေးမြို့နယ် နန့်တွန်း ဓာတ်အားခွဲရုံမှ သွယ်တန်းရယူမည့်(33 KVA) ဓာတ်အားလိုင်း ဆောင်ရွက်ပြီးစီးမှုကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိတည်ဆောက်ပေးထားသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းသည် (၂၅)မိုင် ကျော်ရှည်လျားပြီး သစ်ပင်လျှိုမြောင်ထူထပ်သည့် တောတောင်များကြားတွင် ခက်ခဲစွာ တည်ဆောက်ထားရပါကြောင်း၊ မိုးရာသီတွင် ဝါးပင်များနှင့် သစ်ပင်သစ်ကိုင်းများ လျင်မြန်စွာကြီးထွားလာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ မကြာခဏ ဖြစ်ပေါ်လာပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်းအနီးရှိ သစ်ပင်သစ်ကိုင်းနှင့် ဝါးပင်များကို ခုတ်ထွင်ရှင်းလင်းနိုင်မှသာ ဓာတ်အားပြတ်တောက်မှု လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ယခုဒေသခံများနှင့် ပူးပေါင်း၍ ခုတ်ထွင်ရှင်းလင်းထားသည့်အတွက် အခြေအနေကောင်းများကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ဗို့အားပြည့်ဝစွာ ပေးနိုင်ရန်ရည်ရွယ်၍ ၃၃ ကေဗွီ ဝမ်ဟတ်(နမ့်တွန်) - မောက်မယ်ဓာတ်အားလိုင်း (၁၉)မိုင်ကို တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ဓာတ်အားလိုင်း (၁၃)မိုင်တည်ဆောက်ရေးလုပ်ငန်းကို ဘတ်ဂျက်ခွင့်ပြုငွေ ရရှိဆောင်ရွက်လျက် ရှိပါကြောင်း၊ ဆက်လက်တည်ဆောက်ပေးရမည့် ဓာတ်အားလိုင်း (၆)မိုင်ကို ၂၀၁၇ ခုနှစ် မတ်လကုန်တွင် အပြီးတည်ဆောက်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်အားလိုင်းပြီးပါက မောက်မယ်မြို့ရှိ ဓာတ်အားခွဲရုံမှ ဗို့အားပြည့်ဝစွာ ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန **ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ အင်တောမြို့နယ်ခွဲ၊ ကျောက်ဂူကျေးရွာတွင် ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ မရှိ** မေးခွန်း၊ **ရှာငံ မဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၏ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဝါးပိုးရေ၊ ညောင်ခြေထောက်၊ သက်ကယ်လွင်၊ ယစကျီး၊ ဂနိုင်ယာ၊ လင်းလေအင်း၊ မဲနယ်တောင် ကျေးရွာများအား လျှပ်စစ်မီးရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းဖြေကြားသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက **ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ ခေါင်လန်ဖူးမြို့နယ်တွင် အရည်အချင်းရှိသည့် ပညာရေးဝန်ထမ်းများ တိုးမြှင့်ချထားပေးရန် အစီအစဉ် ရှိ မရှိ** **မေးခွန်း၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၏ ဆစ်(ခ်) လူမျိုးများအတွက် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် အောင်လက်မှတ်များတွင် ခေါင်းပေါင်းပါသည့် ဓာတ်ပုံများ ဆက်လက်ခွင့်ပြုရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း၏ **ရမည်းသင်းမြို့ နည်းပညာတက္ကသိုလ် သံကူကွန်ကရစ် ပင်မသုံးထပ်ဆောင်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်ကိုယ်စားလှယ်များအား နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။ **မင်းဝေမွှေး(သတင်းစဉ်)**

# ပြည်သူလူထု၏ မျှော်လင့်ချက်များ၊ ဆန္ဒများကို အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၁၇**
လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးပြီးဆုံး၍ မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးသို့ ပြန်လည်ရောက်ရှိသည့်အခါတွင် နယ်မြေဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ပြည်သူလူထု၏ မျှော်လင့်ချက်များ၊ ဆန္ဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် မဲဆန္ဒရှင် ပြည်သူများနှင့်တွေ့ဆုံပြီး ဆက်လက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြောကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၉) ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းတို့အပြင် နိုင်ငံတော်၏အမျိုးသားစီမံကိန်း၊ ဘတ်ဂျက်နှင့် အခွန်အကောက်ဆိုင်ရာများအား ဆွေးနွေးစိစစ်ခြင်း ကိစ္စရပ်များကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၊ တိုင်းရင်းသားရေးရာ ကော်မတီ၊ တောင်သူလယ်သမားရေးရာ ကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို လွှတ်တော်က အတည်ပြုရန် သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များက တင်သွင်းကြသည်။

လွှတ်တော်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်က အပြုသဘောဖြင့် အကြံပြုဆွေးနွေးသည်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေ

ဆက်လက်၍ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် ကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေကတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ အမျိုးသားလွှတ်တော်၌ ဖွဲ့စည်းထားသည့် အခြားသော ကော်မတီ ၁၂ ခု၏ သက်တမ်းမှာ တစ်နှစ်ပြည့်မြောက်ပြီဖြစ်၍ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၇ အရ နောက်ထပ် သက်တမ်းတစ်နှစ် တိုးမြှင့်သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

လွှတ်တော်၌ ဖွဲ့စည်းထားသော အခြားကော်မတီ ၁၂ ခုမှာ နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၊ တိုင်းရင်းသားရေးရာ ကော်မတီ၊ တောင်သူလယ်သမားရေးရာ ကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ဖြစ်သည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။ **သူရဇော်၊ မိမိဖြိုး၊ နန်းသဉ္ဇာထွေး (သတင်းစဉ်)**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် မတ် ၁၇**
၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၅ ဒသမ ၇၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄၇ ဒသမ ၅၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၅၃ ဒသမ ၂၉ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၂၆ ဒသမ ဝ၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၂ ဒသမ ၇၁ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၅၈ ဒသမ ၇၉ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ဇန်နဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၁၂ ဒသမ ဝ၈ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၈၀၅ ဒသမ ၅၀ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၇၆၅ ဒသမ ၅၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၈၈ ဒသမ ၈၉ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၅၅၄ ဒသမ ၄၅ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၀၂၉ ဒသမ ၆၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၃၆ ဒသမ ၃၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၃၆၅ ဒသမ ၉၇ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၂၂၉၂၀ ဒသမ ၄၂ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၈၁၁ ဒသမ ၅၂ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**(ကြေးမုံ)**

■



(၇၂)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် မြန်မာသံစဉ်ဂီတနှင့် သဘင်အနုပညာရှင်များ၏ ဖျော်ဖြေပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

**(၇၂)နှစ်မြောက်မှ**

ဖျော်ဖြေပွဲတွင် ဂန္ဓဝင်ဂီတပညာရှင်များနှင့် တေးသံရှင်များက မြန်မာသံစဉ် တေးသံသာများဖြင့်လည်းကောင်း၊ မန္တလေးသိန်းဇော်ဦးစီး ဇာတ်သဘင်ပညာရှင်များက မြန်မာ့ရိုးရာဆိုင်း အဆို၊ အတီးနှင့် ရုပ်သေးနှစ်ပါးသွားအကစသည့် အကပဒေသာများဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြသည်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် ဝါရင့်ဂန္ဓဝင်ဂီတအနုပညာရှင်ကြီးများနှင့် မန္တလေးသိန်းဇော် ဇာတ်သဘင်အဖွဲ့သားများအား ဒုတိယသမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ မြန်မာသံစဉ်ဂီတနှင့် သဘင်အနုပညာရှင်များသည် မတ် ၁၈ ရက်တွင် ဇေယျာသီရိပိမာန်၌ လည်းကောင်း၊ မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် နေပြည်တော်၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် တပ်မတော်စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များကိုလည်းကောင်း ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**✳ ရှေ့ဖုံးမှ**

## သူနာပြု/သားဖွားကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့်အဖွဲ့

| | | |
|---|---|---|
| ၁။ ဒေါက်တာဌေးအောင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ဖုန်း-၀၉-၄၄၂၀၀၁၇၁၇ | အဖွဲ့ခေါင်းဆောင် |
| ၂။ ဒေါက်တာသာထွန်းကျော် | တိုင်းဒေသကြီး<br>ကုသရေးဦးစီးဌာနမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>ကုသရေးဦးစီးဌာန<br>ဖုန်း-၀၉-၄၉၃၀၇၀၃၉ | ဒုတိယ<br>အဖွဲ့ခေါင်းဆောင် |
| ၃။ ဒေါ်ခင်မာကြည် | ညွှန်ကြားရေးမှူး(သူနာပြု)<br>ကုသရေးဦးစီးဌာန<br>ဖုန်း-၀၉-၅၀၅၉၂၃၁ | အဖွဲ့ဝင် |
| ၄။ ဒေါ်ဌေးဌေးလှိုင် | ညွှန်ကြားရေးမှူး(သူနာပြု)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ဖုန်း-၀၉-၄၃၀၃၈၀၄၅ | အဖွဲ့ဝင် |
| ၅။ ဒေါ်တင်တင်ငွေ | လက်ထောက်ညွှန်ကြားရေးမှူး<br>(သူနာပြု)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ဖုန်း-၀၉-၂၆၀၅၁၃၅၀၅ | အဖွဲ့ဝင် |
| ၆။ ဒေါ်ဖြူဖြူ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသူနာပြုနှင့်<br>သားဖွားကောင်စီ<br>ဖုန်း-၀၉-၄၅၀၀၄၁၉၉၇ | အဖွဲ့ဝင် |
| ၇။ ပါမောက္ခဒေါ်ရင်မြ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသူနာပြုနှင့်<br>သားဖွားအသင်း<br>ဖုန်း-၀၉-၄၂၁၀၃၉၄၅၇ | အဖွဲ့ဝင် |



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သူနာပြုတက္ကသိုလ်(ရန်ကုန်) ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ

**ရန်ကုန် မတ် ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ သင်တန်းနည်းပြများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးက ကျောင်းကျန်းမာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေး၊ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် သူနာပြု၊ သားဖွားကဏ္ဍ တိုးတက်ရေးလုပ်ငန်းများကို အဓိကလုပ်ငန်းကြီး (၃)ရပ်အနေဖြင့် အထူးအလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအတွင်းရှိ ဆေးရုံများတွင် အရည်အသွေးမီ ကုသစောင့်ရှောက်မှုနှင့် သူနာပြုစုမှုများ ရရှိစေရန်အတွက် လက်ရှိအချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် လိုအပ်သော သူနာပြုပမာဏ၏ ၅၄ ရာခိုင်နှုန်းသာ အလုပ်ဝင်ရောက်မှုရှိသဖြင့် လုပ်ငန်းခွင်သို့ ပိုမိုဝင်ရောက်ရန် လိုအပ်လျက်ရှိကြောင်း၊ လုပ်ငန်းခွင်ဝင်ရောက်ခြင်းအားဖြင့် သူနာပြုများ၏ အရည်အသွေးများလည်း ပိုမိုတိုးတက်လာမည်ဖြစ်သလို ပြည်သူများအနေဖြင့်လည်း သူနာပြုစုစောင့်ရှောက်မှုများကို ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

သူနာပြုလိုင်စင် ထုတ်ပေးရေးကိစ္စ၊ သူနာပြု၊ သားဖွားကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့်အဖွဲ့အား ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်းနှင့် ၎င်းအဖွဲ့မှ တရားဝင် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နည်းပြများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနမှ ဆက်လက်ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**❑ ကျောဖုံးမှ**

အကယ်ဒမီရုပ်တု နှစ်ခုကိုခြံရံလျက် ရိုးရှင်းသော စင်မြင့်နောက်ခံဒီဇိုင်းဖြင့် ပြင်ဆင်ထားသည်။ စင်မြင့်၏ ဘေးတစ်ဖက်တစ်ချက်တွင် ပရိဂျက်တာများကို ထားရှိထားသည်။ သတင်းမီဒီယာများအတွက် သီးသန့်ရိုက်ကူးရေးနေရာများကို သတ်မှတ်ထားသည်။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ထူးခြားသော စင်မြင့်၊ မုခ်ဦး အပြင်အဆင်များနှင့်အတူ ဖွင့်ပွဲအခမ်းအနားတွင် ရွှေတိဂုံစေတီတော်ကြီးအား ပူဇော်ပသသည့်အစီအစဉ်ဖြင့် စတင်မည်ဖြစ်ပြီး မြန်မာ့ရုပ်ရှင်လောကသားများက ပါဝင်ကာ ဖျော်ဖြေတင်ဆက်မှုများကို ပြုလုပ်သွားမည်ဟု သိရသည်။ အဆိုပါ အစီအစဉ်များထဲတွင် ရုပ်ရှင် နှစ် ၁၀၀ ဆီသို့ဟူသော ခေါင်းစဉ်ဖြင့် မြန်မာ့ရုပ်ရှင် စတင်ခဲ့သည့်ခေတ်မှ ခေတ်အဆက်ဆက်ရုပ်ရှင်ဇာတ်ဝင်တေးများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သရုပ်ဆောင်သင်တန်းဆင်းများက တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်လည်း ပါဝင်မည်ဟု သိရသည်။

ယဉ်ကျေးမှုနှင့်အညီ ထူးခြားသော ဖျော်ဖြေတင်ဆက်မှုများ၊ မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်ကိုကြိုဆိုသည့် နှစ် ၁၀၀ ဆီသို့ ရည်မှန်းတင်ဆက်မှုများနှင့်အတူ ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးကို မတ် ၁၈ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။ ရုပ်ရှင်လောကသား အင်အား ၃၀၀၀ ခန့် တက်ရောက်နိုင်သည့် နေရာဖြစ်ပြီး ယာဉ်ရပ်နားရန်နေရာ အဆင်ပြေသည့်အနေအထားများကြောင့် အဆိုပါနေရာတွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုအကယ်ဒမီစာရင်းဝင် ဇာတ်ကားပေါင်း ၃၃ ကားအထိ ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်အတွက် အကယ်ဒမီစာရင်းဝင်ဇာတ်ကား ၁၂ ကား၊ ၂၀၁၄ ခုနှစ်အတွက် အကယ်ဒမီစာရင်းဝင်ဇာတ်ကား ၁၇ ကား ရှိခဲ့ရာ ၂၀၁၆ ခုနှစ်အတွက် ထူးချွန်ဆုရွေးချယ်ရမည့် ဇာတ်ကားအရေအတွက် များပြားခဲ့ခြင်းနှင့်အတူ ဆန်ခါတင် စာရင်းဝင်ဇာတ်ကား ၁၀ ကားခန့်ရှိသည့်အတွက်ကြောင့်လည်း ခန့်မှန်းရခက်ပြီး ရင်ခုန်ရမည့် အကယ်ဒမီဆုပေးအပ်ပွဲဖြစ်နိုင်ကြောင်း ရုပ်ရှင်လောကသားများက သုံးသပ်သည်။ ယင်းအပြင် အထူးဆုကိုလည်း ထူးခြားသည့် အနုပညာရှင်၊ အတတ်ပညာရှင်ရှိပါက ချီးမြှင့်သွားမည်ဖြစ်ရာ မျှော်လင့်စိတ်လှုပ်ရှားစွာဖြင့် ရုပ်ရှင်လောကသားများက စောင့်မျှော်နေကြသည်။

**ဆုနှင်းလှဲ့၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

■

# မြစိမ်းရောင်စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရွှေတောင် မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်း ၂၉ ယူနစ်ရှိ ကျေးရွာမြစိမ်းရောင်စီမံကိန်း အကောင်ထည်ဖော်ရေးလုပ်ငန်း ကော်မတီဝင်များ၊ ဘဏ္ဍာရေးဆပ်ကော်မတီများ၊ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ရွှေဝါနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် အဖွဲ့ဝင်များသည် မတ် ၁၅ ရက်က မြစိမ်းရောင်စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။ **(၁၄၃)**

# ယခုနှစ် နွေရာသီကာလ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်မည်

**ရန်ကုန် မတ် ၁၇**

ယခုနှစ် နွေရာသီကာလ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များအပါအဝင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယမန်နေ့ ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ပြုလုပ်သော မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လျော့ကျမှုမရှိစေရေးအတွက် နိုင်ငံတော်အရန်ငွေအသုံးပြုကာ ဂျင်နရေတာများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ကာ ဖြန့်ဖြူးပေးဝေသွားမည်ဟု ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍ အများဆုံး ပါဝင်နေသည့် ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေးမြို့တော်ဖြစ်သည့်အပြင် လျှပ်စစ်ကဏ္ဍ လုံလောက်စွာရရှိရန် လိုအပ်နေပြီး ယခုနှစ် နွေရာသီတွင် လျှပ်စစ်ဓာတ်အား ရရှိစေရေးအတွက် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲရန် နိုင်ငံတော်သမ္မတထံမှ မတ် ၁၃ ရက်တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် တင်ပြခဲ့သည်။

နှစ်စဉ် တိုးတက်လာသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး အဆိုပါ သီးသန့်ရန်ပုံငွေဖြင့် သဘာဝဓာတ်ငွေ့နှင့် ဒီဇယ် နှစ်မျိုးသုံး ရွှေ့ပြောင်းနိုင်သော လျှပ်စစ်ဓာတ်အားပေးစက်ကို အရေးပေါ် ဝယ်ယူဖြည့်ဆည်းဆောင်ရွက်ရန် လွှတ်တော်သို့ တင်ပြခဲ့ခြင်းဖြစ်သည်။ **(၀၀၁)**




# ဦးကိုနီအား လုပ်ကြံခဲ့သူ ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူများအား ရုံးထုတ်စစ်ဆေး

**ရန်ကုန် မတ် ၁၇**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဦးကိုနီအား လုပ်ကြံခဲ့သည့် သေနတ်သမား ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြောက်ပိုင်းခရိုင် တရားရုံးတွင် ရုံးထုတ်ရာ ပြစ်မှုကျူးလွန်သူတို့ဘက်မှ ရှေ့နေ မစုံလင်သဖြင့် လာမည့်အပတ်သို့ ထပ်မံချိန်းဆိုလိုက်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

အဆိုပါအမှုကို မတ် ၃ ရက်က မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲဆို တင်ပို့ခဲ့ရာ ယနေ့နံနက်ပိုင်း ရုံးထုတ်ရာတွင် ပြစ်မှုကျူးလွန်သူ ကြည်လင်းနှင့်အတူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ ပါဝင်ခဲ့သည်။

ယနေ့ရုံးထုတ်မှုနှင့်ပတ်သက်၍ "ဒီနေ့မှာဆိုရင် ဦးကြည်လင်းက ရှေ့နေမငှားရသေးဘူး။ ကျန်တဲ့ တစ်ဦးကလည်း ရှေ့နေငှားပြီးပြီဆိုပေမယ့် ရုံးတော်ကို ရောက်မလာတာကြောင့် ရှေ့အပတ်ကို ပြန်လည်ချိန်းဆိုလိုက်ပါတယ်။ ဦးအောင်ဝင်းခိုင်နဲ့ပတ်သက်ပြီး တရားခံပြေးအနေနဲ့ စစ်ဆေးတယ်။ မတ် ၃ ရက်က စတင်တရားစွဲပြီး တရားရုံးက ဖမ်းဖို့ ဝရမ်းထုတ်ပေးခဲ့တယ်။ ဒီကနေ့မှာတော့ ဖမ်းဝရမ်းအတည်မဖြစ်ဘူးဆိုတာကို ပြန်တင်တာကြောင့် ဝရမ်းအတည်ပြုသူတွေကို စစ်ဆေးတယ်။ ရုံးထုတ်လာတဲ့သူတွေကိုစစ်ဖို့အတွက် ဒီအမှုနဲ့ပတ်သက်ပြီး တရားခံပြေးအမှုကို အရင်ဆုံးစတင်စစ်ဆေးရတာပဲဖြစ်ပါတယ်"ဟု မြောက်ပိုင်းခရိုင် တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး သတင်းနှင့်ပြန်ကြားရေးအရာရှိ ဦးခင်မောင်မြင့်က ပြောကြားသည်။

အဆိုပါအမှုကို ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးမှ ခရိုင်တရားသူကြီး၊ အရှေ့ပိုင်းခရိုင် တရားရုံးမှ တွဲဘက်ခရိုင်တရားသူကြီး၊ မြောက်ပိုင်းခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီးတို့ ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဖွဲ့ပေးသည့် ခုံအဖွဲ့ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"လွတ်မြောက်နေတဲ့ အောင်ဝင်းခိုင်နဲ့ပတ်သက်ပြီး တရားရုံးက တရားခံပြေး ကြေညာသင့်၊ မကြေညာသင့် ဆိုတဲ့ကိစ္စကို ဒီကနေ့ တရားရုံးက စစ်ဆေးတယ်။ စစ်ဆေးတဲ့အခါကျတော့ စစ်ဆေးချက်အပေါ်မှာ ဦးကိုနီရဲ့ ရှေ့နေအနေနဲ့ ဖမ်းဝရမ်းကို ထပ်ထုတ်ပေးဖို့ လျှောက်ထားတယ်။ နယ်စပ်ဂိတ်ကျော် ဂိတ်ပေါက်တွေအားလုံးကိုလည်း ပိတ်ဆို့ထားတဲ့အတွက် နိုင်ငံအတွင်းက ထွက်သွားတဲ့ အခြေအနေမျိုး မရှိသေးပါဘူး။ ဒါကြောင့် သူ့ကို ဖမ်းဝရမ်းထပ်ထုတ်ပေးဖို့ လျှောက်ထားချက်ကို တရားရုံးက ခွင့်မပြုကြောင်း ဒီကနေ့ အမိန့်ချမှတ်လိုက်ပါတယ်"ဟု ဦးကိုနီဘက်မှ လိုက်လံဆောင်ရွက်ပေးနေသည့် တရားလွှတ်တော် ရှေ့နေ ဦးနေလကယနေ့ ရုံးထုတ်မှုနှင့်ပတ်သက်၍ မီဒီယာများအား ပြောကြားသည်။

အဆိုပါအမှုကို ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၏ ရာဇဝတ်ကြီးအမှု အမှတ် (၄၅/၂၀၁၇) အရ ကြည်လင်းနှင့်အတူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်း၊ အောင်ဝင်းခိုင်တို့အား ပုဒ်မ-၃၀၂/၃၄/၁၂၀ဖြင့်လည်းကောင်း၊ ရာဇဝတ်ကြီး အမှုအမှတ် (၄၆/၂၀၁၇ ) အရ ကြည်လင်းနှင့် အောင်ဝင်းဇော်တို့အား လက်နက်ဥပဒေပုဒ်မ-၁၉(ဃ)(စ) တို့ဖြင့် လည်းကောင်း၊ ရာဇဝတ်အထွေထွေ အမှုအမှတ် (၂၀/၂၀၁၇ ) အရ အောင်ဝင်းခိုင်အား ကျင့် ၅၁၂ ဖြင့် လည်းကောင်း စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအမှုကို မတ် ၂၄ ရက်သို့ ထပ်မံချိန်းဆိုလိုက်ပြီး ယနေ့ရုံးထုတ်ရာတွင် မြောက်ပိုင်းခရိုင်တရားရုံး၌ သက်ဆိုင်ရာက လုံခြုံရေးဆောင်ရွက်မှုများကို ပိုမိုတင်းကျပ်ဆောင်ရွက်ထားကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**

# ကော့သောင်းမြို့အဝင် လမ်းဘေးတစ်လျှောက် ယာဉ်အန္တရာယ်ကင်းရှင်းရေး သံမဏိသံပေါင်များတပ်ဆင်

**ကော့သောင်း မတ် ၁၇**

ကော့သောင်း-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီး၏ လမ်းပိုင်းဖြစ်သည့် ကော့သောင်းမြို့အဝင် သီရိမြိုင်ရပ်ကွက်လမ်းဘေးတစ်လျှောက် ယာဉ်အန္တရာယ်မဖြစ်ပေါ်ရေး သံမဏိသံပေါင်အတားများ မတ် ၁၅ ရက်က တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါနေရာ လမ်းတစ်လျှောက်သည် ကော့သောင်းမြို့သို့ စတင်ဝင်ရောက်ရာနေရာဖြစ်ပြီး ကုန်းဆင်းအကွေ့နေရာဖြစ်ခြင်း၊ လမ်း၏ ယာဘက်တွင် ချောက်ကမ်းပါးရှိခြင်းကြောင့် ဖြတ်သန်းမောင်းနှင်ရာတွင် အရှိန်မထိန်းနိုင်သည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ အခါအားလျော်စွာ ယာဉ်မတော်တဆမှုများဖြစ်ပေါ်ကာ အသက်အန္တရာယ်ဆုံးရှုံးလေ့ရှိခြင်း၊ ညပိုင်းအချိန်များတွင် မြို့နေစည်းကမ်းမဲ့ပြည်သူတချို့မှ ချောက်ကမ်းပါးတစ်လျှောက် မော်တော်ယာဉ်များဖြင့် အမှိုက်များတင်ဆောင်ကာ လာရောက်စွန့်ပစ်ခြင်းကြောင့် အမှိုက်ပုံမှတစ်ဆင့်မီးလောင်ကာ တယ်လီဖုန်းကေဘယ်ကြိုးများ ပျက်စီးမှုအန္တရာယ်များ ဖြစ်ပေါ်လေ့ရှိခြင်းတို့ကြောင့် တာဝန်ရှိအဖွဲ့အစည်းများက အများပြည်သူအကျိုးအလို့ငှာ လမ်းဘေးတစ်လျှောက် သံမဏိသံပေါင်အတားအဆီးများ တပ်ဆင်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

**ပန်းတောင်း မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဝန်လိုရပ်ကွက် ကွက်သစ် (၂)လမ်းတွင် ၁၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံး တိုးချဲ့တည်ဆောက်ခြင်းနှင့် အဆိုပါ ထရန်စဖော်မာမှ ဓာတ်အားပေးနိုင်ရန်အတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ပေ ၄၀၀ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေဖြင့် ပန်းတောင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင်ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက တည်ဆောက်ခဲ့ရာ မတ် ၁၂ ရက်တွင် လုပ်ငန်းအားလုံးပြီးစီး၍ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီဖြစ်သည်။ **(၄၉၇)**

# လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း စည်းဝေး

**မြစ်ကြီးနား မတ် ၁၇**

ကချင်ပြည်နယ် သမဝါယမကဏ္ဍ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်း သုံးသပ်ညှိနှိုင်းအစည်းအဝေးကို မတ် ၁၃ ရက် နံနက်ပိုင်းက ပြည်နယ်သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိန်းလွင်တို့က လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှုများအပေါ် အသီးသီးဆွေးနွေးကြပြီး မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ တနိုင်း၊ ဗန်းမော်၊ မိုးမောက်၊ မံစီ၊ ရွှေကူမြို့နယ်များမှ ဦးစီးအရာရှိများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌများနှင့် အသင်းသား ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

## ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များ အခမဲ့ရယူနိုင်



## မောင်တောဒေသ အောက်တိုဘာဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အရေးယူချုပ်နှောင်ထားသူများအား မိသားစုဝင်များက လာရောက်တွေ့ဆုံမှုအဆင်ပြေရေး ညှိနှိုင်းဆောင်ရွက်ပေး



**မောင်တော မတ် ၁၇**
မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်နိုင်၊ ဦးစောသလေးစောနှင့်တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် ဘူးသီးတောင် အကျဉ်းထောင်သို့ သွားရောက်ပြီး ထောင်ဝင်စာတွေ့ဆုံသည့် မိသားစုများ အဆင်ပြေမှုရှိစေရေး တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော်မရှင်အဖွဲ့ဝင်များသည် မောင်တောခရိုင်တရားရုံး ဘူးသီးတောင်ရုံးထိုင် အထူးတရားရုံးသို့ ရောက်ရှိပြီး တရားခွင်ပြင်ဆင်ထားမှုများကို ကြည့်ရှုသည်။ ယင်းနောက် ဘူးသီးတောင်အကျဉ်းထောင်သို့ သွားရောက်ပြီး အောက်တိုဘာလ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အရေးယူချုပ်နှောင်ထားသူများ၏ မိသားစုဝင်များ လာရောက်တွေ့ဆုံနေမှုကို သွားရောက်ကြည့်ရှုသည်။ လာရောက်တွေ့ဆုံသည့် မိသားစုဝင်များနှင့်တွေ့ဆုံပြီး သက်ဆိုင်ရာမြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးများက ထောင်ဝင်စာတွေ့ဆုံခွင့်ရရှိရန် ဆောင်ရွက်ပေးသည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးပြီး အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး မောင်တောခရိုင်တရားသူကြီး ဦးမြင့်တင်၊ မောင်တောခရိုင် ဒုတိယဥပဒေအရာရှိ ဦးညီညီလွင်တို့နှင့် တွေ့ဆုံပြီး တရားစီရင်ရေးကိစ္စများ ဆောင်ရွက်ရာတွင် မှန်ကန်၊ မြန်ဆန်၊ထိရောက်မှုရှိစေရေးအတွက် ဆောင်ရွက်မှုများကို မေးမြန်းဆွေးနွေးအကြံပြု ပြောကြားခဲ့ကြောင်း သိရသည်။ **အေးမြ(မန္တလေး)၊ အေးမင်းသူ**



## ကျောက်ဖြူမြို့နယ်တွင် စက်လှေတစ်စင်း မီးလောင်ကျွမ်း

**နေပြည်တော် မတ် ၁၇**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှ ဦးကင်းအုပ်စု ကုလားဘာတောင်ကျေးရွာ အလှူပွဲသို့သွားသော စက်လှေတစ်စင်း ယနေ့ မွန်းလွဲပိုင်းတွင် သစ်ပုတ်တောင်အနီး၌ မီးလောင်မှုဖြစ်ပွားပြီး စက်လှေပေါ်ပါ အမျိုးသမီးလေးဦး သေဆုံးကာ ကလေးနှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အဆိုပါစက်လှေအား ပဲ့နင်း ဦးဘမောင်ဦး မောင်းနှင်ပြီး ကုလားဘာတောင်ကျေးရွာ အလှူပွဲသို့သွားစဉ် မွန်းလွဲ ၁နာရီ ၃၅ မိနစ်ခန့်တွင် သစ်ပုတ်တောင်အနီး၌ အင်ဂျင်မှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လှေပေါ်စီးနင်းလိုက်ပါလာသူ အမျိုးသားခုနစ်ဦး၊ အမျိုးသမီး ရှစ်ဦး ပေါင်း ၁၅ ဦး အနက် မအောင်မေသင်း၊ မအေးသန်းမြင့်၊ မခင်မေသန်း၊ မစန္ဒာဌေးတို့ လေးဦးမှာ ရေနစ်သေဆုံးသွားပြီး ကလေးနှစ်ဦးမှာ ပျောက်ဆုံးနေကြောင်း၊ ကျန်ကိုးဦးအား ဧည့ဝတီရေတပ်စခန်းဌာနချုပ်မှ ကယ်တင်ထားကြောင်းနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကွတ်ခိုင်မြို့နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် လက်နက်ကိုင်ပူးပေါင်းအဖွဲ့များမှ ဆက်ကြေးတောင်းခံသဖြင့် ယာဉ်ကြောပိတ်ဆို့

**နေပြည်တော် မတ် ၁၇**
ကွတ်ခိုင်မြို့နယ် ဟန်ကိုင်ရွာနှင့် ခိုမုန်းရွာကြား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် (၂၅၈) အနီး၌ မတ် ၁၆ ရက် ညနေ ၄ နာရီခွဲတွင် လက်နက်ကိုင်ပူးပေါင်းအဖွဲ့များမှ ဖြတ်သန်းသွားလာနေသည့် ယာဉ်ကြီး ခြောက်စီးခန့်အား လမ်းကန့်လန့်ခံရပ်တန့်စေပြီး ကားသော့နှင့် လက်ကိုင်ဖုန်းများ သိမ်းဆည်း၍ ယာဉ် ၁၀ စီးခန့်အား ဆက်ကြေးတောင်းခံခဲ့သဖြင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ည ၇ နာရီတွင် သွားရောက်ရှင်းလင်းခဲ့ရာ မတ် ၁၇ ရက် နံနက် ၉ နာရီခွဲတွင် မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွဆေးပြား ၁၅၉၉၂၀ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၇**
စစ်တွေမြို့နယ် သဲချောင်းကျေးရွာ ကမ်းနားရှိ ငါးပွဲစားတန်းအနောက်ဘက် စက်လှေဆိပ်၌ မတ် ၁၆ ရက် ည ၇ နာရီက WY စာတန်းပါ စိတ်ကြွဆေးပြား ၁၅၉၉၂၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ သဲချောင်းအတွင်း ဆိုက်ကပ်ထားသည့် စက်လှေတစ်စင်းအား စစ်ဆေးရာ လှေပေါ်တွင် ဆာလာအိတ်များအတွင်းမှ အထုပ်ကြီး ၁၆ ထုပ်ဖြင့် ထုပ်ပိုးထားသော WY စာတန်းပါ စိတ်ကြွဆေးပြား ၁၅၉၉၂၀ (ကာလတန်ဖိုး ငွေကျပ် ၃၁၉၈၄၀၀၀၀) ခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စက်လှေပိုင်ရှင်ဖြစ်သူ အဒူဆလမ်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး မှန်စီနယ်မြေ ရဲကင်းစခန်းမှ တရားခံများ ဖမ်းဆီးရမိရေး အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



## တရားမဝင် မှိုသတ်ဆေး၊ ပိုးသတ်ဆေးနှင့် ရွက်ဖျန်းဆေးများ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၁၇**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်လျက်ရှိရာတွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော တရားမဝင် မှိုသတ်ဆေး၊ ပိုးသတ်ဆေးနှင့် ရွက်ဖျန်းဆေးများ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၆ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်ပေါ်တွင် တင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မှိုသတ်ဆေး 1kgx20 pcs (25)pkgs၊ ပိုးသတ်ဆေး 1kgx12 pcs (13)pkgs နှင့် ရွက်ဖျန်းဆေး 1kgx12 pcs 1 pkg စုစုပေါင်း တန်ဖိုး ကျပ် ၄ ဒသမ ၉၂၅ သန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မတ် ၁၆ ရက်တွင် တရားမဝင် မှိုသတ်ဆေး၊ ပိုးသတ်ဆေးနှင့် ရွက်ဖျန်းဆေးများ အပါအဝင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တရားမဝင် ကုန်စည်တားဆီးနိုင်ခဲ့မှု ငါးမှု (ခန့်မှန်းတန်ဖိုးကျပ် ၁၀ ဒသမ ၂၉၅ သန်းခန့်)သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တရားမဝင်ကုန်စည်များ ကူးသန်းရောင်းဝယ်နေမှုများကို အဓိက ကုန်စည်သယ်ပို့ရေးလမ်းကြောင်းနှစ်ခုဖြစ်သည့် မြန်မာနိုင်ငံအထက်ပိုင်း မန္တလေး-မူဆယ်လမ်းပေါ်ရှိ ရေပူစစ်ဆေးရေးဂိတ်စခန်းနှင့် မြန်မာနိုင်ငံ အောက်ပိုင်းရှိ ရန်ကုန်- မြဝတီလမ်းကြောင်းပေါ်ရှိ မရမ်းချောင် စစ်ဆေးရေးစခန်းတို့တွင် တားဆီးစစ်ဆေးအရေးယူလျက်ရှိသည်။

ယင်းသို့ စစ်ဆေးဆောင်ရွက်လျက်ရှိရာတွင် မတ် ၁၆ ရက်က မန္တလေး-မူဆယ် လမ်းတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၅၀၊ သွင်းကုန် ၇၈၃ စီး၊ ရန်ကုန်- မြဝတီလမ်းပိုင်းတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် အစီး ၂၃၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**




## မောင်တောမြို့နယ် ရေနောက်ငါးသားအလယ်ရွာမှ ရွာသားတစ်ဦး သေဆုံး

**နေပြည်တော် မတ် ၁၇**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရေနောက်ငါးသားအလယ်ရွာမှ ရွာသားတစ်ဦး မောင်တောမြို့နယ်အစပ်ရှိ ဒူဆိုင်လာတောထဲတွင် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ရေနောက်ငါးသားအလယ်ရွာနေ ဆိုလီမုလ္လာသည် မတ် ၁၆ ရက် နံနက်ပိုင်းက ရွာ၏အရှေ့ဘက်တောအတွင်းသို့ ထင်းခုတ်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် ရွာသူရွာသားများက လိုက်လံရှာဖွေခဲ့ရာ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်အစပ် ဒူဆိုင်လာတောထဲတွင် လည်ပင်း၊ ညာနဖူး၊ ဦးခေါင်းယာဘက်နှင့် ဝမ်းဗိုက်တို့တွင် ပြတ်ရှဒဏ်ရာများ၊ ဝဲဘက်နံကြား ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ၎င်းသေဆုံးမှုနှင့် ပတ်သက်၍ ညီဖြစ်သူ အာမန်အုလ္လာက အောင်ဇူနယ်မြေရဲစခန်းသို့ တိုင်တန်းသဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❑

# ဒီမာရီယာ၊ ဝဲလ်ဘတ်နှင့် ဟာနန်ဒက်ဇ်တို့ကို ရောင်းချခဲ့သော မန်ယူ၏ အပြောင်းအရွှေ့မူဝါဒအပေါ် မော်ရင်ဟို ဝေဖန်

မန်ယူနည်းပြ မော်ရင်ဟိုက မန်ယူအသင်း၏ ရွေးချယ်စရာ နည်းပါးသော တိုက်စစ်ပိုင်းအပေါ် စိတ်ပျက်နေပြီး သူသာ ယခင်ကတည်းက မန်ယူတွင်ရှိနေလျှင် ဒီမာရီယာ၊ ဝဲလ်ဘတ်နှင့် ဟာနန်ဒက်ဇ်တို့ကို ရောင်းချမည်မဟုတ်ကြောင်း မန်ယူအသင်း အပြောင်းအရွှေ့မူဝါဒအပေါ် ဝေဖန်စကားဆိုလိုက်သည်။ မကြာသေးမီနှစ်များအတွင်း မန်ယူအသင်း၏ ကစားသမား အဝင်၊ အထွက်မှာ အက်ဝုဒ်ဝုဒ်၏ မူဝါဒပေါ် မှီတည်ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် တိုက်စစ်ပိုင်း ရွေးချယ်စရာ အားနည်းသော အနေအထား ဆိုက်ရောက်လာခြင်း ဖြစ်သည်။

မော်ရင်ဟိုက သူ မန်ယူသို့ မရောက်ရှိမီ ဒီမာရီယာကို ပီအက်စ်ဂျီ၊ ဟာနန်ဒက်ဇ်ကို လေဗာကူဆင်နှင့် ဝဲလ်ဘတ်ကို အာဆင်နယ်အသင်းသို့ ထုတ်ရောင်းခဲ့သည့် မန်ယူအသင်း၏ မူဝါဒအပေါ် အမှန်တကယ် အံ့ဩမိကြောင်း ဆိုခဲ့သည်။ မန်ယူနည်းပြ ဗန်ဟားလ်လက်ထက်တွင် ကစားသမား အဝင်၊ အထွက်ကိစ္စရပ်ကို မန်ယူအသင်းအလုပ်အမှုဆောင်ချုပ် အက်ဝုဒ်ဝုဒ်က ကြီးကြပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဗန်ဟားလ်လက်ထက်တွင် ဖာဂူဆန်တည်ဆောက်ခဲ့သည့် တိုက်စစ်အင်အားထဲမှ ဗန်ပါစီ၊ ဝဲလ်ဘတ်နှင့် ဟာနန်ဒက်ဇ်တို့ကို ရောင်းချခဲ့သည်။

မော်ရင်ဟိုက "မန်ယူအသင်းကရောင်းချခဲ့တဲ့ ကစားသမားတွေကို ကျွန်တော်ဆို ဘယ်တော့မှရောင်းချမှာမဟုတ်ပါဘူး။ ဒီလိုပဲ မန်ယူအသင်းက ဝယ်ခဲ့တဲ့ကစားသမားတွေကိုလည်း ဘယ်တော့မှ ဝယ်မှာ မဟုတ်ပါဘူး။ ကျွန်တော်ကလပ်အသင်းတစ်ခုကနေ ထွက်ခွာဖြစ်တယ်ဆိုလည်း ကျွန်တော်ထားခဲ့တဲ့ အင်အားနဲ့ နောက်လူတွေ အလုပ်ဆက်လုပ်လို့ရပါတယ်။ ဒီမာရီယာ၊ ချီချာတို၊ ဝဲလ်ဘတ်တို့လို ကစားသမားတွေ မန်ယူကနေ ဘယ်လိုအကြောင်းနဲ့မှ ထွက်ခွာသွားစရာ အခွင့်အရေးမရှိပါဘူး" ဟု ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရာသီက မန်ယူအသင်း ပဥ္စမနေရာဖြင့်သာ ရာသီသိမ်းနိုင်ခဲ့ရာ မန်ယူအသင်း၏ သမိုင်းတစ်လျှောက် အနိမ့်ဆုံးအဆင့်ဖြင့် ရာသီသိမ်းနိုင်မှုများထဲတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သလို ယခုနှစ်ဘောလုံးရာသီတွင်လည်း အလားတူ အခြေအနေမျိုး ထပ်မံကြုံတွေ့နိုင်ဖွယ် ရှိနေသည်။ သို့သော် အဆိုပါ အခြေအနေမျိုး ထပ်မံကြုံတွေ့မည်ဆိုပါကလည်း ကမ္ဘာ့အကောင်းဆုံး ထိပ်တန်းကစားသမားများကို ဆွဲဆောင်နိုင်စွမ်း ရှိနေဆဲဟု မော်ရင်ဟိုက ယုံကြည်သည်။ **(မေလှဲ့သင်း)**



# ပြင်သစ်လက်ရွေးစင်အသင်းအတွက် မက်ပီ ခေါ်ယူခံရ

မန်စီးတီးနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် မိုနာကိုအသင်းအတွက် အဖွင့်ဂိုးကို သွင်းယူပေးခဲ့သည့် တိုက်စစ်မှူး မက်ပီမှာ ပြင်သစ်လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။ မက်ပီမှာ အသက်(၁၈)နှစ်အရွယ်သာ ရှိသေးသော်လည်း ရီးယဲလ်တိုက်စစ်မှူး ဘင်ဇီမာ၊ ဘိုင်ယန်တိုက်စစ်မှူး ကိုးမန်းနှင့် လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီတို့ကို ကျော်ဖြတ်၍ ပြင်သစ်လက်ရွေးစင်အသင်းတိုက်စစ်တစ်နေရာအတွက် ရွေးချယ်ခံခဲ့ရသည်။

ပြင်သစ်လက်ရွေးစင်အသင်းနည်းပြ ဒီဒီယာဒက်ချမ့်စ်က လူဇင်ဘတ်အသင်းနှင့် ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ၊ စပိန်အသင်းနှင့်ကစားမည့် ချစ်ကြည်ရေးခြေစမ်းပွဲတို့အတွက် မက်ပီကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဒက်ချမ့်စ်က ကစားသမားတစ်ဦး၏ အရည်အချင်းနှင့် အစွမ်းအစမှာ အသက်အရွယ်နှင့် မသက်ဆိုင်ဘဲ မက်ပီမှာ ရင့်ကျက်မှုအပြည့်ဖြင့် ကစားနိုင်သည့် တိုက်စစ်မှူး တစ်ဦးဖြစ်ကြောင်း မက်ပီကို ရွေးချယ်ခေါ်ယူမှုနှင့်ပတ်သက်၍ မှတ်ချက်ပြုခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းပရိသတ်ဖြစ်သူ မက်ပီမှာ အသက်(၁၅)နှစ်အရွယ်တွင် ရီးယဲလ်အသင်းနှင့် လေ့ကျင့်ရေးဆင်းခွင့်ရရှိခဲ့သော်လည်း ဘိုင်ယန်မြူးနစ်၊ ရီးယဲလ်မက်ဒရစ်၊ မန်စီးတီး၊ လီဗာပူးအသင်းတို့၏ ကမ်းလှမ်းမှုကို ငြင်းပယ်ကာ မိုနာကိုအသင်းနှင့် လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။ မန်စီးတီးနှင့် ပွဲစဉ်အပြီး မက်ပီ၏ တန်ဖိုးမြင့်တက်လာခဲ့သလို ယခုလည်း နိုင်ငံလက်ရွေးစင်အသင်းမှာပင် ရွေးချယ်ခံရသည့်အတွက် ယခုထက် တန်ဖိုးပိုမိုမြင့်တက်လာရန်လည်း ရှိနေသည်။

မိုနာကိုအသင်းသည် လူငယ်တိုက်စစ်မှူး အန်ထော်နီမာရှယ်လ်ကို ၂၀၁၅ ခုနှစ်တွင် မန်ယူအသင်းသို့ ရောင်းချခဲ့ရာ ကမ္ဘာ့ပြောင်းရွှေ့ကြေး အမြင့်မားဆုံး ဆယ်ကျော်သက်ကစားသမားအဖြစ် မှတ်တမ်းဝင်ထားခဲ့သော်လည်း မက်ပီမှာ အရောင်းစာရင်းတွင် ပါဝင်သည့် ကစားသမားမဟုတ်ကြောင်း ဒုတိယဥက္ကဋ္ဌ ဗက်စတိုင်းရိဗ်ထိက တုံ့ပြန်ခဲ့သည်။ မက်ပီမှာ နောက်ဆုံးကစားခဲ့သည့် ၁၁ ပွဲတွင် သွင်းဂိုး ၁၁ ဂိုးအထိ သွင်းယူထားနိုင်ပြီးနောက် မန်စီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့သည့် ချန်ပီယံလိဂ် ဒုတိယအကျော့တွင် မိုနာကိုအသင်းအတွက် အဖွင့်ဂိုးကို သွင်းယူပေးခဲ့ရာ ဥရောပထိပ်တန်း ကလပ်အသင်းကြီးများ၏ အလိုအရှိဆုံးစာရင်းတွင် မက်ပီ၏ အမည် ထိပ်ဆုံးမှ ပါဝင်ခွင့်ရလာခြင်းဖြစ်သည်။ **(မေလှဲ့သင်း)**



# လာမယ့်နွေဈေးကွက်အတွင်း အဲဗာတန်က ထွက်ခွာဖို့ သေချာနေပြီဖြစ်တဲ့ တိုက်စစ်မှူး လူကာကူ

အဲဗာတန်တိုက်စစ်မှူး လူကာကူက လက်ရှိကလပ်အသင်းရဲ့ စာချုပ်သစ် သက်တမ်းတိုးကမ်းလှမ်းမှုကို ပယ်ချခဲ့တဲ့အတွက် လာမယ့်နွေမှာ ဒီတိုက်စစ်မှူးအနေနဲ့ အသင်းပြောင်းဖို့ လုံးဝနီးပါးကို သေချာသွားခဲ့ပြီဖြစ်ပါတယ်။ လူကာကူရဲ့ ကိုယ်စားလှယ်ဖြစ်တဲ့ ရွိုင်လိုလာကတော့ ဒီစာချုပ်သစ်ကိစ္စ ဆွေးနွေးမှုဟာ ရာနှုန်းပြည့်နီးပါး ပိတ်သိမ်းသွားခဲ့ပြီလို့ ပြောကြားခဲ့တာပါ။ လူကာကူဟာ တစ်ပတ်လုပ်ခ ပေါင် ၁၃၀၀၀၀ တန် စာချုပ်သစ်ကို ငြင်းပယ်ခဲ့သလို သူ့ရဲ့ ရည်မှန်းချက်က ချန်ပီယံလိဂ်မှာ ကစားရဖို့ ဖြစ်တယ်လို့ဆိုခဲ့တာကြောင့် သူ့ကို အလိုရှိနေတဲ့ အသင်းတွေထဲက ချန်ပီယံလိဂ်ဝင်ခွင့်ရ အသင်းတစ်သင်းကိုသာ ရောက်ဖို့ရှိနေတယ်လို့ သုံးသပ်ရပါတယ်။

အဲဗာတန်နဲ့ လူကာကူတို့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်က သုံးနှစ်သက်တမ်း ကျန်ရှိနေသေးပေမယ့် ဥရောပအသင်းကြီးတွေရဲ့ ပစ်မှတ်ထားခံနေရတဲ့ လူကာကူရဲ့ သဘောထားကို ရှင်းရှင်းလင်းလင်းသိဖို့ အဲဗာတန်က စာချုပ်သစ်ကို မြန်မြန်ဆန်ဆန် ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လူကာကူဘက်က အခုလို ပယ်ချလိုက်တဲ့အတွက် ဒီဘယ်လ်ဂျီယံတိုက်စစ်မှူးဟာ အနှေးနဲ့ အမြန်ဆိုသလို အဲဗာတန်က ထွက်ခွာဖို့တော့ရှိနေပါပြီ။

သူဟာ ဥရောပအသင်းကြီးတွေရဲ့ အလိုရှိခံရဆုံးတိုက်စစ်မှူးတစ်ဦးဖြစ်ပြီး အဲဗာတန်က သူတို့တိုက်စစ်မှူးအတွက် ပေါင်သန်း ၇၀ အထိ ဈေးခေါ်ထားပါတယ်။ ဒါကြောင့် ငွေကြေးအင်အားတောင့်တင်းတဲ့ ဥရောပထိပ်တန်းအသင်းကြီးတွေကသာ သူ့ကို ရနိုင်ခြေရှိပါတယ်။ လူကာကူကို ခေါ်ယူချင်နေတယ်လို့ နာမည်ထွက်နေတဲ့ အသင်းတွေကတော့ ရီးယဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီ၊ ဂျူဗင်တပ်၊ ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ စပါး၊ မန်ယူနဲ့ ချယ်လ်ဆီးတို့ဖြစ်ကြပါတယ်။ လူကာကူရဲ့အသင်းဟောင်း ချယ်လ်ဆီးက သူ့ကို ပြန်ခေါ်ချင်နေသလို တိုက်စစ်မှူးသစ်တစ်ဦးကို မဖြစ်မနေရှာဖွေနေတဲ့ မန်ယူကလည်း လူကာကူကို ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်နဲ့ ဂျူဗင်တပ်တို့ကတော့ အသက်(၂၃)နှစ်အရွယ်သာ ရှိသေးတဲ့ လူကာကူကို အသင်းရဲ့ ရေရှည်စီမံကိန်းအတွက် ခေါ်ယူဖို့စီစဉ်နေတာ ဖြစ်ပါတယ်။ အစောပိုင်းက မန်ယူအသင်းကို လူကာကူ ရောက်လာနိုင်တယ်လို့ ကမ္ဘာ့ဘောလုံးဈေးကွက်သုံးသပ်သူတွေက ယူဆကြပေမယ့် မန်ယူသာ ရာသီကုန် ချန်ပီယံလိဂ်ဝင်ခွင့်မရရင် လူကာကူလည်း ရောက်လာဖို့မရှိတော့ပါဘူး။ ချယ်လ်ဆီးနည်းပြ ကွန်တီကလည်း ကော်စတာကို ထုတ်ရောင်းပြီး လူကာကူနဲ့ ရီးယဲလ်တိုက်စစ်မှူး မိုရာတာကို ခေါ်ယူဖို့ စီစဉ်ထားတာကြောင့် လူကာကူရဲ့ ဒုတိယမြောက် စတန်းဖို့ဒ်ဘရစ်ချ်ခရီးစဉ် ပြန်စမလားဆိုတာလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ **(မေလှဲ့သင်း)**


လာမည့်နွေတွင် မန်စီးတီးမှ ထွက်ခွာရန် သေချာသလောက်ရှိနေသည့် ဘယ်လ်ဂျီယံ နောက်ခံကစားသမား ဗင်ဆင့်ကွန်ပနီ

# ချန်ပီယံလိဂ်မှ ထွက်ခွာခဲ့ရပြီးနောက် မန်စီးတီးနောက်တန်းကို အကြီးအကျယ်ပြုပြင်သွားရန် ဂွါဒီယိုလာ ဆန္ဒရှိနေ

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်းအနေဖြင့် မိုနာကိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် လာမည့်နွေဈေးကွက်အတွင်း နည်းပြ ဂွါဒီယိုလာက မန်စီးတီးနောက်တန်းကို ငွေကြေးအင်အား အလုံးအရင်းဖြင့် အကြီးအကျယ် ပြင်ဆင်တော့မည်ဖြစ်သည်။ မန်စီးတီးအသင်း ခွင့်ပြုခဲ့ရသည့် သုံးဂိုးစလုံးမှာ ခံစစ်ပိုင်းအားနည်းမှုသက်သက်ကြောင့်သာ ဖြစ်ရာ ဂွါဒီယိုလာက မန်စီးတီးနောက်တန်းအတွက် ပေါင်သန်း ၁၅၀ အသုံးပြုကာ ပြင်ဆင်ရန်စီစဉ်လာခြင်းဖြစ်သည်။

ဂွါဒီယိုလာက နွေဈေးကွက်အတွင်း ကစားသမားသစ် ခြောက်ဦး ခေါ်ယူရန် စီစဉ်ထားပြီး အဆိုပါခြောက်ဦးတွင် ဗဟိုခံစစ်ကစားသမား နှစ်ဦး မဖြစ်မနေ ပါဝင်မည်ဖြစ်သည်။ လောလောဆယ်ထွက်ပေါ်နေသော သတင်းများအရ ဂွါဒီယိုလာ၏ နံပါတ်(၁) ပစ်မှတ်မှာ ဘိုင်ယန်ဗဟိုခံစစ်ကစားသမား ကင်းမင့်ချ်ဖြစ်ပြီး ပေါင်သန်း ၄၀ အထိ အသုံးပြုသွားဖွယ်ရှိနေသည်။ ကင်းမင့်ချ်မှာလည်း ဘိုင်ယန်နည်းပြ အန်စလော့တီလက်အောက် နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင် ၄၂ မိနစ်သာ ဝင်ရောက်ကစားခဲ့ရသည့်အတွက် ဘိုင်ယန်နှင့် အနာဂတ်သေချာမှုမရှိသည့် အနေအထားရောက်ရှိနေသူ ဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မန်စီးတီး ကျရှုံးမှုနောက်ဆက်တွဲအဖြစ် လက်ရှိကစားသမားအင်အား ၁၅ ဦးလောက်အထိ မန်စီးတီးမှ ထွက်ခွာရန် ရှိနေသည်။ မန်စီးတီးအသင်း၏ ကြယ်ပွင့်ကစားသမားများဖြစ်သော ဆက်ဂ်နာ၊ ဇာဘလက်တာ၊ ကလစ်ချီ၊ နာဗက်စ်၊ ကာဘယ်လီယိုနှင့် ယာယာတိုရေးတို့မှာ လာမည့်နွေတွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သလို ဂျိုးဟတ်၊ နာဆရီ၊ မန်ဂန်လာ၊ ဒီနာယာနှင့် ဘိုနီတို့မှာလည်း အငှားဖြင့် ထွက်ကစားနေသူများဖြစ်သည်။ အဆိုပါကစားသမားများအပြင် နိုလီတို၊ အီဟီနာချို၊ ဖာနန်ဒိုနှင့် ဖေဘီယန်ဒဲ့လ်ဖ်တို့မှာလည်း မန်စီးတီးမှ ထွက်ခွာနိုင်မည့် အလားအလာရှိနေပြီး ကွန်ပနီမှာလည်း မန်စီးတီးနှင့် အနာဂတ်ရေရာမှု မရှိသည့် အနေအထားပင်ဖြစ်သည်။ လာမည့်ရာသီ ဂွါဒီယိုလာ၏ မန်စီးတီးအသင်း ပုံစံသစ်ကို မြင်တွေ့ရဖွယ်ရှိနေသည်။

**(မေလှဲ့သင်း)**

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

၁၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၁ ၏ နောက်၌ ပုဒ်မ ၁၁-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်"

"၁၁-က။ ဤဥပဒေ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနများသည် ကာကွယ်ရေး၊ ကုသရေး၊ စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ စာချုပ်များတွင် ပါဝင်သည့် ရည်ရွယ်ချက်များ၊ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစေရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်"

၁၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၃ တွင် ပုဒ်မခွဲ (ဃ) ၏ နောက်၌ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) ပြစ်မှုနှင့်သက်ဆိုင်သည့် မှတ်တမ်းများကို ဆက်သွယ်ရေးလုပ်ငန်းများထံမှ ကြည့်ရှုစစ်ဆေးခြင်း၊ မိတ္တူကူးယူခြင်း။"

၁၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၄ ၏နောက်တွင် ပုဒ်မ ၁၄-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၄-က။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက် မှတ်တမ်းများနှင့် စပ်လျဉ်း၍ ဗဟိုအဖွဲ့က ထုတ်ဆင့်သည့် အမိန့်ရရှိလျှင် ဆက်သွယ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူသည် ပြစ်မှုနှင့် သက်ဆိုင်သော မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခြင်း၊ မိတ္တူကူးယူခြင်းတို့ကို ခွင့်ပြုရမည်။"

၁၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၅။ ဆေးဝါးသုံးစွဲသူသည် ပုဒ်မ ၉၊ ပုဒ်မခွဲ (ဆ) အရ ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော ပြုစုပျိုးထောင်ရေးဌာန သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့်ကာလအတွင်း သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးဌာန သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်-

(က) ထိုသူသည် အသက် ၁၆ နှစ်ပြည့်ပြီးသူဖြစ်ပါက လူမှုရေးလုပ်ငန်း တစ်ရက် ၂ နာရီဖြင့် အနည်းဆုံး နာရီ ၁၈၀ မှ အများဆုံး နာရီ ၂၄၀ အထိ ချမှတ်ရမည်။

(ခ) အသက် ၁၆ နှစ် မပြည့်သေးသူဖြစ်ပါက လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်ပြုပြင် ထိန်းသိမ်းရေးစခန်းသို့ ပို့အပ်ရမည်။"

၁၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၆ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ထုတ်လုပ်ရာ၌ အသုံးပြုသည့် ပစ္စည်း ဖြစ်သည်ဟု ကြေညာထားသည့် ပစ္စည်းကိရိယာများ၊ ဓာတုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊"

(ခ) ပုဒ်မခွဲ (ဂ) တွင် ခြွင်းချက်အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"ခြွင်းချက်။ ဤပြဋ္ဌာန်းချက်သည် မူးယစ်ဆေးဝါးသုံးစွဲသူက မိမိကိုယ်တိုင်သုံးစွဲရန် သို့မဟုတ် မကျန်းမာသည့်လူနာအတွက် ဆရာဝန်၏ဆေးစာဖြင့် ဝယ်ယူ အသုံးပြုရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်သည့် ပမာဏထက်မပိုသော မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို လက်ဝယ်ထားရှိခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။"

၁၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၇ ၏နောက်တွင် ပုဒ်မ ၁၇-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၇-က။ ဆက်သွယ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူသည် ဗဟိုအဖွဲ့က ထုတ်ဆင့်သည့် အမိန့်ရရှိပြီးနောက် ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများနှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးခြင်း၊ မိတ္တူကူးယူခြင်းတို့ကို ခွင့်ပြုရန် ငြင်းဆန်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်ပေးခြင်း၊ လွှဲပြောင်းပေးခြင်း ပြုလုပ်ပါက ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ် အထိ ချမှတ် ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၂၃ တွင် ပါရှိသော "ယခင်က ယင်းပြစ်မှုဖြင့်"ဆိုသည့်စကားရပ်ကို "ယခင်ကလည်း ပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြစ်မှုတစ်ခုခုဖြင့်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅ တွင် ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က)ပုဒ်မ ၁၅ မှအပ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်တတ်သူ သို့မဟုတ် ကျူးလွန်ကြောင်း ကျော်ဇောသတင်းရှိသူအား ၃ နှစ် ထက်မပိုသော ကာလအတွင်း ကောင်းမွန်စွာ နေထိုင်စေရန် ခံဝန်ချုပ် ချုပ်ဆိုစေရမည်။-

၂၀။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၂၆ တွင်-

(က) ပုဒ်မခွဲ (ဂ) ကိုပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ)ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ မူးယစ်ဆေးဝါး နှစ်မျိုးပေါင်းသည် သုံးဂရမ်၊"

(ဂ) ပုဒ်မခွဲ(စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ဆေးခြောက် သို့မဟုတ် ဆေးခြောက်အဆီ သို့မဟုတ် ယင်းနှစ်ခုပေါင်းဖြစ်ပါက တစ်ရာဂရမ်၊"

(ဃ) ပုဒ်မခွဲ (ဇ) ၏နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ-၁) စိတ်ကြွရူးသွပ်ဆေး ဖြစ်ပါက သုံးဂရမ်၊

(ဇ-၂) မက်အက်ဖီတမင်းဟိုက်ဒရိုကလိုရိုက် (အိုက်စ်) ဖြစ်ပါက သုံးဂရမ်၊

(ဇ-၃)အက်ဖီဒရင်း (သို့မဟုတ်) ဆူဒိုအက်ဖီဒရင်း ဖြစ်ပါက သုံးဂရမ်၊"

၂၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၈ ၏ နောက်တွင် ပုဒ်မ ၂၈-က၊ ၂၈-ခ၊ ၂၈-ဂ နှင့် ၂၈-ဃ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၈-က။ ဗဟိုအဖွဲ့၏ရုံးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၂၈-ခ။ ဗဟိုအဖွဲ့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်-

(က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေ ခွဲဝေချထားပေးငွေနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်များ လှူဒါန်းသော ငွေကြေးများဖြင့် ရန်ပုံငွေ ထူထောင်နိုင်သည်။

(ခ) နိုင်ငံတော်က ထောက်ပံ့သော ပစ္စည်းများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်များ လှူဒါန်းသော ပစ္စည်းများကို လက်ခံ၍ လိုအပ်သလို စီမံခန့်ခွဲနိုင်သည်။

၂၈-ဂ။ ဗဟိုအဖွဲ့သည်-

(က) ပြည်ထောင်စုဘဏ္ဍာ ခွင့်ပြုငွေမှအပ ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ စေတနာရှင်များ လှူဒါန်းထားသောပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ(က) ပါရန်ပုံငွေမှ အရအသုံးဆိုင်ရာ စာရင်းဇယားများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုထားရှိပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးခြင်းကို ခံယူရမည်။

၂၈-ဃ။ ပုဒ်မ ၂၄ ပုဒ်မခွဲ(က)(ခ)အရ ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် ငွေကြေးများကို ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းမိန့်ချမှတ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။ ပေးသွင်းသည့် ဘဏ္ဍာရန်ပုံငွေမှ ၁၀ ရာခိုင်နှုန်းကို ဆုငွေအဖြစ် သတ်မှတ်ပေးရမည်။"

၂၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဗဟိုအဖွဲ့သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

# ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း**

**(၂၀၁၇ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့စာရင်းကိုင်များပျက်ကွက်မှုအက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့စာရင်းကိုင်များပျက်ကွက်မှုအက်ဥပဒေThe Public Accountants Default Act ,1850ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## မြစိမ်းရောင်စီမံကိန်းတစ်နှစ်တာဆန်းစစ်သုံးသပ်ပွဲကျင်းပ

**မအူပင် မတ် ၁၆**

မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သည့် တလုပ်စုကျေးရွာနှင့် ဆင်ခေါင်းကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းဆိုင်ရာဆောင်ရွက်ချက် တစ်နှစ်တာဆန်းစစ်သုံးသပ်ပွဲအခမ်းအနားကိုကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလိန်းကွီးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် တလုပ်စု ဆင်ခေါင်းကျေးရွာများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ရာတွင် ကော်မတီဝင်များနှင့် အသင်းဝင်များ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် အားနည်းချက်၊ အားသာချက်များနှင့် အဆိုပါစီမံကိန်းရေရှည်အောင်မြင်ရေးအတွက် ရှေ့ဆက် ဆောင်ရွက်သွားမည့် အစီအမံများအားကျေးရွာမြစိမ်းရောင်ကော်မတီဝင်များမှ ဆန်းစစ်သုံးသပ်ဆွေးနွေးခဲ့ကြောင်းသိရသည်။

**(သပြေထွန်း)**

ပရီမီယာလိဂ်ရင်ခုန်သံ - ၂၉

ရှိုင်း မင်း မင်း

# လီဗာပူးကိုအနိုင်ရယူနိုင်ဖို့ခက်ခဲနေဦးမယ့်မန်စီးတီး

**ပရီမီယာလိဂ်ပွဲစဉ် ၂၉ ကိုလာမယ့်မတ်လ ၁၈၊ ၁၉ ရက်တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ အသင်းကြီး နှစ်သင်းဖြစ်တဲ့ မန်စီးတီးနဲ့ လီဗာပူးဆုံတွေ့နေသလို စပါးကလည်း ဆောက်သမ်တန်နဲ့ရင်ဆိုင်ရမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမယ့် ပွဲစဉ်ဖြစ်နေပါတယ်။**

### ဝက်စ်ဘရွန်း - အာဆင်နယ် ည ၇း၀၀ (၁၈-၃-၁၇)

ချန်ပီယံလိဂ်ကနေ အရှက်ရဖွယ်ရှုံးနိမ့်ခဲ့ရမှုကြောင့် အာဆင်နယ်အနေနဲ့ ဖိအားတွေအောက်ရောက်နေရပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်အနေနဲ့ နောက်ပွဲတွေမှာအားစိုက်နေသလို ပြည်တွင်းပွဲတွေမှာလည်း ခြေထပ် မချော်ဖို့ဂရုတစိုက်ကစားလာမှာသေချာနေပါတယ်။ ဝက်စ်ဘရွန်းကတော့အိမ်ကွင်းဖြစ်သလိုတိုက်စစ်ကစားပုံ မဆိုးပေမယ့် ခံစစ်ပိုင်းကတော့အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်ကသာနိုင်ပွဲရသွားမှာပါ။

### စတုတ် - ချယ်လ်ဆီး ည ၉း၃၀ (၁၈-၃-၁၇)

ချယ်လ်ဆီးကလက်ရှိအချိန်မှာ ကွာဟနေတဲ့အမှတ်ကို ထိန်းထားနိုင်ဖို့နဲ့ ဒီပွဲစဉ်မှာ စပါးကဆောက်သမ်တန်၊ မန်စီးတီးကလီဗာပူးတို့နဲ့ ဆုံတွေ့နေတာကြောင့် နိုင်ပွဲရယူထားနိုင်ဖို့ ပိုမိုအားစိုက်လာမှာသေချာနေပါတယ်။ စတုတ်ကတော့ အိမ်ကွင်းခြေစွမ်းမာကျောတဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးခံစစ်ပိုင်းကတော့ အခုနောက်ပိုင်းမှာ ဂိုးပေးရမှုတွေရှိလာနေပါတယ်။ ဒါကြောင့်လည်းချယ်လ်ဆီးတို့နိုင်ပွဲရနိုင်ပေမယ့် ဂိုးပြတ်ဖို့ခက်ပါတယ်။

### ပဲလေ့စ် - ဝက်ဖို့ဒ် ည ၉း၃၀ (၁၈-၃-၁၇)

တန်းဆင်းရမယ့်အခြေအနေနဲ့ရင်ဆိုင်နေရတဲ့ ပဲလေ့စ်က လက်ရှိအချိန်မှာ အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းနဲ့တိုက်စစ်ကစားပုံ ကလည်းကောင်းမွန်လာပါတယ်။ ဒီပွဲကလည်းအိမ်ကွင်းဖြစ်တာကြောင့် ပဲလေ့စ်တို့နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်လာမှာသေချာနေပါတယ်။ ဝက်ဖို့ဒ်ကတော့အသင်းလိုက် ခြေစွမ်းပိုင်းမဆိုးပေမယ့် အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းနဲ့ခံစစ်ကစားပုံအားနည်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ် မှာ ပဲလေ့စ်တို့အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းရယူနိုင်ဖို့ရှိနေပါတယ်။

### ဆန်းဒါးလန်း - ဘန်လေ ည ၉း၃၀ (၁၈-၃-၁၇)

ဆန်းဒါးလန်းက တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းကတော့ အားရစရာမရှိတာတွေ့ရပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းပွဲဖြစ်နေပေမယ့် ဘန်လေကိုခက်ခက်ခဲခဲရင်ဆိုင်ရနိုင်ပါတယ်။ ဘန်လေကနောက်ပိုင်းပွဲတွေမှာ အဝေးကွင်းစွမ်းဆောင်ရည် တိုးတက်လာသလို တုံ့ပြန်ကစားပုံလည်းကောင်းမွန်နေပါတယ်။ ဒါကြောင့်လည်း ဆန်းဒါးလန်းသရေလောက်ပဲရမယ်။

### အဲဗာတန် - ဟားလ် ည ၉း၃၀ (၁၈-၃-၁၇)

တန်းဆင်းရမယ့်အခြေအနေနဲ့ရင်ဆိုင်နေရတဲ့ ဟားလ်ကတန်းမဆင်းရဖို့ အားစိုက်ကစားနေကာခြေစွမ်းပိုင်းလည်းမဆိုးပါဘူး။ ဒါပေမယ့် အဝေးကွင်းပွဲတွေမှာတော့ခြေစွမ်းပိုင်းအနည်းငယ်ကျ ဆင်းတတ်သလို အဲဗာတန်ကလည်း ဥရောပဝင်ခွင့်ရယူနိုင်ဖို့ အားစိုက်နေကာ အိမ်ကွင်းဖြစ်သလို ခြေစွမ်းပိုင်းလည်းကောင်းမွန်နေပါတယ်။ တိုက်စစ်လည်းထက်မြက်နေလို့ အဲဗာတန်ကသာနိုင်ပွဲကပ်ရမယ်။

### ဝက်စ်ဟမ်း - လက်စတာ ည ၉း၃၀ (၁၈-၃-၁၇)

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ ဝက်စ်ဟမ်းဟာ ဘုန်းမောက်ကို ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အိမ်ကွင်းမှာ အားစိုက်လာမှာ သေချာနေပါတယ်။ လက်စတာကလည်း တန်းမဆင်းရဖို့ အာမခံချက် မရှိသေးတာကြောင့် အားစိုက်ကစားလာမှာဖြစ်သလိုခြေစွမ်းပိုင်းလည်း တိုးတက်မှုတွေရှိနေပါတယ်။ ဒါပေမယ့်လည်း လက်စတာဟာ ချန်ပီယံလိဂ်ပွဲကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်ပါတယ်။ သရေကျဖို့များနေပါတယ်။

### ဘုန်းမောက် - ဆွမ်ဆီး နံနက် ၀၀း၀၀ (၁၉-၃-၁၇)

ဟားလ်ကိုရှုံးနိမ့်ခဲ့ရတာကြောင့် ဆွမ်ဆီးဟာတန်းဆင်းရမယ့် အခြေအနေနဲ့ နီးကပ်နေဆဲဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ဆွမ်ဆီးခြေကလည်းကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမယ့် ဘုန်းမောက်ကလည်း အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းရော တိုက်စစ်ကစားပုံကပါ ကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲကအပြန်အလှန်ထိုးဖောက်မှုတွေနဲ့ အကြိတ်အနယ်ရှိလာမယ့်ပွဲဖြစ်နေသလို အပြန်အလှန်သွင်းဂိုးတွေနဲ့ သရေကျသွားနိုင်ပါတယ်။

### မစ်ဒယ်ဘရော့ - မန်ယူ ည ၆း၃၀ (၁၉-၃-၁၇)

မန်စီးတီးနဲ့လီဗာပူး၊ စပါးစ်နဲ့ဆောက်သမ်တန်တို့ဆုံတွေ့နေတာ ကြောင့် မန်ယူအတွက်ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အဆိုပါ အသင်းတွေ ခြေချော်ခဲ့ရင်အခွင့်အရေးရနိုင်တဲ့အတွက် နိုင်ပွဲရယူထားနိုင်အောင် အားစိုက်လာမှာပါ။ မန်ယူအနေနဲ့ ယူရိုပါလိဂ်ကြောင့်ပွဲပန်းလာနိုင်ကာ မိုဗစ်လည်းမပါနိုင်ပေမယ့် မစ်ဒယ်ဘရော့ခြေကလည်းကျဆင်းနေလို့မန်ယူပဲကပ်နိုင်ခြေရှိပါတယ်။

### စပါး - ဆောက်သမ်တန် ည ၇း၄၅ (၁၉-၃-၁၇)

စပါးအတွက် မထင်မှတ်ဘဲအခက်တွေ့နိုင်တဲ့ပွဲဖြစ်လာနိုင်ပါတယ်။ ဆောက်သမ်တန်ကလက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းသလို အဝေးကွင်းပွဲတွေမှာလည်း တုံ့ပြန်ကစားပုံကောင်းမွန်တတ်တယ်။ ဂတ်ဘီယာဒီနီခြေစွမ်းပြနေတာကြောင့်လည်း တိုက်စစ်ကစားပုံက ကောင်းမွန်မှုရှိနေပါတယ်။ စပါးတို့အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့် အခက်တွေ့နိုင်ကာနိုင်ရင်တောင် ကပ်နိုင်ခြေရှိပါတယ်။

### မန်စီးတီး - လီဗာပူး ည ၁၁း၀၀ (၁၉-၃-၁၇)

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် အရေးပါတာကြောင့်လည်းနှစ်သင်းစလုံးအားစိုက်ကစားကြမှာဖြစ်ပါတယ်။ မန်စီးတီးအနေနဲ့လက်ရှိအချိန်မှာခြေစွမ်းပိုင်းတိုးတက်မှုရှိလာသလို အိမ်ကွင်းလည်းဖြစ်ပေမယ့် လီဗာပူးကလည်း အသင်းကြီးတွေနဲ့ ဆုံတွေ့ချိန်တိုင်းမှာ အားစိုက်ကစားခဲ့သလိုခြေစွမ်းပိုင်းလည်း ကောင်းမွန်ခဲ့ကာ လက်ရှိခြေစွမ်းပိုင်းလည်းတည်ငြိမ်နေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ မန်စီးတီးတို့ အခက်တွေ့နိုင်ခြေရှိနေပြီး သရေလောက်ပဲ ကစားနိုင်မယ်။

---

လာလီဂါရင်ခုန်သံ-၂၈

ရှိုင်း မင်း မင်း

# ယုံကြည်မှုပြည့်ဝနေတဲ့ဘာစီလိုနာပဲနိုင်ပွဲရယူသွားမယ်

**စပိန်လီဂါပွဲစဉ် ၂၈ ကိုလာမယ့် မတ် ၁၈၊ ၁၉၊ ၂၀ နေ့တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ ဘီလ်ဘိုနဲ့ရီးယဲလ်မက်ဒရစ်၊ အက်သလက်တီကိုနဲ့ ဆီဗီလာ၊ ဘာစီလိုနာနဲ့ ဗလန်စီယာတို့ ဆုံတွေ့နေတဲ့ပွဲကောင်းတွေပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိမယ့် ပွဲစဉ်တစ်ခုဖြစ်လာနိုင်ပါတယ်။**

### လက်စ်ပဲလ်မက်စ် - ဗီလာရီးယဲလ် နံနက် ၂း၁၅ (၁၈-၃-၁၇)

အဝေးကွင်းပွဲတွေမှာဆိုရင် ဗီလာရီးရဲခြေက ကျဆင်းတတ်ပါတယ်။ ဒီပွဲစဉ်မှာလည်းနိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့် လက်စ်ပဲလ်မက်စ်ကို ခက်ခက်ခဲခဲရင်ဆိုင်ရနိုင်ပါတယ်။ လက်စ်ပဲလ်မက်စ်က လက်ရှိအချိန်မှာ ရှုန်းအားကောင်းမွန်နေသလို အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းက ပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါကြောင့် ဗီလာရီးယဲလ်သရေလောက်ပဲရမယ်။

### အလာဗက်စ် - ဆိုစီဒက်စ် နံနက် ၀၀း၀၀ (၁၉-၃-၁၇)

ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် ဆိုစီဒက်စ်တို့အားစိုက် ကစားနေသလို ခြေစွမ်းပိုင်းလည်းမဆိုးဘူးလို့ဆိုနိုင်ပါတယ်။ အဝေးကွင်းပွဲတွေမှာလည်း အသင်းလိုက် ရှုန်းအားကောင်းမွန်မှုရှိတတ်ပါတယ်။ ဒါပေမယ့်အလာဗက်စ်ရဲ့ လက်ရှိခြေစွမ်းပိုင်းကလည်းကောင်းမွန်မှုရှိနေသလို အိမ်ကွင်းပွဲတွေမှာ အလာဗက်စ်ကအသင်းလိုက်ရှုန်းအား ပိုမိုကောင်းမွန်တတ်တာကြောင့် ဆိုစီဒက်စ်ရဲ့ဖိအားပေးမှုကို တုံ့ပြန်နိုင်ခြေရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာဆိုစီဒက်စ်အနိုင်ရခဲ့ရင်တောင်ပြတ်သားဖို့ခက်မယ်။

### အီဘား - အက်စ်ပန်ညော ည ၆း၃၀ (၁၈-၃-၁၇)

အီဘားကအိမ်ကွင်းကစားပုံကောင်းမွန်မှုရှိပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းနိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ အက်စ်ပန်ညောကတော့ အဝေးကွင်းပွဲတွေမှာအသင်းလိုက်ခြေစွမ်းပိုင်းမဆိုးပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ဂိုးသွင်းခြေကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာအက်စ်ပန်ညောအနေနဲ့ အီဘားကို အသာရယူနိုင်ဖို့ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ အီဘားတို့အိမ်ကွင်းမှာ အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာပါ။

### ဘတ်တစ် - အိုဆာစူနာ နံနက် ၂း၁၅ (၁၉-၃-၁၇)

အမှတ်ပေးဇယားအောက်ဆုံးကိုရောက်ရှိနေတဲ့ အိုဆာစူနာက တန်းမဆင်းရဖို့အတွက် နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းကတော့ တိုးတက်မှုမရှိတာကိုတွေ့ရပါတယ်။ ဘက်တစ်ကလည်းလက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ သာမန်သာရှိပေမယ့်လည်း အိမ်ကွင်းပွဲဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်းဒီပွဲစဉ်မှာ ဘက်တစ်ကသာ ဖိအားပေးအနိုင်ကစားသွားနိုင်မှာပါ။

### ဘီဘာအို - ရီးယဲလ်မက်ဒရစ် ည ၉း၄၅ (၁၈-၃-၁၇)

ဘီဘာအိုခြေစွမ်းပိုင်းကထင်သလောက်တည်ငြိမ်မှုမရှိဘူးဆိုပေမယ့်လည်း အိမ်ကွင်းရှုန်းအားကတော့ကောင်းမွန်မှုရှိနေပါတယ်။ အိမ်ကွင်းစုစုပေါင်း ၁၄ ပွဲကစားပြီးချိန်မှာ တစ်ပွဲသာရှုံးနိမ့်ခဲ့တာကို တွေ့ရပါတယ်။ ရီးယဲလ်ကတော့ဘာစီလိုနာကိုဖိအားပေးနိုင်ဖို့အတွက် နိုင်ပွဲရရှိအောင် အားစိုက်လာမှာဖြစ်သလို ချန်ပီယံလိဂ်လည်းကစားခဲ့ရမှာ မဟုတ်ပေမယ့် လက်ရှိခြေကအနည်းငယ်ကျဆင်းနေပါတယ်။ ရီးရဲကပ်ပြီးသာနိုင်ခြေရှိတယ်။

### လီဂါနက်စ် - မာလာဂါ ညနေ ၅း၃၀ (၁၉-၃-၁၇)

လီဂါနက်စ်က တန်းမဆင်းရဖို့အတွက် စိတ်ချရမှုမရှိသေးဘူး။ ဒါကြောင့်လည်းနောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလိုခြေစွမ်းပိုင်းလည်း တိုးတက်မှုတွေရှိလာတာကို တွေ့ရပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း လီဂါနက်စ်တို့ပိုမိုအားစိုက်လာမှာဖြစ်ပါတယ်။ မာလာဂါကတော့ လက်ရှိခြေစွမ်းအရ အားနည်းမှုတွေရှိနေသလို အဝေးကွင်းပွဲတွေမှာလည်းခြေစွမ်းကျဆင်းတတ်ပါတယ်။ လီဂါနက်စ်ကပ်နိုင်ခြေရှိပါတယ်။

### အက်သလက်တီကို - ဆီဗီလာ ည ၉း၄၅ (၁၉-၃-၁၇)

ဒီဆုံတွေ့မှုက ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့အတွက် အရေးပါတဲ့ ဆုံတွေ့မှုဖြစ်ပါတယ်။ အထူးသဖြင့် ဆီဗီလာဟာ နိုင်ပွဲပျောက်ဆုံးခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာဖြစ်တဲ့အပြင် အခုနောက်ပိုင်းမှာလည်း ခြေစွမ်းပိုင်းတိုးတက်မှုတွေရှိနေပါတယ်။ ဒါပေမယ့်လည်း အက်သလက်တီကိုကလည်း အိမ်ကွင်းပွဲဖြစ်လို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်တယ်။ ချန်ပီယံလိဂ်ကြောင့်လည်းနှစ်သင်းစလုံးပွဲပန်းနိုင်နေပါတယ်။ သရေကျဖို့များပါတယ်။

### ဂီဂျွန် - ဂရန်နာဒါ နံနက် ၀၀း၀၀ (၂၀-၃-၁၇)

တန်းဆင်းဇုန်အတွင်းရောက်နေတဲ့ ဂီဂျွန်ကတန်းမဆင်းရဖို့အတွက် အခုလိုအိမ်ကွင်းမှာအားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ဂီဂျွန်ခြေက အားနည်းမှုတွေရှိနေတာကိုတော့ သတိပြုရမှာဖြစ်ပါတယ်။ ဂရန်နာဒါကလည်းဒီပွဲစဉ်မှာနိုင်ပွဲရယူနိုင်ခဲ့ရင် တန်းမဆင်းရဖို့ ပိုမိုမျှော်လင့်လာနိုင်မှာဖြစ်တာကြောင့် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါကြောင့်လည်းဒီပွဲစဉ်မှာ ဂီဂျွန်တို့သရေလောက်ပဲကစားနိုင်မယ်။

### ဒီပို့တီဗို - ဆဲလ်ဆာဗီဂို နံနက် ၀၀း၀၀ (၂၀-၃-၁၇)

ဆဲလ်တာဗီဂိုခြေစွမ်းပိုင်းကတည်ငြိမ်မှုအားနည်းနေပါတယ်။ အထူးသဖြင့် ဆဲလ်တာဗီဂိုက အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုကျဆင်းတတ်ပါတယ်။ ဒီပို့တီဗိုကတော့ တန်းမဆင်းရဖို့ရှုန်းကန်နေချိန်ဖြစ်သလို လက်ရှိအချိန်မှာလည်း အသင်းလိုက်ခြေစွမ်းပိုင်းအရ တိုးတက်မှုတွေရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဒီပို့တီဗိုတို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဒီပို့တီဗိုကပဲကပ်နိုင်ခြေရှိတယ်။

### ဘာစီလိုနာ - ဗလင်စီယာ နံနက် ၂း၁၅ (၂၀-၃-၁၇)

လက်ရှိအချိန်မှာ ဘာစီလိုနာခြေကအကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ပီအက်စ်ဂျီလိုအသင်းမျိုးကိုဂိုးပြတ်အနိုင်ရယူနိုင်ခဲ့လို့လည်း ယုံကြည်မှုတွေရှိလာနိုင်ပါတယ်။ ရီးရဲမက်ဒရစ်ရဲ့အထက်မှာ ဆက်လက်ရပ်တည်နိုင်ဖို့အတွက်လည်းနိုင်ပွဲရယူနိုင်အောင် အားစိုက်လာမှာသေချာနေပါတယ်။ ဗလင်စီယာကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ ကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်သလို တိုက်စစ်ကစားပုံလည်းမဆိုးပေမယ့် ဘာစီလိုနာကိုတော့ယှဉ်ကစားနိုင်ဖို့ ခက်ခဲနေပါတယ်။ ဘာစီလိုနာကသာနိုင်ပွဲရသွားနိုင်ပါတယ်။

# ဖွဲ့ကပင်တောင်ခြေရှိအပျော်စီးကေဘယ်ချဲအား ပြည်တွင်းပြည်ပဘုရားဖူးများနှင့် နိုင်ငံခြားခရီးသွားများ ပိုမိုစိတ်ဝင်စား


ဓာတ်ပုံ - သက်နိုင်ဝင်း

**ဘားအံ မတ် ၁၇**
ကရင်ပြည်နယ် ဘားအံမြို့နယ် တော်ပုံကျေးရွာ ဖွဲ့ကပင်တောင်ခြေ လုမ္ဗိနီဥယျာဉ်တွင် တည်ဆောက်ဖွင့်လှစ်ထားသော ကေဘယ်ချဲ (Cable Chair) အား ဖွဲ့ကပင်ဆံတော်ရှင်ဗုဒ္ဓပူဇနိယဘုရားပွဲတော်သို့ လာရောက်သော ပရိသတ်များ၊ ပြည်တွင်း ပြည်ပဘုရားဖူးများနှင့် နိုင်ငံခြားခရီးသွားလေ့လာသူများ၏ စိတ်ဝင်စားဖွယ်အားကောင်းသည့် ဆွဲဆောင်မှုတစ်ခုဖြစ်နေကြောင်း သိရသည်။

၂၀၁၇ ခုနှစ် တပေါင်းလပြည့်နေ့ ဖွဲ့ကပင်ဆံတော်ရှင် ဗုဒ္ဓပူဇနိယဘုရားပွဲတော်သို့ လာရောက်သော ပရိသတ်များ၊ ပြည်တွင်း ပြည်ပဘုရားဖူးများ၊ နိုင်ငံခြားခရီးသွား လေ့လာသူများ၏ စိတ်ဝင်စားမှု ပိုမိုအားကောင်းလာသဖြင့် တစ်နေ့ထက်တစ်နေ့ လာရောက်စီးနင်းသူ ပိုမိုများပြားလာကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ကေဘယ်ချဲကို လာရောက်စီးနင်းဖို့ ပရိသတ်ပြည်သူတွေသိအောင် နှိုးဆော်ပေးနေပါတယ်။ ဘုရားဖူးလာရောက်တဲ့ သံဃာတော်နဲ့ သီလရှင်တွေကို အခမဲ့စီးနင်းခွင့်ပြုပေးထားပြီး လူပုဂ္ဂိုလ်တွေအနေနဲ့တော့ ကေဘယ်ချဲကိုစီးမယ်ဆိုရင် အလှူငွေ ၁၀၀၀ ကျပ်ထည့်ပြီး စီးနင်းရပါတယ်။ ရရှိလာတဲ့အလှူငွေတွေကလည်း ဖွဲ့ကပင်တောင်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆရာတော်ဘုရားရဲ့ သာသနာပြုလုပ်ငန်းတွေအတွက် သုံးစွဲသွားမှာဖြစ်ပါတယ်" ဟု နှိုးဆော်ရေးကော်မတီဝင် ဦးဝင်းဗိုလ်က ပြောသည်။

ဖွဲ့ကပင်တောင်ခြေရှိ ကေဘယ်ချဲသို့ ရဟန်းရှင်လူ ပြည်သူများနှင့် နိုင်ငံခြားခရီးသွားလေ့လာသူများ စိတ်အေးချမ်းသာစွာ အပန်းဖြေစီးနင်းနိုင်ရေးအတွက် ဖွဲ့ကပင်တောင်ခြေ၌ ဆရာတော်ဖွင့်လှစ်ထားသည့် ယူနိုက်တက်အကယ်ဒမီပို့ဂျပန်စကားပြောသင်တန်းသို့ တက်ရောက်သင်ကြားနေသည့် တိုင်းရင်းသားလူငယ် မောင်မယ်လေးများက ပရဟိတလုပ်ငန်းဒါနအဖြစ် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖွဲ့ကပင်တောင်ခြေ လုမ္ဗိနီဥယျာဉ်ရှိ ကေဘယ်ချဲကို ကြိုးထောက်တိုင် ၁၀ တိုင်၊ အရှည် မီတာ ၃၀၀၊ အတွဲပေါင်း ၃၀ ပါရှိကာ တစ်တွဲလျှင် လူကြီးနှစ်ယောက်၊ ကလေးသုံးယောက်မှ လေးယောက်အထိ စီးနင်းလိုက်ပါနိုင်ပြီး တစ်နာရီလျှင် လူဦးရေ ၅၀၀ ခန့် စီးနင်းနိုင်ကြောင်း သိရသည်။ ကေဘယ်ချဲအား လျှပ်စစ်ဓာတ်အားသုံးစွဲ၍ လည်ပတ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားချွတ်ယွင်း ပြတ်တောက်မှုများဖြစ်ပါကလည်း အင်ဂျင်မီးစက်ဖြင့် အစားထိုးလည်ပတ်နိုင်ရေးနှင့် စီးနင်းသူများ ဘေးကင်းလုံခြုံရေးအတွက်လည်း စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

"ကေဘယ်ချဲကို ဖွဲ့ကပင်တောင်မှာ ပထမဆုံး လာတပ်ဆင်ရတာ ဦးအနေနဲ့ အင်မတန်ကို ဝမ်းသာပါတယ်။ ဦးရဲ့ပညာ၊ အတွေ့အကြုံ၊ ဗဟုသုတ၊ အရင်းအနှီးနဲ့ ခွင့်ပြုမိန့်ရရှိမယ့်နေရာတွေမှာ တပ်ဆင်သွားချင်တယ်။ တပ်ဆင်ချင်တဲ့နေရာကတော့ ခွင့်ပြုမိန့်ရအောင် လျှောက်ပေ့ါ။ တည်ဆောက်ပြီးစီးရင် ပိုက်ဆံကောက်၊ ရရှိတဲ့ကောက်ခံငွေထဲကနေ အစိုးရကိုပေးရမယ့် အခွန်အခတွေ၊ အလုပ်သမားဝန်ထမ်းစရိတ်တွေ၊ ပြုပြင်ထိန်းသိမ်းရေးစရိတ်တွေနုတ်ပြီး ၅၀ ရာခိုင်နှုန်းသာ ဦးအနေနဲ့ ရယူမယ်။ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းကို အဲဒီနေရာမှာ လှူဒါန်းပေးသွားမှာဖြစ်တယ်။ ဦးယူတဲ့ ၅၀ ရာခိုင်နှုန်းကိုလည်း လိုအပ်တဲ့နေရာသုံးခုမှာ ထပ်မံတပ်ဆင်နိုင်ရေးအတွက် သုံးစွဲသွားဖို့ဖြစ်တယ်။ အထူးသဖြင့် ဘာသာရေး၊ ပရဟိတဆေးရုံ၊ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့နေရာတွေမှာ တည်ဆောက်လှူဒါန်းသွားချင်ပါတယ်"ဟု ကေဘယ်ချဲ တာဝန်ယူတည်ဆောက်ခဲ့သည့် ပြည်တွင်းအင်ဂျင်နီယာ ဦးကျော်ကျော်က ပြောသည်။

မီတာ ၃၀၀ အရှည်၊ အတွဲ ၃၀ ပါရှိသည့် ဖွဲ့ကပင်တောင်ခြေ လုမ္ဗိနီဥယျာဉ် ကေဘယ်ချဲအား မြန်မာကျပ်ငွေ သိန်းပေါင်း ၃၅၀၀ ကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကာ ပစ္စည်းတန်ဖိုးနှင့် စရိတ်အနေဖြင့် ကျပ်သိန်း ၁၅၀၀ သာ ဖွဲ့ကပင်တောင်ဆရာတော်ထံမှ စွန့်ယူသွားမှာဖြစ်ပြီး ကျပ်သိန်း ၂၀၀၀ ကျော်အား ကေဘယ်ချဲတာဝန်ယူတည်ဆောက်သည့် ရွှေတိုင်းကျော် စက်မှုလက်မှုလုပ်ငန်းမှ ဦးကျော်ကျော် AGTI(EC) မိသားစုမှ ကမ္ပည်းထိုးလှူဒါန်းသွားမည်ဟု သိရသည်။

ကေဘယ်ချဲစတင်ဖွင့်လှစ်သည့် မတ် ၁ ရက်မှ ယခုအချိန်ထိ ငွေကျပ်သိန်းတစ်ရာကျော် အလှူငွေရရှိနေပြီး ဖွဲ့ကပင်ကေဘယ်ချဲလာရောက်စီးနင်းသူများအနေဖြင့် လူတစ်ဦးလျှင် လက်မှတ်တစ်စောင်စီဝယ်စီးရန်၊ လက်မှတ်တစ်စောင်လျှင် တစ်ကြိမ်သာစီးနင်းခွင့်ရှိသည်။ သက်ကြီးရွယ်အိုနှင့် ကလေးငယ်များ၊ ရောဂါရှိသူများ မစီးရ။ ဆေးလိပ်၊ ကွမ်း၊ ပီကေ မစားရ၊ မထွေးရ၊ အမှိုက်မပစ်ချရ၊ ခုန်ပေါက်ဆော့ကစားခြင်း၊ အောက်သို့ခုန်ချခြင်းမပြုလုပ်ရ၊ အဂါရဝဖြစ်စေမည့် (မလုံခြုံသော) အဝတ်အစားများဖြင့်မစီးရ စသည့်စည်းကမ်းချက်များ ထုတ်ပြန်ထားကြောင်းလည်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**ပဲခူး မတ် ၁၇**
ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ် ကမ္ဘောဇသာဒီခန်းမ၌ မတ် ၁၆ ရက် နံက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် မုတ္တမပင်လယ်ကွေ့ဒေသရပ်ရွာအခြေပြု ကမ်းရိုးတန်းစီမံခန့်ခွဲမှုစီမံချက်တို့ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုင်းကျော်မြင့်က ငါးလုပ်ငန်းနှင့်ပတ်သက်သော လုပ်ငန်းအခြေအနေများနှင့် လက်ရှိကြုံတွေ့နေရသောရေလုပ်ငန်းပြဿနာများ ဖော်ထုတ်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် SDC မှ အကြီးတန်းစီမံကိန်းအရာရှိ ဦးအောင်ကျော်ကျော်က CLCMGOMP စီမံကိန်းအကြောင်းကိုလည်းကောင်း၊ မုတ္တမပင်လယ်ကွေ့ဒေသ ရပ်ရွာအခြေပြု ကမ်းရိုးတန်းစီမံခန့်ခွဲမှုစီမံချက်အမှုဆောင်အရာရှိချုပ် ဦးဘော်ဘီက NAG ၏ ငါးလုပ်ငန်းကဏ္ဍ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် စီမံကိန်းအတွေ့အကြုံများကိုလည်းကောင်း၊ စီမံကိန်းအရာရှိ ဦးသန့်ဇင်ဖြိုးက ပဲခူးတိုင်းဒေသကြီး ရေလုပ်ငန်းအပေါ် လေ့လာတွေ့ရှိချက်များ ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများမှ မိမိတို့၏လုပ်ငန်းအခက်အခဲပြဿနာများကို အုပ်စုဖွဲ့ ပြန်လည်တင်ပြဆွေးနွေးကြသည်။

စီမံထုတ်လုပ်ခြင်းကဏ္ဍနှင့် ဘုံငါးဖမ်းကွက်ကဏ္ဍတို့အား ညှိနှိုင်းဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ရေလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ **တင်စိုး(ပဲခူး)**

# ကဝမြို့ပေါ်ဆေးအရောင်းဆိုင်များအား ရှောင်တခင်စစ်ဆေးပြီး မှုခင်းအသိပညာပေး

**ပဲခူး မတ် ၁၇**
ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မြို့ပေါ်ရပ်ကွက်များရှိ ဆေးအရောင်းဆိုင်များအား မတ် ၁၆ ရက် နံနက် ၁၁ နာရီက ကဝမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဌေးဝင်းဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ ကဝမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် ကာမစိတ်ကြွဆေးနှင့် မူးယစ်ဆေးဝါးများရောင်းချခြင်းရှိ-မရှိ ရှောင်တခင်ဝင်ရောက် စစ်ဆေးခဲ့ကြကြောင်း သိရသည်။

"ဒီလိုဆေးအရောင်းဆိုင်တွေကို သကြၤန်နီးလာတော့ မကြာခဏ စစ်ဆေးတာတွေ လုပ်စေချင်ပါတယ်။ ဒါမှမှုခင်းလျော့နည်းကျဆင်းလာမှာပါ။ ခုလဲရှောင်တခင် စစ်ဆေးရင်းနဲ့ ဆိုင်တိုင်းကို မှုခင်းအသိပညာပေးတွေ ဟောပြောသွားခဲ့တဲ့အတွက် မှုခင်းအသိပညာတွေရရှိခဲ့ပါတယ်" ဟု ဆေးဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။ **၅၈၇**


# မြန်မာနိုင်ငံ ငလျင်ကော်မတီက တိုက်ကြီးမြို့မြေငလျင်လှုပ်ခတ်မှုအခြေအနေ ကွင်းဆင်းစစ်ဆေး

**တိုက်ကြီး မတ် ၁၇**
တိုက်ကြီးမြို့အနောက်တောင်ဘက် ၅ မိုင်ခန့်အကွာ ဗဟိုပြု၍ အင်အားရစ်ချ်တာကေး ၅ ဒသမ ၈ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ မြေငလျင်သည် မတ် ၁၃ ရက် ည ၉ နာရီ ၄၉ မိနစ်ခန့်က လှုပ်ခတ်ခဲ့သဖြင့် လူနေအိမ်များ၊ ရုံးများ၊ သာသနိကအဆောက်အအုံများ ပျက်စီးခဲ့သည်။

ငလျင်လှုပ်ခတ်ခဲ့သည့်အခြေအနေများ အကြောင်းရင်းများ သိရှိလေ့လာနိုင်ရန် မြန်မာနိုင်ငံ ငလျင်ကော်မတီဒုဥက္ကဋ္ဌ ဦးစောဌေး၊ အတွင်းရေးမှူး ဦးသူရအောင်၊ UN Habitat မှ ဒေါ်ခင်မြကျော်၊ ရန်ကုန်တက္ကသိုလ် ရန်ကုန်နည်းပညာတက္ကသိုလ်များမှ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများပါဝင်သောအဖွဲ့သည် မတ် ၁၅ ရက် နံနက် ၁၀ နာရီခန့်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ ဒုဦးစီးမှူး ဦးအောင်ကျော်၊ မြို့မိမြို့ဖ ဦးထွန်းလှိုင်တို့နှင့်တွေ့ဆုံကာ ငလျင်လှုပ်ခတ်မှုအခြေအနေများ၊ ပြိုကျသည့်အဆောက်အအုံများ၏ မြေအမျိုးအစားများ၊ မြေအက်ကြောင်းရှိနေသော အဆောက်အအုံများ အန္တရာယ်ရှိနေသောအဆောက်အအုံများ၊ စမ်းသပ်ခြင်း၊ တိုင်းတာခြင်း၊ မြေငလျင်စတင်လှုပ်ခတ်မှုအခြေအနေများ ဆွေးနွေးမေးမြန်းသည်။

ထို့နောက် ငလျင်လှုပ်၍ပျက်စီးသောနေရာများ အန္တရာယ်ရှိနေသာနေအိမ်များ၊ ကားလမ်းများအက်ကွဲခြင်းတို့ကို ကွင်းဆင်းစစ်ဆေး တိုင်းတာခြင်းများ ပြုလုပ်ကြသည်။ အဖွဲ့အနေဖြင့်တွေ့ရှိချက်များ နောက်ဆက်တွဲမြေငလျင်လှုပ်နိုင်သောအခြေအနေတို့ကို စာရင်းပြုစုထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**



# မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ကျောက်တန်းမြို့နယ်၌ အသိပညာပေး

**ကျောက်တန်း မတ် ၁၇**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အစီအစဉ်ဖြင့် မှုခင်းပညာပေးပြခန်းယာဉ်သည် မတ် ၁၆ ရက် နံနက် ၉ နာရီ မိနစ် ၄၀ က ကျောက်တန်းမြို့နယ်သို့ရောက်ရှိလာရာ ကျောက်တန်းမြို့မရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ်ကျော်သူနှင့်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)၊ တပ်ဖွဲ့စု(၅၄) ကျောက်တန်းမြို့နယ်မှ ဒုရဲမှူးလှကျော်ဦး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စု(၄၃)မှ ရဲအုပ်နေခြည်လင်းတို့က ပါဒကြီးလမ်းဆုံ၌ရပ်တန့်ကာ မှုခင်းကြိုတင်ကာကွယ်ရေး၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးတို့ဟောပြော၍ လက်ကမ်းစာဆောင်များဖြန့်ဝေပေးခဲ့ရာ ပြည်သူ ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

# DADDY (ဒယ်ဒီ)

**သကြ္ဂန်ခရီးစဉ်များ** Ph: 09 448001903, 09 250827383

ရွှေစက်တော်-ပုပ္ပါး-ပုဂံ-စွယ်တော်လေးဆူ ၄ည/၅ရက် 205000 April-13
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ-အလောင်းတော်ကဿပ ၅ည/၆ရက် 205000 April-12,17
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-ရွှေညောင်(?)-လွိုင်ကော် ၄ည/၅ရက် 205000 April-12
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော ၃ည/၄ရက် 180000 April-12,17
ငပလီ ၃ည/၄ရက် 165000 April-17
ပုပ္ပါး-ပုဂံ-စွယ်တော်လေးဆူ-ပခုက္ကူ ၃ည/၄ရက် 180000 April-12,17
ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန် ၄ည/၅ရက် 210000 April-12,17
မြဝတီ-မဲဆောက်-ဖားအံ ၃ည/၄ရက် 180000 April-12,17
တောင်ကြီး-အင်းလေး-ပင်တယ-ကလော-ပုဂံ-စွယ်တော်လေးဆူ ၄ည/၅ရက် 235000 April-12,17
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-မန္တလေး-ပြင်ဦးလွင် ၅ည/၆ရက် 265000 April-12,17
ချင်းပြည်နယ်-ကန်ပက်လက်- မင်းတပ်-နတ်မတောင် ၄ည/၅ရက် 230000 April-13

စားရိတ်ငြိမ်း


**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ နေပြည်တော် ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံ လျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၅-၃-၂၀၁၇ရက်မှ ၂၁-၃-၂၀၁၇ရက်ထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါ ပိတ်မည့်ရက်နှင့် အချိန်မှာ ၂၁-၃-၂၀၁၇ရက်၊ ညနေ ၄း၀၀နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**၂၀၀၇-၂၀၀၈ အထက(၅)ဗိုလ်တထောင်**
**ကျောင်းသား/ကျောင်းသူဟောင်းများ၏**
**ပထမအကြိမ်မြောက်**
**အာစရိယပူဇော်ပွဲကျင်းပခြင်းနှင့် ဖိတ်ကြားခြင်း**

အထက(၅)ဗိုလ်တထောင်မှ ၂၀၀၇-၂၀၀၈ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို မတ်လ ၂၇ရက် (တပ်မတော်နေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီထိ အထက(၅)ဗိုလ်တထောင်ရှိ ဟောခန်းမတွင် ကျင်းပမည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်ရှိ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများ တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အလှူငွေလှူဒါန်းလိုသူများအနေဖြင့် ဆက်သွယ်ရန်
- အောင်ကိုလွင် - ၀၉-၅၀၄၇၉၆၁
- ဇမ္ဗူဟာန် - ၀၉-၉၆၂၀၅၈၂၅၁
- ယုဒါလီထွန်း - ၀၉-၉၆၂၀၅၇၇၆၂
- ယွန်းဇာမွန် - ၀၉-၉၆၂၀၅၇၇၃၂
- အောင်သော် - ၀၉-၉၆၄၁၆၄၃၄၆

**ကျောင်းသား/ကျောင်းသူဟောင်းများ(၂၀၀၇-၂၀၀၈)**


ဆရာရန်နိုင် DRAGONKING
ကွန်ဖူး - ဗန်ရီ - ထိုက်ချီ
ကွန်ဖူး အထူးအမြန်ဖိုက်တင်ရက်တိုသင်တန်း
အမှတ်-၃၆၇(၆-လွှာ)၊မဟာဗန္ဓုလလမ်းနှင့်ဉစလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်။ ၀၉ ၅၀၁၆၆၂၃၊ ၀၉၂၅၃၂၄၂၈၁၄၊









# KSD KHAING KHAING SANGDA MOTORCAR

**(15.3.17) မှ (12.4.17) ထိ မြန်မာနှစ်သစ်ကူး Promotion အထူးဈေးရောင်းပွဲတော်**

KHAING KHAING SANGDA MOTORCAR စက်ရုံမှ ထုတ်လုပ်သော ဆီစားသက်သာပြီး အကြမ်းခံသည့် Light Truck MPV မော်တော်ယာဉ်များအား မြန်မာနှစ်သစ်ကူးသကြ္ဂန်အထူးဈေးရောင်းပွဲတော် (15.3.17) မှ (12.4.17)ထိ မူလဈေးနှုန်းထက်(၁၀)သိန်းလျှော့ရောင်းမည်ဖြစ်ပါကြောင်း မိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။ရုံးချုပ် - အမှတ်(၇၉/၈၀)သာခုကန်စက်မှုဇုန် (၃/၄)ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။



Tel : 09-428333333, 09-30356666,09-799820376, 01-611351, 01-611268, 09-425111111
Show Room - အမှတ်(၁၄၈)ပြည်လမ်း၊ (A-1) မှတ်တိုင်နား၊ မရမ်းကုန်း၊ Tel : 01-660871, 09-331265891



တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုပြီးသူ ကျောင်းသူ/ကျောင်းသားများ တက်ရောက်နိုင်ပါပြီ။

# BUDGET INTAKE 50% DISCOUNT

**ကွန်ပျူတာ သိပ္ပံဘွဲ့ ဒီဂရီ**
- B.Sc (Hons) Business IT
University of Greenwich (UK)

**BTEC အင်ဂျင်နီယာ ဒီပလိုမာ**
- HND (Higher National Diploma) UK
- B.Sc (Engineering) UK

**ဆက်သွယ်ရေး အင်ဂျင်နီယာ ဒီပလိုမာ**
- Telecommunication Engineering Certificate (Huawei)
- Telecommunication Engineering Diploma (MITT)

**သင်တန်းဖွင့်ရက် - မတ်လ (၂၀) ရက်**

**Hot-Line: 01-246634, 01-249152**

ကြိုတင်စာရင်းသွင်းရန် - www.facebook.com/mcc.institute

MCC.i (Yangon Campus) Ph - 01-246634, 01-245762, 249152
MCC.i (Mandalay Campus) Ph - 09 - 402671562, 011-202113
MCC.i (Naypyitaw Campus) Ph - 09-254148940, 067 - 421198
MCC.i (Yatanarpon Campus) Ph - 09- 960662744, 02-5178112
MCC.p (Monywa) - 09-965676777, 09-265333120
MCC.p (Pathein) - 09-451 888 373, 09- 773 510 899



## ပိုင်ရှင်ကိုယ်တိုင်ငှားမည်။

အထက်ပန်းဆိုးတန်းလမ်းမ၊ မြန်မာ့ဂုဏ်ရည်ကွန်ဒို (မောင်ဝိတ်)၊ မြို့ထဲ၊ အောင်ဆန်းကွင်းအနီး၊ (၁၈၅၀) sqft ၊ MBR (2)၊ BR (1)၊ A/C (5)၊ ကျွန်းပါကေး၊ အဆင့်မြင့်ပြင်ဆင်ပြီး၊
Fully Furnished 1600$/month (ညှိနှိုင်း)
Ph: 09 25-444-9589, 09-79-59-77782
09-78-25-99011 (ရုံးချိန်အတွင်း)

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်းမပေါ်၊ မြေညီထပ်၊ (စမ်းချောင်းမီးသတ်အနီး)၊ (၁၃'x၅၀')၊ ထပ်ခိုးတစ်ဝက်ပါ၊ ကြွေပြားခင်း/ကပ်၊ အဆင့်မြင့်ပြင်ဆင်ပြီး နေရာကောင်း။
၂၃၀၀ သိန်း (ညှိနှိုင်း)
Ph: 09 25-444-9589, 09-79-59-77782
09-78-25-99011 (ရုံးချိန်အတွင်း)

ဒေါက်တာအောင်ဇော်မိုး(ခ)ဆရာဇော်မိုး ဦးစီးသော

# အောင်အကယ်ဒမီ

AUNG ACADEMY PRIVATE SCHOOL
AAPS

## ကိုယ်ပိုင်အထက်တန်းကျောင်း

ပဉ္စမတန်းမှတက္ကသိုလ်ဝင်တန်းအထိ

နေ့တက်နှင့် အဆင့်မြင့်ဘော်ဒါ

## ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများ



မောင်ဘုန်းပြည့်ကျော်
ဆရက-၄၅၆ (ပဲခူးမြို့)



မောင်မျိုးမင်းသိန်း
ဆရက-၅၈၂ (ဇန်းမော်မြို့)



မမြတ်သီရိကျော်
ဆရက-၄၆၂ (ရန်ကုန်မြို့)



မဖြူမွန်ကြည်
ဆရက-၄၆၄ (ရန်ကုန်မြို့)



မကေခိုင်ကြွယ်
ဆရက-၄၆၅ (တောင်ကြီးမြို့)



မပြည့်ကြည်သာချော
ဆရက-၄၈၄ (ရန်ကုန်မြို့)



မခြူးပွင့်ခြယ်
ဆရက-၄၈၅ (ရန်ကုန်မြို့)



မမြတ်သီဂီနွယ်
ဆရက-၅၃၉ (ရန်ကုန်မြို့)



မစိုးစန္ဒာသော်
ဆရက-၅၇၇ (ရန်ကုန်မြို့)

- ရန်ကုန်တိုင်းဒေသကြီးရှိအထက်တန်းကျောင်းများတွင် ၂၀၁၃၊ ၂၀၁၅၊ ၂၀၁၆ သုံးနှစ်တိုင်တိုင် အောင်ချက်အကောင်းဆုံး **Top Ten** စာရင်းဝင်ကျောင်း
- ရန်ကုန်တိုင်းဒေသကြီးရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများတွင် ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ် (နှစ်နှစ်ဆက်တိုက်) ဘာသာစုံဂုဏ်ထူးရှင်အများဆုံး ထွက်ရှိသောကျောင်း

(၆)ဘာသာဂုဏ်ထူးရှင် - ၉ ဦး
(၅)ဘာသာဂုဏ်ထူးရှင် - ၅ ဦး
(၄)ဘာသာဂုဏ်ထူးရှင် - ၁၅ ဦး
(၃)ဘာသာဂုဏ်ထူးရှင် - ၁၅ ဦး
(၂)ဘာသာဂုဏ်ထူးရှင် - ၁၉ ဦး
(၁)ဘာသာဂုဏ်ထူးရှင် - ၂၄ ဦး

အောင်အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း - ခြံအမှတ် (၂၅၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမ (မိုးကောင်းလမ်းထိပ်) တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃ ၆၆၆၆ ၃၃၊ ၀၉ ၃၁၁၁ ၉၉၉၀

အောင်အကယ်ဒမီ
ကိုယ်ပိုင်အထက်တန်းကျောင်း
(ကျောင်းခွဲ)

# အောင်သစ္စာ

## ကိုယ်ပိုင်အထက်တန်းကျောင်း

သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်း အထိ

အမှတ်(၇၄/၇၆)၊ မန္တလေးလမ်း၊ ကန်/အရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၀၉၄၆၊ ၀၉၇၃၂၄၃၃၃၈



# R
## The Rich Gems
Since 1996

Up To
Enjoy **35%** off

# THINGYAN
*Sales Promotion*

25th - 26th March 2017
(Saturday & Sunday)

No. 303, U Wisara Road, Sanchaung Township, Yangon, Myanmar. Ph : 95 1 500060

---

ကိုယ်ပိုင် ဦးပိုင်
**ရွှေလမ်းညွှန်**
အမှတ်(၁၁၈)၊ ၂၈လမ်း (အလယ်) ပန်းဘဲတန်း
.... 500000 .... Mar24
.... 125000-Apr12
09-420087371, 09-262705136, 09-259302029

---

**တုန်းမြတ်ထိစ်**
**Car Rental Service**
ရန်ကုန်မြို့တွင်း/နယ်ဝေး
ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်၊
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်၊
Ph: 09420292051, 095086249
09455086249, 09764292051

---

**တက်လှ**
အိမ်ပြောင်း/အိမ်ရွှေ့
ဈေးနှုန်းချိုသာစွာဖြင့်
မြို့တွင်း/နယ်ဝေး
အကောင်းဆုံး
ဝန်ဆောင်မှုပေးသည်
09 261111549
09 257962225

---

**အောင်ချမ်းသာ**
အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့အိမ်ခန်း၊ရုံးခန်း၊ပြောင်းရွှေ့ခြင်းများအတွက် DYNA 14',16' ကားများနှင့်အလုပ်သမားစီစဉ်ပေးသည်။
09 43182828
09 73140091
09 5037847

---

Japanese BBQ
**Manpuku**
BUFFET STYLE

JAPANESE BBQ
**BUFFET STYLE**

| | |
|---|---|
| လူကြီး | 12,800 Ks |
| ကလေး (၃ပေခွဲ မှ ၄ပေ) | 7,000 Ks |
| ကလေး (၃ပေခွဲအောက်) | FREE |



**အားလုံး ပျော်ပျော်ပါးပါးကြီး**
**သွားစားကြရအောင်**



(3:00~6:00pm)အတွင်း ***Soft Drink FREE*** **MARCH PROMOTION**

ဆိုင်ဖွင့်ချိန် (3:00pm ~ 11:00pm) Last Ordar နောက်ဆုံးမှာကြားရန် (10:00pm)
အမှတ် (26/26B) အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရထားသံလမ်းအနီး။
Ph: 099 6155 5966, 099 6155 7977, 09 8300 426

---

**တရုတ်**
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang

**ENGLISH**
Conversation Practice
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း

Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
(11 y 25) ရက်အတွင်း ကျောင်းအပ်မည့်သူများ 10%Discount

---

# THREE STAR
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း
ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက်
ဝန်ဆောင်မှုပေးနေပါသည်။

Split Type Air-con Brand New — 1HP 255000-Ks
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း — 1.5HP 310000-Ks
(Copper Pipe-10', Drain Pipe, Wire, Frame, Transportation)
"အနီးဆုံးဆိုင်ခွဲသို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ပဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932

---

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
လှည်းကူးမြို့ပဲခူး - ရန်ကုန်လမ်းမကြီးအနီးဥယျာဉ်
မြံမြေ၊မီးရှိ၊(40'x60') - 60သိန်း၊
(40'x40') - 40သိန်း၊(40'x35') - 35သိန်း
Ph:09-799912803,09-250168879

---

ချောင်းသာကမ်းခြေ ရောက်ပြီဆို ချောင်းသာယာကို စီးဖို့လို . . .

**ချောင်းသာယာ အပျော်စီးသင်္ဘော**

အထူးအစီအစဉ် — (ကြို/ပို့) ပါပြီး၊ တစ်ဦးကျပ် **(5,000)** ကျပ်

ဒီနေ့ (2:00) နာရီ ကြို၊ (3:30) နာရီ ကမ်းခြေ ပြန်ရောက် / တနင်္ဂနွေ (9:30) နာရီ ကြို (11:00) နာရီ ကမ်းခြေ ပြန်ရောက်

လက်မှတ်များကို ဥတိုတံတား (ရုံး) နှင့် ချောင်းသာလမ်းမတစ်လျှောက်ရှိ အရောင်းဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။
စုံတွဲများ၊ မိသားစုများနှင့် Group များအတွက် "Promotion Rate" ဖြင့် "ဖော်တော်အရွယ်စားစုံ" ငှားရမ်းနိုင်ပါသည်။
Tours Company များလည်း ဆက်သွယ်နိုင်ပါသည်။ ရန်ကုန်ဖုန်း - 09 49709415

ချောင်းသာယာဆိပ်ကမ်း (ဥတိုတံတားထိပ်) ချောင်းသာကမ်းခြေ။
ဆက်သွယ်ရန် - 09 452 955 661 မှ (5) အထိ။

---

**14-3-2017&uf xkwfaom u;rkwf;pmy uefxkw;kwfmO;Dcr;ESh O;Difrmif;Dw&m;vTwfawmf&Sef;(pOf-7934)wdkY\ajzv&Sif;csuftm; ajr&Sif;D;Doef;buf;Sef;nTefMum;csuftm;&Sif;vif;aMumif;jcif;**

နှစ်ဦးသဘောတူ လုပ်ငန်းအပ်နှံခြင်း၊ လက်ခံခြင်းစာချုပ်အပိုဒ်(၉)မှာ အိမ်စဖျက်သည့်နေ့မှ (၁)နှစ်(၈)လအတွင်း BCC မကျခဲ့လျှင် ကန်ထရိုက်မှ (၁)လလျှင် (၉)သိန်းနှုန်းဖြင့် နစ်နာကြေးလစဉ်ပေးအပ်ရန်ဖြစ်ပါသည်။ စာချုပ်အပိုဒ်(၅) အပိုဒ်ခွဲ(၁၆)မှာ အဆောက်အအုံဆောက်လုပ်သည့်ကာလ (စာချုပ်သက်တမ်း)နှင့် သက်ဆိုင်ပြီး စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ (၁)နှစ်(၈)လအတွင်း ကန်ထရိုက်တာမှ ပြီးစီးအောင်ဆောက်လုပ်မပေးပါက မြေရှင်နစ်နာမှုအဝဝအတွက် ပေးလျော်ရန် ကန်ထရိုက်တာမှ သဘောတူပါသည်ဟု အတိအလင်းဖော်ပြထားပါသည်။

စာချုပ်အပိုဒ်(၁၁)ပါ ပဋိညာဉ်စာချုပ်ကို တစ်ဖက်သတ်ရုပ်သိမ်းခွင့်၊ဖောက်ဖျက်ခွင့်မရှိကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ အဆောက်အအုံသစ်ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုခွင့်မရှိကြောင်းဆိုသည်မှာ အဆောက်အအုံဆောက်လုပ်နေသည့် ကာလအတွင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ ယခုကိစ္စမှာ ကန်ထရိုက်တာဘက်မှ စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ (၂)နှစ်နှင့် (၂၁)ရက်ကြာသည့်တိုင် ဖောင်ဒေးရှင်း (Pile)ပိုင်ရိုက်သည့်အဆင့်သာ လုပ်ကိုင်ခဲ့ကြောင်း မငြင်းမပွားပါ။

သို့ဖြစ်ရာ ကန်ထရိုက်ဘက်မှ စာချုပ်အပိုဒ်(၅)၊ အပိုဒ်ခွဲ(၁၆)နှင့် အပိုဒ်(၁၁)တို့ကို ဖောက်ဖျက်ခဲ့ခြင်းဖြစ်ပြီး စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည်မှာ (၄)လခွဲကြာမြင့်ခဲ့ပြီးဖြစ်ရာ ၂၁-၂-၂၀၁၇ရက်စွဲပါ နှစ်ဦးသဘောတူ လုပ်ငန်းအပ်နှံခြင်း၊ လက်ခံခြင်း စာချုပ်အားမြေရှင်ဘက်မှ ပဋိညာဉ်ဥပဒေအရ ပျက်ပြယ်ခွင့်ရှိပါသည်။ ထို့အပြင် စာချုပ်အပိုဒ်(၅) အပိုဒ်ခွဲ(၁၆)နှင့် အပိုဒ်(၁၁)တို့အရ မြေရှင်နစ်နာမှုအဝဝ(အခြားတစ်ဖက်၏ နစ်နာမှုမှန်သမျှ)ကို နစ်နာသူတောင်းဆိုသည့် (၁၁၇၄)သိန်းအား ကန်ထရိုက်တာမှ မြေရှင်သို့ ပေးလျော်ရန်ဖြစ်ပါကြောင်း ပြန်လည်ချေပရှင်းလင်းကြေညာအပ်ပါသည်။

**(မြေရှင်ဘက်မှ ထပ်မံရှင်းလင်းကြေညာမည်မဟုတ်ပါ။)**

**မြေရှင် ဦးမြသန်း[၁၂/ကမရ(နိုင်)၀၁၄၃၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသိန်းမြင့် ဝိဇ္ဇာဘွဲ့(ဥပဒေ)၊ ဥပဒေဘွဲ့** | **ဒေါ်ခင်နှင်းဝေ(ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၄၆/၈၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၃၂/၈၅)** |
| **ဖုန်း-၀၉-၇၃၀၅၉၉၅၀** | **ဖုန်း-၀၉-၄၂၀၁၁၉၀၄** |

**အင်းစိန်ရှေ့နေများနားနေခန်း၊ စုပေါင်းရုံး၊ အင်းစိန်မြို့နယ်။**




## ကောင်းဆက် ဆေးဒိန်ချဉ်နှင့် ပေါင်းတင်ခြင်း

သကြံ့နိရေ ကစားပြီးသူများအတွက် အကောင်းဆုံးမမေ့နဲ့နော်။ သကြံ့နိရေကစားမလား၊ ကမ်းခြေမှာ ကစားမလား။ ကောင်းဆက် ဆေးဖိတ်ကပ် လိမ်းထားခြင်းဖြင့် အသားပျက်စီးခြင်းမှ ကာကွယ်ပေးပါသည်။ ၅–၃–၂၀၁၇ မှ ၉–၄–၂၀၁၇ထိ ဆိုင်မှာ မျက်နှာပေါင်းတင်လျှင် (၅၀%) လျှော့ပေးသွားမည်ဖြစ်ပါ၍ကောင်းဆက်မှဖိတ်ခေါ်အပ်ပါသည်။

ပင်ရင်း – အမှတ် (202-A) ၃လွှာ၊ ဘုန်းကြီးလမ်းနှင့် အနော်ရထာလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – 09-449448009, 09-449448005, 09-2058312
ဆိုင်ခွဲ – ကျောက်မြောင်း။ ဖုန်း – 09-420116218, 01-542105

## အကောင်းဆုံး သင်ကြားပြသမှုကို ဝန်ဆောင်မှုပေးမည်

ဦးဉာဏ်လွင် (ရူပဗေဒ)
ဦးညီညီ (ဓါတုဗေဒ)
ဒေါက်တာစိုး (ဇီဝဗေဒ)
သင်ကြားတည်ထောင်ဖွင့်လှစ်သော

**N-3**

ကျောင်းကြိုတင်အပ်လက်ခံပြီ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ထူးချွန်ရေးဘော်ဒါ
၅ တန်း မှ ၁၀ တန်း အထိ
အမှတ်(၁၃၄)၊လွတ်လပ်ရေးလမ်း၊သုဝဏ္ဏဈေးအနီး၊သယ်န်းကျွန်းမြို့နယ်။
Ph: 01-577874, 09-73180267, 09-421167047, 09-420046938

ဒါရိုက်တာဇော်ကိုကိုရိုက်ကူး၍
နေတိုး၊ ဝတ်မှုန်ရွှေရည်၊ ထွန်းအိန္ဒြာဗို၊ ကိုကိုလင်းမောင်၊ အောင်လေး၊ လင်းအောင်ခေတ်၊ ဟန်သီ၊ မြတ်ပုဏ္ဏမိနိုင်၊
ယမင်းမေဦးတို့ ပါဝင်သရုပ်ဆောင်ထား၍ ရန်ကုန်နှင့် ပုဂံတို့တွင် (၃) ရက်တိုင်တိုင် အချိန်ပေးရိုက်ကူးထားသော
**Forever Gems By ရွှေနန်းတော် ကြော်ငြာသစ်ကြီးကို**
အပိုင်း(၄)ပိုင်းခွဲ၍ မတ်လ (၁၈)ရက်နေ့တွင် MRTV-4 (အကယ်ဒမီပေးပွဲအစီအစဉ်)၌ အပိုင်း(၄)ပိုင်းစလုံးနှင့်
မတ်လ (၂၅)ရက်နေ့တွင် Junction City Yangon (မိုလ်ချုပ်ဈေးသစ်) ၌ ကြီးကျယ်ခမ်းနားစွာ စတင်ဖွင့်လှစ်မည့်
**Forever Gems By ရွှေနန်းတော် Flashship Jewelry ဆိုင်သစ်ကြီးစတင်ဖွင့်လှစ်မည့်**
အစီအစဉ်များကို(၅)မိနစ်ကျော် ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။




ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၅)ခု မှ ရွေးထုတ်ထားသည့် World Star ပဏာမလက်ရွေးစင်များကလာမည့်
ဧပြီလ (၇) ရက်နေ့ ည (၉) နာရီ (၁၅) မိနစ် အချိန်မှာ MRTV-4 မှတစ်ဆင့်
ပရိသတ်ကြီးဆီ အရောက်လှမ်းလာမှာမို့ စောင့်ကြည့်ကြဖို့မမေ့နဲ့နော် . . .
Galaxy STAR
World Star Searching Project
GRAHAM
PHYU PHYU KYAW THEIN
PHOE KAR
J ME
SUNG TIN PAR
Title Sponsored by
SAMSUNG
Main Sponsored by
ooredoo
Co - Produced by
LIFE
Produced by
SBS Plus
NAMIN


SAMSUNG
သင်္ကြန်အကြို
နှစ်ဦး အထူးဈေးရောင်းပွဲ
မတ်လ (၆) ရက်နေ့ မှ ဧပြီလ (၉) ရက်နေ့ အထိ
Samsung Smartphones နှင့် Tablets တွေဝယ်ယူပြီး
လက်ငင်းငွေသားလက်ဆောင်များရယူပါ . . .
၁၀,၀၀၀ – ၈၀,၀၀၀ ကျပ်
အထိ
လက်ငင်း ငွေသား
လက်ဆောင်
On7, J2 Prime, J5 Prime, J7 Prime,
C9 Pro, A7 2017, A5 2017
အထူးလက်ဆောင်ဘူးများ
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
SAMSUNG


intel Security
"Protect Today with Intel Security" ပွဲအစီအစဉ်
19-March - 2017
Junction Centre
(Maw Tin)
KMD
US အမှတ်တံဆိပ် Intel Security (McAfee) ၏ Internet Security,
Antivirus, Mobile Security များကို အတူတကွအစမဲ့
Antivirus Plus
Internet Security
Mobile Security
Authorised Distributor KMD (174-182, Pansodan Road(Middle Block), Kyauktada Tsp, Tel: 245180, 385177, 385877.)


NIBBAN
NIBBAN AIR-CON
R-410a
NEW!
R410a Gas ကို အသုံးပြုထားခြင်းကြောင့်
Portable Air Con
PAC - 9L001
ACS - 9A03 (၁)ကောင်အား / ACS - 12A03 (၁)ကောင်ခွဲအား
Auto Restart
Shopping Center NIBBAN Showroom
HOT LINE PH: 09 500 1999
nibban electric & electronics


100 PLUS
NEW
100 PLUS ORIGINAL

# ကြော်ငြာ


FORWARD (YGN)
ကျိုက်ထီးရိုး/ရွှေခောင်းသာ (နေ့စဉ်) (နေ့စဉ်)
09259259180
09259259181
09259259182

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ရွှေစံမီ ခရီးသွားလုပ်ငန်း ● ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်း 45000
ရွှေစက်တော်၊ အလောင်းတော်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ 55000
(ခရီးစဉ်အားလုံး တာဝန်ယူ) (အိမ်အရောက်လက်မှတ်ပို့ အခမဲ့ဝန်ဆောင်မှု)
09-420420761, 09-420420762, 09-420420763 ကားမျိုးစုံငှားသည်

ကားစီးလုံးငှားသည်။
AC-Express(45,33,25), အံစာတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေငင်) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လာချိတ်ငှားပါ။
မြို့တွင်း / မြင် –ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

Since 1985
ဧမတနာရှင် ...သင်္ကြန်ခရီးစဉ်များ:Apr 11,12,17
အဆင့်မြင့် Yutong, Higer, Scania ကားကြီးများဖြင့်ပို့ဆောင်ပေးမည်
• ရွှေစက်တော်၊ ပုဂံ–ညောင်ဦး(စွယ်တော်လေးဆူ)၊ ပုပ္ပါး ပခုက္ကူ ..... (၅)ရက်။
• ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ မန္တလေး .... (၅)ရက်။
• မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ ...... (၅)ရက်။
• တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံလုံ၊ မိန်းမရဲတောင်၊ ကလော... (၄)ရက်။
• တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံလုံ၊ မိန်းမရဲတောင်၊ လွိုင်ကော် (၅)ရက်။
• ထားဝယ်–ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်ခဲ ........ (၅)ရက်။
• ထားဝယ်–ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ မြိတ်ဘုရားစုံ ............ (၆)ရက်။
• ရွှေစက်တော်၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငပလီ ............... (၈)ရက်။
• ရွှေစက်တော်၊ ပုဂံ–ညောင်ဦး၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ ........ (၈)ရက်။
• ရွှေစက်တော်၊ ပုဂံ–ညောင်ဦး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ .... (၈)ရက်။
• ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ .... (၁၁)ရက်။
• အင်းတော်ကြီး–ရွှေမဥ္ဇူ၊ မြစ်ကြီးနား–မြစ်ဆုံ၊ ဇလုံတောင်၊ ရွှေဘို ... (၈)ရက်။
မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲ၊ မြဝတီ–ဖငါ–မဲဆောက်၊ ဘားအံ (၄)ရက်။
Hotel (၃)ညအိပ်၊ Restaurant စား၊ တစ်ဆင့်သွားကားခများငြိမ်း မဲဆောက်သို့ ဘုရားဖူးနှင့် Shopping (၂)ရက် ပို့ဆောင်ပေးပါမည်။
ကားစီးလုံးငှားရမ်းနိုင်ပါသည် ❖ သင်္ကြန်လက်မှတ်များ ကြိုတင်ရောင်းပြီ
Ph: 01-392704, 09 73017110, 09 795066657, 09 785066657


ဒေါ်တင်လှိုင် B.A (Eng) ဦးစီးသော
SUPER-A-ONE အင်္ဂလိပ်စကားပြော
Interview(၁)ဝတ်၊ နိုင်ငံခြားသွား(၁)လအခြေခံအဆင့်မြင့်(၁)လ
Tourism, Hotel, Company, Student Visa, Grammar
ကလေးများအတွက် အထူးသီးသန့် ➤ ☎ 511231
တိုက်(၁)အခန်း(၂၂)ဗ-ထပ်၊လှည်းတန်းမီးပွိုင့်အနီး

၂၀၁၇–၂၀၁၈ ပညာသင်နှစ်အတွက်...
ဒေါက်တာဇော်ဦး
PhD (Chem) DFT (YU)
(၉ ၊ ၁၀) တန်း ဓာတုဗေဒ သင်ရိုးကုန်စာအုပ်
တိုက်(၆)၊အခန်း(၂၇)၊ လှိုင်ရတနာအိမ်ရာ၊အင်းစိန်လမ်းမ၊ (၉)ရပ်ကွက်၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့ (သံလမ်းမှတ်တိုင်အနီး)
Ph: 09 252 210 320


ပါကေး အစားထိုး ကြမ်းခင်း
သင်္ကြန် ပွဲတော်အကြို Promotion
မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
think of house, think of home

Grade A,B,C,D
စစ်မှန်မှုကိုဝက်ဖြင့် "အခုပဲ" လက်တွေ့ စစ်ဆေးပေးသည်။
Buy Flooring → ၃ ကျင်း ဝယ်လျှင်
Get Box ၁ ပုံး လက်ဆောင်

★ Grade A,B,C,D အစစ်များသာရောင်းပါသည်
★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
★ လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း
ပိတ်ရက်မရှိ
➤ အမှတ် (E-11A) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သက်န်းကျွန်း၊ ရန်ကုန်မြို့။
➤ အမှတ်(၄/၄၆၇)၊ (၂)ရပ်ကွက်၊ အပိုင်(၄)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။
HOTLINE: 09-79 700 70 70
09-79 700 70 80
(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING






TPW
(BRNo.200904356H)
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46
အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

GLOBAL PHOENIX
အိမ်ခြံမြေ အကျိုးဆောင်
အဆင့်မြင့် လုံးချင်းအိမ်များ၊ ကွန်ဒိုခန်းများကို ငှားလိုသော နိုင်ငံခြားသား ဧည့်သည်များ ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ။
09-260 2600 29 / 59

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

ဒဂုံမြို့သစ်
အရှေ့ပိုင်း
သိပ်ကပ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

အခမဲ့ Facebook နှင့် ပိုကောင်းပြီး ပိုတန်တဲ့ ဒေတာ pack များကို ရယူလိုက်ပါ
ooredoo
အခုပဲရယူဖို့ *140# ခေါ်ဆိုပါ



| ငွေဖြည့်သွင်းမှု | နေ့စဉ် အခမဲ့ | သက်တမ်း |
|---|---|---|
| ၁,၀၀၀ ကျပ် – ၂,၉၉၉ ကျပ် | Facebook Viber / BeeTalk အူရီဒူး အချင်းချင်း ဖုန်းခေါ်ဆိုမှု | ၃ ရက် |
| ၃,၀၀၀ ကျပ် – ၉,၉၉၉ ကျပ် | | ၅ ရက် |
| ၁၀,၀၀၀ ကျပ်နှင့် အထက် | | ၁၅ ရက် |

*5050# ကို ခေါ်ဆိုပြီး ငွေဖြည့်ပါ
စည်းမျဉ်းစည်းကမ်းများအတိုင်းသာ။
www.ooredoo.com.mm သို့ ဝင်ရောက်ပြီး အသေးစိတ်အချက်အလက်များကိုကြည့်ရှုပါ။

# (၇၂)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု မြန်မာသံစဉ် ဂီတနှင့်သဘင်အနုပညာရှင်များ ဖျော်ဖြေ

နေပြည်တော် မတ် ၁၇

(၇၂)နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် မြန်မာသံစဉ်ဂီတနှင့် သဘင်အနုပညာရှင်များ၏ ဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိဗိမာန်ရှိသဘင်ဆောင်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးချီးမြှင့်သည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့



# ၂၀၁၆ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးအပ်ပွဲ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ပထမဆုံးကျင်းပမည်

**ရန်ကုန် မတ် ၁၇**

မတ် ၁၈ ရက် (စနေနေ့) ညနေတွင် ကျင်းပမည့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးအပ်ပွဲအခမ်းအနားကို ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ သမိုင်းဝင် အထွတ်အမြတ်ဖြစ်သည့် ရွှေတိဂုံစေတီတော် မြင်ကွင်းနောက်ခံကြောင့်လည်း ဂါရဝတရားနှင့် အလေးအမြတ်ထားမှု ဒီဇိုင်းအပြင်အဆင်နှင့်အတူ အကယ်ဒမီ စတိတ်စင်မြင့်နှင့် ကြိုတင်ပြင်ဆင်မှုမှာ ပြီးစီးနေပြီဖြစ်သည်။

ပြည်သူ့ရင်ပြင် လွှတ်တော်ရှေ့ဝင်ပေါက်တွင် အကယ်ဒမီရွှေစင်ရုပ်တုရှိ ကြယ်ပွင့်နှစ်ပွင့်ကို ဝင်ပေါက်မုခ်ဦးအဖြစ် ပြင်ဆင်ထားပြီး ယင်းမုခ်ဦးမှ အခမ်းအနားကျင်းပရာသို့ ဝင်ရောက်ရာတွင်လည်း မြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ပြည့် အကြိုအဖြစ် အကယ်ဒမီရုပ်တု ၁၀၀ ကိုလည်း ယခုနှစ်တွင် ထူးထူးခြားခြား ထားရှိထားသည်။ ရွှေတိဂုံစေတီတော်ကြီးနှင့် လွှတ်တော်ရုံးကြားတွင် တည်ဆောက်ထားသည့် အကယ်ဒမီစင်မြင့်ထက်တွင်လည်း ကြယ်ပွင့်ဆွတ်ခူး နေသည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

# မဟာသင်္ကြန် အလုပ်ပိတ်ရက် အလုပ်ရှင်နှင့် အလုပ်သမားများအတွက် အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
ကြေညာချက်အမှတ် (၁/၂၀၁၇)
နေပြည်တော် ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်)

၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလ အလုပ်ပိတ်ရက် (၅) ရက် ပြင်ဆင်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ အလုပ်ရှင်များနှင့် အလုပ်သမားများအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

(က) ယခုအခါ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၁၀-၃-၂၀၁၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၃၁/၂၀၁၇ ဖြင့် ထုတ်ပြန်၍ မဟာသင်္ကြန်ကာလ နှစ်သစ်ကူးရုံးပိတ်ရက်များအား (၅) ရက် သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

(ခ) သို့ရာတွင် ယခင်ကပင် ကြိုတင်ပြင်ဆင်ထားရှိပြီး ခွင့်ပြန်လိုသည့် အလုပ်သမားများအတွက် ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလ တရားဝင်အလုပ်ပိတ်ရက်မှာ (၅) ရက်ဖြစ်သော်လည်း ကြိုတင်စီစဉ်ထားသည့် အစီအစဉ်များအတိုင်း အဆင်ပြေစွာ ဆက်လက်ဆောင်ရွက်နိုင်ရန် (၁၀) ရက်အဖြစ် ခွင့်ပြုသွားရန်ဖြစ်ပါသည်။

(ဂ) ထိုသို့ အစားထိုးခွင့်ပြုပေးမည့် (၅) ရက်အတွက်-

(၁) အလုပ်ရှင်နှင့် အလုပ်သမားများ နှစ်ဖက်ညှိနှိုင်း၍ သင့်တော်သည့် နည်းလမ်းဖြင့်သော်လည်းကောင်း၊

(၂) ဥပဒေနှင့်အညီ နှစ်ဖက်ညှိနှိုင်း၍ သင့်တော်သည့် နည်းလမ်းဖြင့်သော်လည်းကောင်း၊

(၃) သင့်တော်သည့် ခွင့်အမျိုးအစား အနေဖြင့်သော်လည်းကောင်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၉ ရက် သတင်းစာတွင် ပါရှိမည်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၉ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။ (ကြေးမုံ)

# အာရှ ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (F) တွင် အိမ်ရှင်မြန်မာအသင်း ဩစတြေးလျနှင့်အတူ ကျရောက်

**ရန်ကုန် မတ် ၁၇**

၂၀၁၈ အာရှ ယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်မည့် မြန်မာအသင်းသည် အာရှအင်အားကြီးဩစတြေးလျနှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။ ယင်းခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ယနေ့ မွန်းလွဲပိုင်းက မလေးရှားနိုင်ငံ၌ ကျင်းပခဲ့ပြီး အသင်းပေါင်း ၄၀ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ခြေစစ်ပွဲကို ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အရှေ့အာရှဇုန်တွင် အသင်း ၂၀၊ အနောက်အာရှဇုန်တွင် အသင်း ၂၀ စုစုပေါင်း အသင်း ၄၀ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ လေးသင်း ၁၀ အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးရသည့် ထိပ်ဆုံး ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရ ငါးသင်းတို့မှာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ နောက်ဆုံး **စာမျက်နှာ ၃ ကော်လံ ၅ သို့**



မြန်မာနှင့် စင်ကာပူ အသင်းတို့ ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲ၌ တွေ့ဆုံခဲ့စဉ်။

## နိုင်ငံခြားရေးဝန်ကြီးဌာန နှစ် (၇၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားနှင့် မိတ်ဆုံညစာစားပွဲကျင်းပ

သတင်းစာမျက်နှာ - ၃



ကြေးမုံ
အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ
၁၈ - ၃ - ၂၀၁၇ (စနေနေ့)

# ဈေးကွက်အသစ်များတိုးချဲ့တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဇူလိုင်မိုး

အစိုးရသစ်လက်ထက်တွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်ပီပြင်လာအောင် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်၏ တစ်နှစ်တာအတွင်း ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်ကာ အလေးပေးလုပ်ဆောင်လျက်ရှိသည်။ ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်။

မေး။ ။ နိုင်ငံတော် အစိုးရသစ်ရဲ့ တစ်နှစ်တာကာလအတွင်း ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်တွေနဲ့၊ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်တွေရဲ့ အခြေအနေကို သိလိုပါတယ်ရှင့်။

ဖြေ။ ။ အစိုးရသစ်ကာလမှာ ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေးနဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် နိုင်ငံတော်ကနေပြီးတော့ စီးပွားရေးမူဝါဒ (၁၂) ချက်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ချမှတ်ထားတဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ (၁၂)ချက်ကို အခြေခံပြီး နိုင်ငံတော် စီးပွားရေးမူဝါဒနဲ့ ကုန်သွယ်ရေးကဏ္ဍရဲ့ လုပ်ငန်းစဉ်တွေကို ချိတ်ဆက်ပြီး လုပ်ငန်းစဉ် (၂၆) ရပ် ချမှတ်စီစဉ်ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ကုန်သွယ်မှုဟာ အရေးပါတဲ့အတွက် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လုပ်ငန်းစဉ် (၂၆) ရပ်ကို ကဏ္ဍကြီး (၆) ရပ်ခွဲခြားပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

အဲဒီ (၆) ရပ်ကတော့ ကုန်သွယ်မှုမြှင့်တင်ရေး(Trade Promotion)၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး (Trade Facilitation)၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေး (Trade Negotiation)၊ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့ပေးရေး (Trade Liberalization)၊ ကုန်သွယ်မှုပညာပေးရေး (Trade Education)နဲ့ စားသုံးသူအကာအကွယ်ပေးရေး (Consumer Protection)တို့ ဖြစ်ပါတယ်။ ဒီလို ခွဲခြားဆောင်ရွက်ခဲ့တဲ့အတွက် တစ်နှစ်တာအတွင်း အောင်မြင် တိုးတက်မှုတွေရရှိခဲ့ပါတယ်။

ကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးရေးမှာ ပို့ကုန်ကဏ္ဍဟာ နိုင်ငံတော်ရဲ့ အခွန်အကောက်ရရှိရေး၊ ထုတ်လုပ်သူများဝင်ငွေနဲ့ အလုပ်အကိုင်ရရှိရေး၊ ကုန်သွယ်ကူးသန်းသူများအကျိုးအမြတ်ရရှိရေးအတွက် အဓိကကျလှပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ပို့ကုန်တွေကို ခိုင်မာတဲ့ဈေးကွက်တွေ ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ဖို့အတွက် နည်းမျိုးစုံနဲ့ ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲတွေ ပြည်ပခရီးသွားရောက်ရင် အချို့ခရီးစဉ်တွေမှာ နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးကို အလေးထားဆွေးနွေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတွေရဲ့

**အထူးကဏ္ဍ (ခ) သို့ »»**



**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်။**



**ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ရန်ကုန်စက်မှုဆိပ်ကမ်းတစ်နေရာ။**

နိုင်ငံတော်အစိုးရ၏
ကြေးမုံ အထူးကဏ္ဍ
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ




**သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (ခ) စီမံကိန်းတည်ဆောက်မှုစတင်ခြင်း အခမ်းအနားတွင် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။**

**အထူးကဏ္ဍ (က) မှ »»**

ခရီးစဉ်တွေမှာလည်း ပြည်တွင်းလုပ်ငန်းရှင်တွေလိုက်ပါလျက် ကုန်သွယ်မှုနဲ့ ဈေးကွက်ရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းခြင်း၊ ကုန်သည်လုပ်ငန်းရှင် အဖွဲ့အစည်းများအနေနဲ့ရော ပုဂ္ဂလိကလုပ်ငန်းရှင်တွေအနေနဲ့ပါ ကျွန်တော်တို့ အဆက်အသွယ်နဲ့ ပို့ကုန်ဈေးကွက်ရရှိရေးကို ဆက်သွယ်ဆောင်ရွက်ရာမှာ နိုင်ငံတော်ပိုင်းက တတ်အားသမျှ ပံ့ပိုးကူညီပေးခြင်းဖြင့် ပို့ကုန်ဈေးကွက်တိုးချဲ့ရေး ဆောင်ရွက်နေပါတယ်။

ဒါ့အပြင် ကမ္ဘာ့ဆန်ဈေးကွက်ရရှိဖို့အတွက် ဆန်ဝယ်တဲ့နိုင်ငံတွေနဲ့ ပြန်လည်ချိတ်ဆက်နိုင်ရေးကိုလည်း ကျွန်တော်တို့ ဝန်ကြီးဌာနကဦးဆောင်ပြီး ဆန်စပါးလုပ်ငန်းရှင်များလိုက်ပါပြီး ထိုင်းနိုင်ငံမှာ ကျင်းပတဲ့ (၈) ကြိမ်မြောက် ကမ္ဘာ့ဆန်စပါးညီလာခံကို တက်ရောက်ခဲ့ပါတယ်။ အဲဒီညီလာခံက တစ်ဆင့် အဆက်အသွယ်ပြတ်သွားတဲ့ အာဖရိကဆန်ဈေးကွက်အပါအဝင် ကမ္ဘာ့ဆန်ဈေးကွက်ကို ပြန်လည်ချိတ်ဆက်နိုင်ခဲ့ပြီး အာဖရိကနိုင်ငံတွေ အပါအဝင် နိုင်ငံပေါင်း (၅၃) နိုင်ငံအထိ ဈေးကွက်သစ်တွေရရှိခဲ့ပါတယ်။

ဒါ့အပြင် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေး(JBTCC)များ၊ မြန်မာ-ထိုင်း ကုန်သွယ်ရေးပူးတွဲကော်မရှင်အစည်းအဝေး (JTC)များ၊ မြန်မာ-အိန္ဒိယ ပူးတွဲကော်မတီအစည်းအဝေး (JTC)များ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေး (JTC) တွေမှာလည်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနကို လာရောက်တွေ့ဆုံတဲ့ နိုင်ငံတကာသံအမတ်ကြီးများ၊ ပြည်ပကုန်သွယ်ရေးအဖွဲ့အစည်းများနဲ့ လယ်ယာထွက်ကုန် သီးနှံများအပါအဝင် မိမိပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံတကာနဲ့ ဈေးကွက်ချိတ်ဆက်နိုင်ဖို့အတွက် အမေရိကန်၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ စင်ကာပူ၊ ဟောင်ကောင်နဲ့ ထိုင်းနိုင်ငံတို့ရှိ မြန်မာနိုင်ငံသံရုံးတွေမှာ စီးပွားရေးသံမှူးတွေထားရှိပြီး ပြည်ပနိုင်ငံတွေရဲ့ ကုန်သွယ်မှုဆိုင်ရာ ဈေးကွက်သတင်းအချက်အလက်များ ရရှိနိုင်ဖို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်တွင်းရှိ ကုန်သည်လုပ်ငန်းရှင်များနဲ့ ထုတ်လုပ်သူများ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက် ပိုမိုရရှိနိုင်ဖို့အတွက် စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ Commerce Website, Myanmar Trade-net Website, Trade Promotion Website, Comsummer Website, Commce Journal Website နှင့် National Trade Portal & Trade Repository Website တို့ကို လွှင့်တင်ထားပြီး အပတ်စဉ် Commerce Journal ကိုလည်း ထုတ်ဝေဖြန့်ချိလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ လယ်ယာထွက်ကုန်များအတွက် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး GSP ပေးတဲ့ နိုင်ငံများလည်းရှိပါတယ်။ ဩစတြေးလျ၊ ဘီလာရုစ်၊ ရုရှား၊ ကနေဒါ၊ ဆွစ်ဇာလန်၊ အိုက်စလန်၊ တူရကီ၊ ဂျပန်၊ အမေရိကန်နိုင်ငံနဲ့ EU (၂၈) နိုင်ငံအပါအဝင် စုစုပေါင်း (၃၉) နိုင်ငံမှ GSP အခွင့်အရေး ရရှိပြီးဖြစ်ပါတယ်။ ဒါ့အပြင် အိန္ဒိယနိုင်ငံမှလည်း လယ်ယာထွက်ကုန်သီးနှံတွေအတွက် အကောက်ခွန်သက်သာခွင့် အခွင့်အရေးလည်း ရရှိပြီး ဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေကို ကုန်ပစ္စည်းတွေ တိုးတက်တင်ပို့နိုင်ဖို့အတွက်လည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားရာမှာရော လိုင်စင်ခတွေ ပေးချေရာမှာပါ အွန်လိုင်းစနစ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်သည်လုပ်ငန်းရှင်တွေနဲ့ ကုမ္ပဏီဝန်ထမ်းတွေအတွက် ကုန်သွယ်မှုဆိုင်ရာပညာရပ်နဲ့ စွမ်းရည်တိုးတက်ဖို့အတွက် ဝန်ကြီးဌာနမှာ ကုန်သွယ်မှုသင်တန်းကျောင်း ဖွင့်လှစ်ပြီး

**အထူးကဏ္ဍ (ဂ) သို့ »»**




**သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (ခ) စီမံကိန်းတည်ဆောက်မှုစတင်ခြင်း အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အမှာစကားပြောကြားစဉ်။**

အထူးကဏ္ဍ (ခ) မှ »»

လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

ပြည်တွင်းထုတ်လုပ်မှုနဲ့ ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းတွေနဲ့ပတ်သက်ပြီး စားသုံးသူတွေ ဘေးကင်းလုံခြုံဖို့အတွက် အနယ်နယ်အရပ်ရပ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စားသုံးသူ အကာအကွယ်ပေးရေး အသင်းအဖွဲ့တွေနဲ့ပူးပေါင်းပြီး စားသုံးသူ အကာအကွယ်ပေးရေးနဲ့သက်ဆိုင်တဲ့ အသိပညာပေးသင်တန်းတွေ ဟောပြောပညာပေး ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်အသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပ ပညာရှင်တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ဖို့အတွက် (၃) နှစ်၊ (၅) နှစ် နှစ်လတ်စီမံကိန်း (Medium Term Programme)ကို အောင်မြင်စွာရေးဆွဲနိုင်ခဲ့ပါတယ်။

ကုန်ပစ္စည်းအမယ်သစ်များ ထုတ်လုပ်ရေးနဲ့ တိုးချဲ့တင်ပို့နိုင်ရေးအတွက် ပြည်တွင်း/ ပြည်ပကုန်စည်ပြပွဲတွေမှာ ကုန်သည်လုပ်ငန်းရှင်တွေနဲ့ပူးပေါင်းပြီး ပါဝင်ပြသလျက်ရှိပါတယ်။

**မေး။ ။ ယခင်နှစ်နဲ့ ယခုနှစ် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုအခြေအနေလေးကို ပြောပြပေးပါရှင့်။**

ဖြေ။ ။ မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေဖြစ်တဲ့ ဆန်၊ ပြောင်း၊ ပဲအမျိုးမျိုး၊ နှမ်းမျိုးစုံ၊ သစ်သီးဝလံ၊ ဝါဂွမ်း၊ ကြက်သွန်၊ ငရုတ်၊ ရော်ဘာ၊ ဆိတ်နဲ့ ရေထွက်ကုန်ပစ္စည်းတွေကို ပြည်ပနိုင်ငံတွေကို အများဆုံး တင်ပို့လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံပိုင်ကဏ္ဍမှ သဘာဝဓာတ်ငွေ့၊ သတ္တုတွင်းထွက်ပစ္စည်းတွေနဲ့ စက်မှုထုတ်ကုန်များ၊ ပုဂ္ဂလိကကဏ္ဍမှ အထည်အလိပ်နဲ့ စက်မှုထုတ်ကုန်တွေ၊ Re-Export စနစ်နဲ့ သကြား၊ ဒီဇယ်၊ ဓာတ်ဆီ၊ နှမ်းနဲ့ အခြားဆေးဝါးကုန်ကြမ်းစတာတွေတင်သွင်းပြီး ပြန်လည်တင်ပို့ရောင်းချမှုကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

သွင်းကုန်ပစ္စည်းတွေမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးယာဉ်/ယန္တရားများ၊ စက်သုံးဆီများစသည်တို့ကိုလည်း တင်သွင်းလျက်ရှိပါတယ်။



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အဖွဲ့ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးစဉ်။

ပို့ကုန်ပိုင်းမှာ ဈေးကွက်သစ်တွေ ပိုမိုရရှိလာတဲ့အတွက်ကြောင့် အရင်နှစ်ကာလတူထက် ကုန်သွယ်မှု ၆၃၆ ဒေါ်လာသန်း ပိုမိုခဲ့ပြီး ပို့ကုန်ပိုင်းမှာ ဒီနေ့အထိ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခုနှစ်မှာ ဆန်နဲ့ ဆန်ကွဲ တန်ချိန် ၁ ဒသမ ၅ သန်း၊ ပြောင်းတန်ချိန် ၁ ဒသမ ၁ သန်း၊ ပဲအမျိုးမျိုးတန်ချိန် ၁ ဒသမ ၂ သန်းနဲ့ အခြားလယ်ယာထွက်ကုန်ပစ္စည်း တန်ချိန် ၁ ဒသမ ၅ သန်းခန့် တင်ပို့ခဲ့ပြီးဖြစ်ပါတယ်။ Re-Export စနစ်နဲ့ သကြားကို ပြည်ပနိုင်ငံတွေက တင်သွင်းပြီး အိမ်နီးချင်းဈေးကွက်ကို တန်ချိန် ၁ ဒသမ ၅ သန်းခန့် တင်ပို့နိုင်ခဲ့ပါတယ်။

ယခုနှစ်မှာ ကမ္ဘာ့ဈေးနှုန်းကျဆင်းမှုကြောင့် သဘာဝဓာတ်ငွေ့တင်ပို့မှုဝင်ငွေမှာ အရင်နှစ်ကထက် ဒေါ်လာသန်း ၁၂၀၀ ကျော် လျော့နည်းခဲ့ပြီး နိုင်ငံပိုင်ကဏ္ဍက စက်မှုပို့ကုန် အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော် လျော့နည်းခဲ့ပေမယ့် ယခုနှစ် ပို့ကုန်မှာ ပုဂ္ဂလိကကဏ္ဍက ချုပ်ပြီးအထည်များ၊ လယ်ယာထွက်ကုန်ပစ္စည်းများ တိုးချဲ့တင်ပို့နိုင်မှုကြောင့် စုစုပေါင်းပို့ကုန်မှာ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခြင်းဖြစ်ပါတယ်။

နောက်ပြီး ရာသီဥတုအခြေအနေအရလည်းကောင်း၊ ငွေကြေးတန်ဖိုးအတက်အကျအရလည်းကောင်း ကုန်ပစ္စည်းထုတ်လုပ်ရောင်းဝယ်မှုနဲ့ ဈေးနှုန်းအပေါ် များစွာအကျိုးသက်ရောက်မှုတွေ ရှိခဲ့ပါတယ်။

**မေး။ ။ ဝန်ကြီးဌာနအနေနဲ့ အစိုးရသစ်ရဲ့ တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအပေါ်မှာ ကြုံတွေ့ရတဲ့ စိန်ခေါ်မှုတွေက ဘာတွေများပါလဲရှင့်။ အဲဒီစိန်ခေါ်မှုတွေကို ကျော်လွှားဖို့နဲ့ အစိုးရသစ်တစ်နှစ်တာအတွင်း ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်တွေကို သိပါရစေရှင့်။**

ဖြေ။ ။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ အထူးသဖြင့် ပို့ကုန်ပိုင်းမှာ တစ်ဖက်က ဈေးကွက်တိုးချဲ့နိုင်ဖို့ အခွင့်အလမ်းကောင်းတွေရှိနေပေမယ့် တစ်ပြိုင်နက်တည်းမှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေရှိနေပါတယ်။

ဥပမာအနေနဲ့ပြောပြရရင် ပို့ကုန်တိုးမြှင့်ဖို့အတွက် တင်ပို့နိုင်မယ့် ပို့ကုန်ပစ္စည်း (ကုန်ကြမ်း၊ တစ်ဝက်တစ်ပျက်ကုန်ချောနဲ့ ပစ္စည်းမျိုးစုံ) အပိုအလျှံရှိသလား၊ ပို့ကုန်ပစ္စည်းမျိုးစုံရှိသော်လည်း တင်ပို့နိုင်တဲ့ ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရှိသလား၊ ကျယ်ပြန့်တဲ့ဈေးကွက်ရှိနေပေမယ့် အဲဒီဈေးကွက်မှာ အခြားနိုင်ငံရဲ့ အလားတူ ကုန်ပစ္စည်းတွေနဲ့ ယှဉ်ပြိုင်နိုင်သလား စတဲ့ မေးခွန်းတွေရှိနေပါတယ်။

ပို့ကုန်ဈေးကွက်မှာ မိမိတို့ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းသက်သာမှုအရ ယှဉ်ပြိုင်နိုင်စွမ်း၊ ပို့ကုန်ပစ္စည်းအရည်အသွေးအရ ယှဉ်ပြိုင်နိုင်စွမ်း၊ လိုအပ်သလို တင်ပို့နိုင်တဲ့ အချိန်အတိုင်းအတာအရ ယှဉ်ပြိုင်နိုင်စွမ်းရှိဖို့ လိုအပ်ပါတယ်။

ဒီလို ယှဉ်ပြိုင်နိုင်စွမ်းရှိမှသာ ကျယ်ပြန့်တဲ့ ပို့ကုန်ဈေးကွက်နဲ့ ခိုင်မာတဲ့ ပို့ကုန်ဈေးကွက်တွေ တိုးတက်ရရှိမှာဖြစ်ပါတယ်။ လောလောဆယ်အခြေအနေမှာ တင်ပို့နေတဲ့ သဘာဝဓာတ်ငွေ့တို့၊ သတ္တုတို့၊ ကျောက်စိမ်းတို့ ပို့ကုန်ဈေးနှုန်းတွေဟာ ကမ္ဘာ့ဈေးကွက်မှာ ကျဆင်းလျက်ရှိပါတယ်။ သစ်တောပြန်လည်ထူထောင်ရေး ဆောင်ရွက်နေတဲ့အတွက် ကျွန်း၊ သစ်မာ ထုတ်လုပ်ရောင်းချမှုမှာလည်း လျော့နည်းလျက်ရှိပါတယ်။ သဘာဝတွင်းထွက်သယံဇာတအပေါ် ထုတ်လုပ်တင်ပို့နိုင်မှုနဲ့ နိုင်ငံပိုင်ကဏ္ဍက စက်မှုကုန်ချော

အထူးကဏ္ဍ (ဃ) သို့ »»




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အဖွဲ့ ဂျပန်နိုင်ငံရှိ စက်ရုံများအားလေ့လာပြီး အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။



စားသုံးသူအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအတွက် စံပြလုပ်ထုံးလုပ်နည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**အထူးကဏ္ဍ (ဂ) မှ »»**

ထုတ်လုပ်ရောင်းချမှု အလားအလာမှာ လျော့နည်းလျက်ရှိနေပါတယ်။

ကျွန်တော်တို့အနေနဲ့ ပို့ကုန်တိုးချဲ့တင်ပို့နိုင်မှုအတွက် လယ်ယာကဏ္ဍ သီးနှံ၊ သားငါး၊ ရေထွက်ပစ္စည်းထုတ်လုပ်မှုနဲ့ ပုဂ္ဂလိက ကဏ္ဍရဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေကိုပဲ အားကိုးနေရတာရှိပါတယ်။ ဒါပေမယ့် ဒီအားကိုးနေရတဲ့ လယ်ယာကဏ္ဍနဲ့ အသေးစားနဲ့ အလတ်စား စက်မှုကဏ္ဍမှ ထုတ်လုပ်မှုအခြေအနေကို ကြည့်မယ်ဆိုရင် ဒေသတွင်း နိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် ထုတ်လုပ်မှုစွမ်းအား (ဥပမာ-တစ်ဧကအထွက်နှုန်း) နိမ့်ကျနေတာတွေ့ရပါတယ်။ ထုတ်လုပ်မှုကုန်ကျစရိတ်မှာလည်း ဒေသတွင်း နိုင်ငံတွေထက် ပိုပြီးများနေပါတယ်။ ထုတ်ကုန်အရည်အသွေးကို ကြည့်မယ်ဆိုရင်လည်း ဒေသတွင်းနိုင်ငံများထက် အရည်အသွေးနိမ့်ကျနေတာကို တွေ့ရှိရပါတယ်။

ဒါ့အပြင် ထုတ်လုပ်သူကနေ စားသုံးသူတွေဆီရောက်အောင်၊ ထုတ်လုပ်သူတွေထံမှ ပြည်ပတင်ပို့ရတဲ့ ပို့ကုန်ဆိပ်ကမ်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းတွေဆီ ရောက်ရှိအောင် ဆောင်ရွက်ရတဲ့ ဝယ်ယူ၊ သိုလှောင်၊ သယ်ယူပို့ဆောင်၊ ဖြန့်ဖြူးရေးနဲ့ပတ်သက်တဲ့ စရိတ်တွေ (Logistic Cost) မှာလည်း ဒေသတွင်း နိုင်ငံတွေထက် အလွန်ကြီးမားလျက် ရှိနေပါတယ်။

ဒါ့ကြောင့် ပြည်ပပို့ကုန်များအတွက် ကုန်ပစ္စည်းဈေးနှုန်းအရသော်လည်းကောင်း၊ အရည်အသွေးအရ သော်လည်းကောင်း၊ အချိန်မီ တင်ပို့နိုင်ရေးအရသော်လည်းကောင်း ယှဉ်ပြိုင်နိုင်မှုစွမ်းအား အလွန်လျော့နည်းလျက်ရှိနေပါတယ်။ ပြည်တွင်း ထုတ်လုပ်မှုမှာ မျိုးကောင်းမျိုးသန့်ရရှိနိုင်မှု၊ ထုတ်လုပ်မှုစက်ကိရိယာ သုံးစွဲနိုင်မှု၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲနိုင်မှု၊ ကျွမ်းကျင်လုပ်သားရှားပါးမှုစတဲ့ အခြေခံလိုအပ်ချက်တွေလည်း ရှိနေပါတယ်။

ဒါ့ကြောင့် လယ်ယာကဏ္ဍနဲ့ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းတွေမှာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ထုတ်ကုန်ဈေးကွက် အထူးလိုအပ်နေပါတယ်။ သယ်ယူပို့ဆောင်၊ ဖြန့်ဖြူးရောင်းဝယ်မှုမှာ လက်ဆင့်ကမ်းရောင်းဝယ်မှုအဆင့်များခြင်း၊ ရေ၊ မီး၊ လမ်း၊ တံတားနဲ့ သယ်ယူပို့ဆောင်ရေးယာဉ်ယန္တရားကောင်းမွန်လုံလောက်မှု လိုအပ်နေပါတယ်။ သိုလှောင်ရုံတွေ အရည်အသွေးနိမ့်ကျမှု၊ ပို့ကုန်ဆိပ်ကမ်းကျပ်တည်းမှု၊ လိုအပ်တဲ့ ခေတ်မီသိုလှောင်ရုံတွေ၊ နယ်စပ်ကုန်သွယ်ရေးစခန်းတွေ၊ ကုန်းတွင်းဆိပ်ကမ်းတွေ မပြည့်စုံမှု၊ သယ်ယူပို့ဆောင်ရာမှာ အချိန်ကြာညောင်းမှုစတာတွေကြောင့် ကုန်သွယ်မှုမှာ အပိုကုန်ကျစရိတ်တွေ ကြီးမားလျက်ရှိပါတယ်။

ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးနိုင်မှု စံချိန်စံညွှန်းမပြည့်စုံမှု၊ စစ်ဆေးနိုင်တဲ့ ပစ္စည်းကိရိယာနဲ့ ကျွမ်းကျင်ပညာရှင်များ နည်းပါးမှုတွေကြောင့် ကုန်ပစ္စည်းအရည်အသွေး အချိန်မီ စစ်ဆေးနိုင်မှုစွမ်းရည်လည်း လျော့နည်းလျက်ရှိပါတယ်။

ပို့ကုန်ဈေးကွက် ကျယ်ပြန့်လာပေမယ့် လက်ရှိအခြေအနေမှာ အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံတွေရဲ့ ဈေးကွက်ကိုသာ ကျဉ်းမြောင်းစွာ မှီခိုနေရပြီး အဲဒီဈေးကွက်ရဲ့ လိုအပ်ချက်အရသာ တင်ပို့နေရပါတယ်။

အိမ်နီးချင်းနိုင်ငံတွေနဲ့ တရားမဝင် ကုန်သွယ်မှုများရှိနေခြင်းတွေကြောင့် ပို့ကုန်ဝင်ငွေလျော့နည်းခြင်း၊ အခွန်ဘဏ္ဍာဆုံးရှုံးခြင်း၊ သဘာဝသယံဇာတပြုန်းတီးမှုဖြစ်စေခြင်း၊ စားသုံးကုန်ပစ္စည်းများ တရားမဝင်တင်သွင်းနေတဲ့အတွက် အလားတူ ထုတ်လုပ်တဲ့ ပြည်တွင်း အသေးစားအလတ်စား စက်မှုလုပ်ငန်းတွေကို ကြီးမားစွာ ထိခိုက်စေခြင်းနှင့် စားသုံးသူတွေအတွက် ကျန်းမာရေးအန္တရာယ်ဖြစ်ပေါ်နေမှုတွေကိုလည်း တွေ့ရှိရပါတယ်။

ပြည်တွင်းထုတ်လုပ်မှုနဲ့ ပြည်ပကုန်သွယ်မှုမှာ အဓိကအားဖြင့် အိမ်နီးချင်း ကုန်သွယ်ဖက်နိုင်ငံတွေရဲ့ ကုန်သွယ်ရေးမူဝါဒပြောင်းလဲမှု၊ နိုင်ငံခြားငွေကြေးလဲလှယ်နှုန်း တန်ဖိုး မတည်ငြိမ်မှု၊ ပို့ကုန်ဈေးနှုန်းနဲ့ ရာသီဥတုပြောင်းလဲမှုစတာတွေကြောင့် ပြည်တွင်းထုတ်လုပ်မှုနဲ့ ပို့ကုန်လုပ်ငန်းများအပေါ် များစွာအကျိုးသက်ရောက်မှုတွေ ရှိနေပါတယ်။

မေး။ ။ အစိုးရသစ်ရဲ့ပထမတစ်နှစ်တာကာလအလွန်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပြည်သူတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆက်လက်လုပ်ဆောင်သွားမယ့် လုပ်ငန်းစဉ်တွေရှိရင်လည်း သိပါရစေ။

ဖြေ။ ။ ကုန်သွယ်မှုလုပ်ငန်းနဲ့ အမျိုးသား စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ဖို့ မျှော်မှန်းချက်နဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ (၁၂) ချက်ကို အခြေခံပြီး ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်နေပါတယ်။ တိုင်းပြည်စီးပွားဖွံ့ဖြိုးဖို့အတွက် ပို့ကုန်ဦးဆောင်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Export-Led Growth) ပုံစံနဲ့ ဦးတည်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒီဦးတည်ချက်တွေကို အကောင်အထည်ဖော်ရာမှာ ကျယ်ပြန့်တဲ့၊ ခိုင်မာတည်မြဲတဲ့ ပို့ကုန်ဈေးကွက် ရရှိရေး၊ ပို့ကုန်ဈေးကွက်တွင် မိမိတို့ရဲ့ ပို့ကုန်ပစ္စည်းတွေ အရည်အသွေးအရသော်လည်းကောင်း၊ ဈေးနှုန်းအရသော်လည်းကောင်း၊ လိုအပ်သလို အချိန်မီ တင်ပို့နိုင်မှုအရသော်လည်းကောင်း၊ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တိုးတက်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒီလို တိုးတက်နိုင်ဖို့အတွက် ကုန်ထုတ်လုပ်မှုနှုန်း တိုးတက်ရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချရေး၊ ထုတ်ကုန်ပစ္စည်း အရည်အသွေး ကောင်းမွန်ရေး၊ သယ်ယူပို့ဆောင်၊ သိုလှောင်၊ ဖြန့်ဖြူးစရိတ်လျော့နည်းရေးတို့ကို အလေးထားဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒီစိန်ခေါ်မှုတွေအတွက် ရလဒ်ကောင်းတွေ ရရှိဖို့က ကဏ္ဍအသီးသီးမှာ ဖြည့်ဆည်းရမယ့် ပို့ကုန်ဦးဆောင်တဲ့ စီးပွားရေးဖွံ့ဖြိုးမှုပုံစံ ရရှိနိုင်ဖို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၊ ကမ္ဘာ့ဘဏ် (World Bank)စတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ မိတ်ဖက်နိုင်ငံတွေ၊ ပြည်တွင်းပြည်ပ ပညာရှင်တွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တွေ၊ ကုန်သည်လုပ်ငန်းရှင် အသင်းအဖွဲ့တွေနဲ့ တိုင်ပင်ညှိနှိုင်းပြီး ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဘက်စုံဆက်စပ်ဆန်းစစ်လေ့လာမှု ပြုလုပ်ခဲ့ပါတယ်။

လေ့လာဆန်းစစ်ချက်တွေကို အခြေခံပြီး နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒနဲ့အညီ (၃) နှစ်၊ (၅) နှစ် နှစ်လတ်ကုန်သွယ်မှုဖွံ့ဖြိုးရေးအစီအစဉ် (Medium Term Programme-MTP)ကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ အဲဒီ MTP ကို လုပ်ငန်း Project တွေရေးဆွဲပြီး သက်ဆိုင်သူတွေပါဝင်ပူးပေါင်း အကောင်အထည်ဖော်ဖို့ ချမှတ်ထားပြီးဖြစ်ပါတယ်။

MTP ကို မဏ္ဍိုင်ကြီး (၅) ရပ် ခွဲခြားသတ်မှတ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မဏ္ဍိုင် (၁) ကုန်သွယ်မှုမူဝါဒနဲ့ ကုန်သွယ်မှုအဖွဲ့အစည်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ မဏ္ဍိုင် (၂) ကုန်သွယ်မှု လွယ်ကူချောမွေ့စေဖို့နဲ့ သယ်ယူပို့ဆောင်သိုလှောင်ထောက်ပံ့မှု ဖွံ့ဖြိုးဖို့၊ မဏ္ဍိုင် (၃) အရည်အသွေးမြှင့် အခြေခံအဆောက်အအုံနဲ့ စံချိန်စံညွှန်းတွေ သတ်မှတ်စစ်ဆေးရေး၊ မဏ္ဍိုင် (၄) ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ မဏ္ဍိုင် (၅) ပို့ကုန်အမျိုးမျိုး ထုတ်လုပ်ရေး စတဲ့ အသေးစိတ်အစီအစဉ်တွေ ချမှတ်ထားပါတယ်။

အထက်ပါ ကုန်သွယ်မှုဖွံ့ဖြိုးရေးနဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာကို သတ်မှတ်ချက်အတိုင်း အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံရဲ့ ပို့ကုန်ဦးဆောင်တဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (Export-Led Growth) ပုံစံရရှိအောင် ဦးတည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာ့စီးပွားရေးဦးမော့လာစေရေးအတွက် အထူးစီမံကိန်းကြီးများဖြစ်သည့် သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်စသည့် အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများကိုလည်း တိုးချဲ့တည်ထောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အစိုးရသစ် တစ်နှစ်တာအတွင်းတွင် အာဆီယံ+၃ မိတ်ဖက်နိုင်ငံများနှင့် EU အဖွဲ့ဝင်နိုင်ငံများအထိ ခြေဆန့်နိုင်ခဲ့သည့်အတွက် ဈေးကွက်များ ပိုမိုပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ ဈေးကွက်များချဲ့ထွင်လာသည်နှင့်အမျှ ယှဉ်ပြိုင်မှုများရှိလာသဖြင့် ပို့ကုန်အမယ်သစ်များကို တိုးချဲ့တင်ပို့နိုင်ရေး ကြိုးစားပြီး ထွက်ကုန်များ အရည်အသွေးမြင့်၊ တန်ဖိုးမြင့် ထုတ်ကုန်များ ပို၍ထုတ်လုပ်နိုင်ရန်အတွက် အစိုးရအဖွဲ့အစည်းများ၊ ကုန်သည်ကြီးများ၊ ထုတ်လုပ်သူများပူးပေါင်းပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက မြန်မာ့စီးပွားရေးသည် လက်ခမောင်းခတ်လာနိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



နေပြည်တော်တွင်ပြုလုပ်သော စားသုံးသူအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအတွက် စံပြလုပ်ထုံးလုပ်နည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပနေစဉ်။

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုများ

ဖိုးသက်

မြေလတ်ဒေသ၊ အညာမြေဒေသ၊ ဖန်ခါးမြေဟုခေါ်ဆိုသည့် မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် တည်ရှိသည်။ ဧရာဝတီမြစ်နှင့် မုန်းချောင်း၊ မန်းချောင်း၊ စလင်းချောင်း၊ ယောချောင်း၊ ပင်းချောင်း၊ မြစ်သာမြစ်တို့ဖြင့် ဆည်ငယ်၊ ကန်ငယ်နှင့် ဘက်စုံရေလှောင်တမံကြီးများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် တိုင်းဒေသကြီးဖြစ်သည်။

**တစ်နေ့တခြား ဖွံ့ဖြိုးလာ**

မြေပြန့်ဒေသဖြစ်သည့် အားလျော်စွာ အချက်အချာကျသည့် လမ်းပန်းဆက်သွယ်ရေးကို ယခင်ကထက် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးမှုများကြောင့် ကုန်စည်ပို့ဆောင်မှုတို့နှင့်အတူ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများသည်လည်း တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

"မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဟာ အုပ်ချုပ်ရေးအတွေ့အကြုံ လုံးဝမရှိပါဘူး။ သို့သော်လည်း ဒီလိုမရှိတဲ့ကြားထဲက မကွေးတိုင်းဒေသကြီးရဲ့ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ယခင့်ယခင် အစိုးရတွေလက်ထက်က မလုပ်သင့်ဘဲနဲ့လုပ်ခဲ့တဲ့အတွက် ဖြစ်ခဲ့တဲ့ပြဿနာ၊ လုပ်သင့်ပါလျက်နဲ့ မလုပ်ခဲ့တဲ့အတွက် ဖြစ်တဲ့ပြဿနာ၊ အဲဒီပြဿနာတွေကို ဖြေရှင်းပေးနေရတာကိုက ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအတွက် တကယ့်ကို တာဝန်ကြီးတစ်ခု၊ လုပ်ငန်းကြီးတစ်ခုလို ဖြစ်နေပါတယ်။ ဒါတွေဖြေရှင်းလို့ ကုန်မယ့်အချိန်တွေ၊ ငွေတွေကို ဒီပြင့်နေရာ ဖွံ့ဖြိုးရေးတွေမှာ သုံးလို့ရတာပေါ့။ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေအနက် တရားဥပဒေစိုးမိုးမှု



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို။

အညွှန်းဖျင်းဆုံးထဲမှာ ပါနေပါတယ်။ ပြည်သူတစ်ရပ်လုံးလည်း ဒါကို သိစေချင်ပါတယ်။ အုပ်ချုပ်မှုယန္တရားကရော နိုင်ငံတော် အကြီးအကဲတွေ၊ ဝန်ကြီးချုပ်တွေ ဘယ်လောက်ကြိုးစားဆောင်ရွက်နေတယ်ဆိုတာကို သိစေချင်တယ်။ အခက်အခဲတွေ ဘယ်လိုကြုံနေတယ်ဆိုတာကိုလည်း ပြည်သူလူထု သဘောပေါက်စေချင်တယ်"ဟု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောသည်။

**တင်ဒါပိုလျှံငွေကျပ် ၁၀ ဒသမ ၂၇ ဘီလီယံ**

မကွေးတိုင်းဒေသကြီးတွင် ဆောက်လုပ်ရေးတင်ဒါ ပိုလျှံငွေများကိစ္စသည် တိုင်းသိပြည်သိ ဖြစ်သည်။ လုပ်ငန်း၏အရည်အသွေးကို လည်းကောင်း၊ လုပ်ငန်းအရေအတွက်ကိုလည်းကောင်း၊ လုပ်ငန်း၏ပမာဏကို လည်းကောင်း ထိခိုက်ခြင်းမရှိစေဘဲ စိစစ်လိုက်သည့်အခါ ဆောက်လုပ်ရေးဌာနမှ တင်ဒါပိုလျှံငွေကျပ် ၁၀ ဒသမ ၂၇ ဘီလီယံ (ကျပ်ငွေ သန်းပေါင်း တစ်သောင်းကျော်) ပိုထွက်လာခဲ့သည်။ လျှပ်စစ်ကဏ္ဍတွင်လည်း ကျပ်ငွေ သိန်း ၃၀၀၀ ခန့်ပိုလျှံခဲ့သည်ဟု သိရသည်။

ပိုလျှံငွေများဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေးကို တိုင်းဒေသကြီးတစ်ခုလုံး လိုအပ်သည့်နေရာများတွင် တိုင်းအင်ဂျင်နီယာနှင့် ညှိနှိုင်းပြီးခွဲဝေပေးခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီး ဆေးရုံကြီး၊ သင်ကြားရေးဆေးရုံနှင့် ပခုက္ကူဆေးရုံတို့တွင်လည်း ငွေကျပ် သန်း ၄၀ စီ ရေအိမ်များဆောက်လုပ်ရန် အသုံးပြုခဲ့ကြောင်း၊ မြို့တိုင်းမြို့တိုင်းတွင် ကျေးရွာချင်းဆက်လမ်းများ၊ သောက်ရေကန်များ ပြုပြင်ထိန်းသိမ်းရန်အတွက် ယန္တရားများကို ကျပ်ငွေ သန်းပေါင်း ၁၂၂၈ သန်းဖိုး ဝယ်ယူခဲ့ကြောင်း သိရသည်။

ထို့ပြင် ကျန်းမာရေးဌာန မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်ရေးတွင် ပညာပေးရန်အတွက် သန်း ၁၀၀၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးများအတွက် အားဆေး သန်း ၄၀၀ ဖိုး ဝယ်ယူခဲ့ကြောင်း၊ လမ်းတိုးချဲ့ဖောက်လုပ်ပေးခဲ့သည့်အတွက် သန်း ၁၀၀၀ ခန့် ကုန်ကျခဲ့ကြောင်း၊ ပြည်တော်သာလမ်း နိုင်လွန်ကတ္တရာလမ်းခင်းခြင်းတွင် ကျပ်ငွေ သန်း ၁၀၀၀ ကျော်အသုံးပြုခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီး ဆေးရုံရှေ့လမ်းကို နိုင်လွန်ကတ္တရာခင်းခြင်းအတွက် ကျပ်ငွေ သန်း ၂၀၀ အသုံးပြုခဲ့ကြောင်း၊ အထက (၁)လမ်း နိုင်လွန်ကတ္တရာခင်းခြင်းတွင် ကျပ်ငွေ သန်း ၈၀၀ သုံးခဲ့ကြောင်း၊ ထိုငွေများသည် ပြည်ထောင်စုအစိုးရမှလည်းကောင်း၊ တိုင်းဒေသကြီး ဘတ်ဂျက်ကို လည်းကောင်း ထပ်ပြီးတောင်းခံခြင်းမဟုတ်ဘဲ တင်ဒါမှပိုသည့်ငွေဖြင့် စီမံခန့်ခွဲပြီးလုပ်ခဲ့ခြင်းဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

**လမ်းများအဆင့်မြှင့်တင်**

အစိုးရသစ်တစ်နှစ်တာသက်တမ်းကာလအတွင်း မကွေးတိုင်းဒေသကြီးအတွင်း သိသာထင်ရှားသည့် ပြောင်းလဲမှုတစ်ခုမှာ တိုင်းဒေသကြီး မြို့တော်ဖြစ်သည့် မကွေးမြို့ကို မြို့တော်၏အင်္ဂါရပ်များနှင့်အညီ ဖြစ်စေရန် မြို့တွင်းရှိ အဓိကလမ်းမကြီးများကို မူလကတ္တရာလမ်းမှ အေစီကတ္တရာကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

မကွေးမြို့၏ တိုးတက်များပြားလာသည့် လူဦးရေနှင့် ယာဉ်စီးရေတို့ကြောင့် ယာဉ်များသွားလာမှုကျပ်တည်းလာခြင်း၊ ယာဉ်မတော်တဆမှုများ တိုးပွားလာခြင်းများမှ ကာကွယ်နိုင်ရန်နှင့် မြို့နေပြည်သူလူထု အဆင်ပြေချောမွေ့စွာ အချိန်တိုအတွင်း သွားလာနိုင်စေရန် ရည်ရွယ်ပြီး ဗိုလ်ချုပ်လမ်း၊ ပြည်တော်သာလမ်း၊ ဆေးရုံလမ်းနှင့် အထက (၁) လမ်းတို့ကို

**အထူးကဏ္ဍ (စ) သို့ »»**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝရေလှောင်တမံ ရေပိုလွှဲချဲ့ထွင်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

**ယခင့်ယခင် အစိုးရတွေလက်ထက်က မလုပ်သင့်ဘဲနဲ့ လုပ်ခဲ့တဲ့အတွက် ဖြစ်ခဲ့တဲ့ ပြဿနာ၊ လုပ်သင့်ပါလျက်နဲ့ မလုပ်ခဲ့တဲ့အတွက် ဖြစ်တဲ့ ပြဿနာ၊ အဲဒီပြဿနာတွေကို ဖြေရှင်းပေးနေရတာကိုက ကျွန်တော်တို့ တိုင်းဒေသကြီး အစိုးရအတွက် တကယ့်ကို တာဝန်ကြီးတစ်ခု၊ လုပ်ငန်းကြီး တစ်ခုလို ဖြစ်နေပါတယ်။ ဒါတွေဖြေရှင်းလို့ ကုန်မယ့် အချိန်တွေ၊ ငွေတွေကို ဒီပြင့်နေရာ ဖွံ့ဖြိုးရေးတွေမှာ သုံးလို့ရတာပေါ့။**


မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကုလားပါးကျေးရွာတွင် စနစ်ကျလယ်မြေဧက ၂၀၀ ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

**အသက် (၁၀) နှစ်ပြည့်တဲ့ကလေးက ၅၆၀၀၀၊ အသက် (၁၈) နှစ်အထက်က ၆၆၀၀၀ ဟာ နိုင်ငံသားစိစစ်ရေးကတ်တွေ မရသေးဘူးဆိုတာ သိရတဲ့အတွက် ပြီးခဲ့တဲ့နိုဝင်ဘာလကစပြီး လဝကနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်တဲ့အတွက် ၄၅၀၀၀ (၃၅ ရာခိုင်နှုန်းကို) နိုင်ငံသားစိစစ်ရေးကတ်တွေ ပေးနိုင်အောင် ကြိုးစားခဲ့ပါတယ်။**

**အထူးကဏ္ဍ (င) မှ »»**

မူလ ၁၈ ပေ၊ ၂၄ ပေမှ ၃၆ ပေ၊ ပေ ၄၀ ရရှိအောင် လမ်းအကျယ်ချဲ့ခင်းပြီး ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသလို မဲထီးလမ်းနှင့် မြို့မဈေးရှေ့လမ်းတို့ကိုလည်း မူလ ၁၆ ပေ အကျယ်မှ ပေ ၃၀ အကျယ်ချဲ့ခင်းပြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်းတို့ကို မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ကို ဆက်သွယ်ထားပြီး ပြည်ထောင်စုလမ်းမကြီးတစ်ခုဖြစ်သည့် မင်းဘူး-အမ်းလမ်း စုစုပေါင်း ၁၉ မိုင် ၆ ဖာလုံအား မူလလမ်းအကျယ် ၁၂ ပေမှ ကတ္တရာလမ်းအကျယ် ၁၈ ပေ အထိ တိုးချဲ့ပြီး မျက်ကွယ်ကုန်းများကို ဖြတ်ညှိကာ ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းဘူးခရိုင် ပွင့်ဖြူမြို့တွင်လည်း ကန်သာကြီး-ကျောင်းတော်ရာလမ်း ကျောက်ချောခင်းခြင်း၊ လယ်ကိုင်း-ကျောင်းတော်ရာလမ်း ကတ္တရာလမ်းခင်းခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည့်အတွက် ခရီးသွားပြည်သူများအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစွာဖြင့် လိုရာခရီးကို အချိန်တိုအတွင်းမှာ သွားလာနိုင်တော့မည်ဖြစ်သည်။

**တံတားများတည်ဆောက်ပေး**

နှစ်ကာလကြာရှည်ပြီး ယိုယွင်းပျက်စီးကာ လမ်းပန်းဆက်သွယ်ရေးတွင် အန္တရာယ်အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် လမ်း/တံတားများကို ပြုပြင်ထိန်းသိမ်း တည်ဆောက်ပေးလျက်ရှိရာမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်း အရှည်ပေ ၉၂၀၊ အကျယ် ၁၄ ပေရှိသည့် အိုးမြေတွင်း မန်းချောင်းကူး သံကူကွန်ကရစ်တံတား၊ အရှည်ပေ ၅၀၀၊ အကျယ် ၁၄ ပေရှိသည့် ဇီးတော-ပေါင်းကလေး ကျေးရွာချင်းဆက် သံကူကွန်ကရစ်တံတား၊ မင်းဘူးမြို့နယ် အရှည်ပေ ၁၂၀၊ အကျယ် ၁၄ ပေရှိ ရေပူရိုးချောင်းကူး သံကူကွန်ကရစ်တံတားတို့ကို တည်ဆောက်ပေးနေသည့်အတွက် ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေပြီး ကုန်စည်ပို့ဆောင်မှုများ မြန်ဆန်လာကာ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက “တိုင်းဒေသကြီးအတွင်းမှာ ကျွန်တော်တို့အစိုးရတက်လာမှ စိစစ်တော့ကာ အသက် (၁၀) နှစ်ပြည့်တဲ့ကလေးက ၅၆၀၀၀၊ အသက်(၁၈)နှစ်အထက်က ၆၆၀၀၀ ဟာ နိုင်ငံသားစိစစ်ရေးကတ်တွေ မရသေးဘူးဆိုတာ သိရတဲ့အတွက် ပြီးခဲ့တဲ့နိုဝင်ဘာလကစပြီး လဝကနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်တဲ့အတွက် ၄၅၀၀၀(၃၅ ရာခိုင်နှုန်းကို) နိုင်ငံသားစိစစ်ရေးကတ်တွေ ပေးနိုင်အောင် ကြိုးစားခဲ့ပါတယ်။ ကျွန်တော်တို့တတ်နိုင်သလောက် ကြိုးပမ်းဆောင်ရွက်နေတဲ့အထဲမှာ ကျွန်တော်တို့အစိုးရ တက်လာကတည်းက ပြောခဲ့တဲ့ မည်သူတစ်ဦးတစ်ယောက်ကိုမှ အရေးယူတာ၊ အပြစ်ပေးတာ၊ ရာထူးလျှော့တာ၊ နယ်ပြောင်းတာတွေ မလုပ်ချင်ပါဘူးလို့ ပြောခဲ့ပါတယ်။ ပြောတဲ့ကြားထဲက အရေးယူ၊ အပြစ်ပေးခဲ့ရတာ ရှိပါတယ်။

“ဥပမာအားဖြင့် ကျွန်တော်တို့အစိုးရလက်ထက်မှာ မြို့နယ်အုပ်ချုပ်ရေးမှူး တစ်ယောက်ကို အလုပ်ကဖြုတ်ပစ်လိုက်ရတယ်။ ထုတ်ပယ်လိုက်ရတယ်။ နောက်တစ်ခါ အထောက်အထားအခိုင်အလုံနဲ့ ပြည်သူလူထုက တင်ပြလာတဲ့အတွက်ကြောင့် ပြည်ထောင်စုအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို တင်ပြမှဖြစ်တော့မယ်ဆိုပြီး တင်ပြခဲ့ပါတယ်။ တင်ပြလို့ စုံစမ်းစစ်ဆေးတယ်။ အပြစ်ရှိတယ်။ အရေးယူ အပြစ်ပေးခံရမှာသိလို့ ထွက်ပြေးတိမ်းရှောင်နေတဲ့အရာရှိတွေလည်း ရှိတယ်။ ဥပမာအားဖြင့် မြို့နယ်တရားသူကြီးတစ်ယောက်၊ ခရိုင်ပညာရေးမှူးတစ်ယောက်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရဲ့ စုံစမ်း စစ်ဆေးခံရပြီးတော့ အရေးယူခံရမှာသိလို့ ထွက်ပြေးတိမ်းရှောင်နေပါတယ်။ ဒါတွေကို ပြောရတာ စိတ်မချမ်းသာဘူး”ဟု ပြောသည်။

**စိတ်ချမ်းမြေ့စွာ ပညာသင်ကြား**

မကွေးတိုင်းဒေသကြီး ပညာရေးဦးစီးဌာနမှ မကွေးမြို့ပေါ်ရှိ ရန်အောင်ရပ် အခြေခံပညာမူလတန်းကျောင်းခွဲမှာ ပေ ၉၀၊ ပေ ၃၀ အုတ်ညှပ် နှစ်ထပ်ကျောင်းဆောင်သစ်နှင့် စိုင်ကျကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှာ ပေ ၆၀၊ ပေ ၃၀ အုတ်ညှပ် တစ်ထပ် ကျောင်းဆောင်သစ်တို့ကို တိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့တဲ့အတွက် အချိန်မရွေး အန္တရာယ်ကျရောက်နိုင်ပြီး ဥပဓိရုပ်မကောင်းတော့သည့် စာသင်ဆောင်အဟောင်းများနှင့် ပညာသင်ကြားနေရသည့် ကျောင်းသားကျောင်းသူများ စိတ်ချမ်းမြေ့စွာဖြင့် ပညာသင်ကြားနိုင်ပြီ ဖြစ်သည်။

ထို့ပြင် တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းနှင့် ရုံးပေါင်း ၃၀၀ ကျော် အသစ်ဆောက်လုပ်ပေးနိုင်ခဲ့ပြီး အခြေခံပညာကျောင်း ၃၅၂ ကျောင်းတွင် စာသင်ခုံ နိမ့်မြင့်အစုံ တစ်သောင်းကျော်နှင့် အခြေခံပညာ

**အထူးကဏ္ဍ (ဆ) သို့ »»**


မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ခုတင် (၁၀၀) ဆံ့ဆေးရုံ တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

**အထူးကဏ္ဍ (၈) မှ »»**

ကျောင်း၊ ရုံးပေါင်း ၆၉၂ ဆောင်အား ပြင်ဆင်တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် မင်းဘူးမြို့နယ် ရွာသာယာကျေးရွာတွင် မကွေးတိုင်းဒေသကြီးအစိုးရနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သည့် စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်း (အခြေခံ သံဂဟေဆက်သင်တန်း)ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ကျေးလက်နေပြည်သူများသည် အခြေခံစက်မှုပညာရပ်များကို ကိုယ့်နေရပ်ဒေသ အနီးဝန်းကျင်တွင်ပင် သင်တန်းကြေးပေးသွင်းရန်မလိုဘဲ ကာလတိုအတွင်း စနစ်တကျသင်ယူခွင့်ရရှိနိုင်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိစေမည်ဖြစ်သည်။

**လေလွင့်မှုမရှိစေရေး**

မင်းဘူး(စကု)မြို့နယ်ရှိ တောင်မန်းမြောင်းမကြီးသည် ၁၈ မိုင်ရှည်လျားပြီး မြောင်းအောက်ခြေအကျယ်သည် ၂၅ ပေရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကကျသည့် ရေအရင်းအမြစ်များ လေလွင့်မှုမရှိစေရန်အတွက် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မင်းဘူးမြို့နယ် အိုင်းမရေလွှဲဆည်၊ တောင်မန်းမြောင်းမကြီးရေလွှဲတွင် ဇကော ရေတံလျှောက်နှင့် စစ်စလီရေတံလျှောက်တို့ကို ယခင် စက်ဝိုင်းခြမ်းပုံစံ ရေတံလျှောက်များအစား ထောင့်မှန်စတုဂံရေတံလျှောက်များကို ပြောင်းလဲတည်ဆောက်တပ်ဆင်လျက်ရှိသည်။

ထို့ပြင် မင်းဘူးခရိုင် ဆည်တော်မြို့နယ်အနီးတွင် မြောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ မဲဇလီကျေးရွာအနီးတွင် မြောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းများအပြင် ဆည်တော်ကျေးရွာအနီးတွင် ရေဆိုးထုတ်သံကူကွန်ကရစ် တည်ဆောက်ခြင်းဖြင့် တောင်ကုန်းမြောင်းမကြီး ပျက်စီးမှုမှ ကာကွယ်ပေးနိုင်ခဲ့သည်။



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော် ခြေတော်ရာဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ပွင့်ဖြူမြို့နယ် မျိုးစေ့ဌာနခွဲ မျိုးသန့်စိုက်ပျိုးရေးခြံတွင် အဆင့်မြင့်လယ်ယာမြေများ ဖော်ထုတ်နိုင်ခဲ့ပြီး ယခင် မိုးစပါဧက ၁၁၀ မှ ဧက ၁၂၀ အထိ၊ ဆောင်းသီးနှံ ကုလားပဲမျိုးစေ့ထုတ် ဧက ၃၀ မှ ဧက ၅၀ အထိ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပြီး ဒေသခံတောင်သူများထံ ဖြန့်ဖြူးပေးလျက်ရှိသည်။ ထို့ပြင် ရေကြီးနစ်မြုပ်ဒေသရှိ တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနမှ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)နှင့်ပူးပေါင်းပြီး မင်းဘူးမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်များတွင် ကျေးရွာပေါင်း ၄၄ ရွာရှိ အိမ်ထောင်စု ၂၈၂၅ စု အား ကုလားပဲ၊ မတ်ပဲနှင့် ဓာတ်မြေဩဇာနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့ အိတ် ၂၈၂၅ အိတ်တို့ကို ကျေးရွာများအရောက် ထောက်ပံ့ပေးအပ်နိုင်ခဲ့သည်။

**သိမ်းဆည်းခံမြေများ**

"သိမ်းဆည်းခံလယ်မြေကို တချို့လည်း လိုအပ်ချက်အရ သိမ်းထားတယ်။ လုံခြုံရေးအရ သိမ်းထားတယ်။ ပြန်လွှဲမပေးနိုင်သေးဘူးဆိုတာရှိပါတယ်။ ကျွန်တော်တို့လည်း နိုင်ငံတော်က၊ ဝန်ကြီးဌာနက လိုအပ်ချက်အရ သိမ်းသင့်တာသိမ်းပါ။ သို့သော် စွန့်လွှတ်နိုင်သမျှ စွန့်လွှတ်ဖို့ အမြဲတမ်းတင်ပြပါတယ်။ နဂို သိမ်းခဲ့တုန်းကမပါဘူး။ တကယ်တော့ လယ်သမားက နိုင်ငံတော်က သိမ်းတယ်။ ဝန်ကြီးဌာနက သိမ်းတယ်။ တပ်မတော်က သိမ်းတယ်လို့ ထင်နေတယ်။


"ဒါပေမယ့် ပြန်ပြီးပေးတဲ့အခါ ၂၀၀၀ ပြည့်နှစ်က သိမ်းတယ်။ ၂၀၁၃ မှာ ပြန်စွန့်လွှတ်တယ်။ မပါလာဘူး။ ဘာကြောင့် မပါသလဲလို့စိစစ်တော့ ကျေးရွာဥက္ကဋ္ဌလုပ်တဲ့သူက သက်ဆိုင်ရာကသိမ်းတဲ့ပုံစံ အယောင်ပြပြီး လုပ်ထားတယ်။ မနေ့တစ်နေ့ကမှ သူတို့ကို ပုံစံ (၇) ထုတ်ပေးနိုင်တယ်။ ဒါ အလိမ်အညာတွေ။ ဒါတွေကို ကျွန်တော်တို့ ကြိုးစားပြီး တတ်နိုင်သမျှပြန်ပေးနိုင်အောင် ကျွန်တော်တို့ ကြိုးစားတယ်။ ဝမ်းနည်းဖို့ကောင်းပါတယ်။ တရားဥပဒေမစိုးမိုးတဲ့ကာလမှာ သိမ်းလိုက်တယ်။ ပြန်စွန့်လွှတ်လိုက်ပြီ။ မူလလယ်သမားပိုင်ရှင်ဆီ ရောက်မသွားဘူး။ အာဏာရှိတဲ့ သူက ဒါတွေကို ခွဲဝေစားတယ်။ အကွက်ရိုက်ရောင်းတယ်။ ဒါတွေနဲ့ ပြဿနာတွေ ဖြေရှင်းနေရတာတွေရှိပါတယ်။ မှန်မှန်ကန်ကန် စုံစမ်းစစ်ဆေးပေးဖို့၊ အင်မတန်ကို မဟုတ်တာလုပ်ရင် အင်မတန်အကုသိုလ်ကြီးတဲ့အကြောင်း ကျွန်တော်ပြောပါတယ်"ဟု မြေသိမ်းဆည်းရေးကိစ္စများနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

**အမည်သစ်သီးနှံစံပြစိုက်ခင်း**

သစ်တောများ ပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရေရှား အပူပိုင်းဇုန်ဒေသနေပြည်သူများက ပိုမိုခံစားကြရပါသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေသည့် စိုက်နည်းစနစ်များ ဖော်ဆောင်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မကွေး-နတ်မောက်ကားလမ်းရှိ တောင်သူဒေါ်မြင့်မြင့်ခင်၏ယာမြေတွင် စိန်တလုံးသရက်ပင်နှင့် သစ်တော ရောနှောစိုက်ခင်း ၃ ဒသမ ၅ ဧကနှင့် မင်းဘူး(စကု)မြို့နယ်ရှိ တောင်သူ ဦးဖြိုးဝေစိုး၏ အမည်သစ် သီးနှံစံပြစိုက်ခင်း ခုနစ်ဧကတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေ၊ စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

တောင်သူများ လက်ရှိစိုက်ပျိုးနေသည့် လယ်ကွက်များသည် အရွယ်အစားပုံသဏ္ဍာန်အမျိုးမျိုး၊ ရေသွင်းရေထုတ်မြောင်းမရှိခြင်း၊ မြေအနိမ့်အမြင့် မညီညာ၊ ရေလေလွင့်မှုများပြားခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း၊

**အထူးကဏ္ဍ (၉) သို့ »»**



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို မကွေးတိုင်းဒေသကြီး မြိုင်မြို့တွင် ရေပေးဝေရေးဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။



လမ်းဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပိုလျှံငွေ ကျပ် ၂၉၂၄ သန်းအသုံးပြုပြီး မကွေးမြို့ ဗိုလ်ချုပ်လမ်းမကို ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းထားသည်ကို တွေ့ရစဉ်။

**အထူးကဏ္ဍ (ဆ) မှ »»**

လယ်ယာလုပ်သားရှားပါးခြင်း စသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် မင်းဘူး (စကု) မြို့နယ် ကုလားဘားကျေးရွာအုပ်စု ကုလားဘားကျေးရွာတွင် စနစ်ကျလယ်ယာဧက ၂၀၀ ကို ရှေ့ပြေးအနေဖြင့် စက်ယန္တရားကြီးများ အသုံးပြုပြီး ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။

**မကွေးမြို့မှ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်ကြီး**

သမိုင်းလက်ဆင့်ကမ်းခွင့်ရသည့် ကလေးငယ်များ၏ မေးခွန်းကြောင့် ဗိုလ်ချုပ်မြင်းစီးရုပ်ကြီးသည် ပိုပြီးအသက်ဝင်နေသည်။ ဗိုလ်ချုပ်ကို ချစ်မြတ်နိုး၊ တန်ဖိုးထားသည့် မကွေးမြို့နယ်အတွင်းရှိ ပြည်သူများသည် အိမ်တွင်ရှိသည့် ကြေးထည်များကို ဝိုင်းဝန်းလှူဒါန်းခဲ့ကြပြီး စုဆောင်းရရှိသည့် ကြေးများဖြင့် မြင်းစီးကြေးရုပ်ကြီးကို သွန်းလုပ်ခဲ့ကြခြင်းဖြစ်သည်။

လွတ်လပ်ရေးကိုပုံဖော်ပေးခဲ့သူ၊ အာဇာနည်စိတ်ဓာတ်ဖြင့် သမိုင်းကို အသက်သွင်းခဲ့သူ၊ တပ်မတော်၏ ကျစ်လျစ်ခိုင်မာမှုတန်ဖိုးကို သက်သေပြခဲ့သူ အမည်နာမပေါင်း၊ ဂုဏ်ဒြပ်ပေါင်း အမှတ်ရစရာပေါင်းများစွာတို့ဖြင့် ကိုယ်စားပြုယုဂ်တစ်ခုသည် အစိုးရသစ်နှင့်အတူ ပြန်လည်အသက်ဝင်လာခဲ့သည်။

**အကျိုးကျေးဇူးရ**

ပြည်သူများ၏ အခြေခံလိုအပ်ချက်များစွာကို အဆင်ပြေချောမွေ့အောင် တစ်နေရာတည်းတွင် အချိန်တိုအတွင်း ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဝန်ဆောင်မှုရုံးများကို မြို့နယ်တိုင်းတွင် ၂၀၁၅ ခုနှစ် ဩဂုတ်လမှ စတင်ပြီးဖွင့်လှစ်ခဲ့သည်။ OSS ရုံးများ ဖွင့်လှစ်ခြင်းကြောင့် ဌာနအသီးသီးမှ ထောက်ခံစာများ တစ်နေရာတည်းတွင် ရရှိနိုင်သည့်အတွက် ပြည်သူများ အချိန်ကုန်ငွေကုန်သက်သာခြင်း၊ ဌာနအသီးသီးမှ ဝန်ထမ်းများ တစ်ဦးနှင့်တစ်ဦး တွေ့မြင်နေရသည့်အတွက် ဝန်ဆောင်မှုအရည်အသွေးများ တိုးတက်လာစေပြီး လာဘ်ပေးလာဘ်ယူမှုများ ကျဆင်းသွားစေနိုင်ခြင်း၊ မတူညီသည့်ဌာနများ အတူတကွ ပူးပေါင်းဆောင်ရွက်နေသည့်အတွက် ဌာနဆိုင်ရာ ဝန်ထမ်းများက ပြည်သူများအပေါ် စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများလျော့နည်းပပျောက်သွားစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများလည်း ရစေနိုင်မည်ဖြစ်သည်။

**ယုံကြည်မှုများရလာ**

စတင်ဖွင့်လှစ်ခဲ့သည့်နေ့မှစပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ အခြေခံလိုအပ်ချက် စုစုပေါင်း ၁၈၂၅ ကျော် ဝန်ဆောင်မှုပေးနိုင်ခဲ့သည့်အတွက် လူငယ်များမှစပြီး ပြည်သူ့ဝန်ဆောင်မှုရုံးများကို တစ်နေ့ထက်တစ်နေ့ ယုံကြည်မှုများရလာပြီ ဖြစ်သည်။

တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်း ဝန်ထမ်းအိမ်ရာ တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန ငါးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၉ ခု တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည်။ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုလွှမ်းခြုံမှုပေးနိုင်ရန်အတွက် မင်းဘူးခရိုင် စလင်းမြို့နယ်တွင် ခုတင်(၁၀၀)ဆံ့ RCC နှစ်ထပ်ဆေးရုံကြီးကို လက်ရှိအစိုးရသစ်လက်ထက်တွင် ဆက်လက်တည်ဆောက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ ဤဆေးရုံကြီး ပြီးစီးသွားသည့်အခါ ဒေသခံပြည်သူများကို ရာနှုန်းပြည့်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့်အပြင် အနီးဝန်းကျင်တွင်ရှိသည့် စေတုတ္တရာနှင့် ပွင့်ဖြူမြို့နယ်တို့အတွင်းမှ ပြည်သူများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်သည်။ တိုင်းဒေသကြီးအစိုးရတင်ဒါပိုလျှံငွေများဖြင့် ငဖဲမြို့နယ်တွင် အသက် နှစ်နှစ်အောက်ကလေး အာဟာရဆိုင်ရာအလေ့အကျင့်ကောင်းများ ပျိုးထောင်မှုသင်တန်းပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် ကလေးများအတွက် ဆေးဝါးများ ထောက်ပံ့ပေးခြင်းကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ် ထိန်းသိမ်းကာကွယ်ရေးဦးစီးဌာနမှ မင်းလှခံတပ်အောက်ဘက် ရွှေဘုံသာဘုရားအနီးမှ အခြေပြုကျောက်စီမြေထိန်းတမံ အလျား ပေ ၂၈၀ နှင့် ကျောက်စီမြေထိန်းနံရံ အလျား ၈၄ ပေကို တည်ဆောက်ခဲ့သည့်အတွက် ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုမှ ကာကွယ်နိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီးအတွင်း အမျိုးမျိုးသော သဘာဝဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေစုစုပေါင်း သိန်းပေါင်း ငါးထောင်ကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်။

မကွေးခရိုင် ချောက်မြို့၌ ရေရှားပါးမှုအား အထောက်အကူပြုစေရန်အတွက် ဂါလန်ငါးသောင်းဆံ့ အုတ်ရေကန်ကြီးကို တည်ဆောက်ပေးလျက်ရှိသည်။ ထိုရေကန်ကြီး ပြီးစီးသွားသည့်အခါ အမှတ် ၅၊ ၆၊ ၇၊ ၉ နှင့် ၁၀ ရပ်ကွက်များမှ ပြည်သူများထံ ရေလုံလောက်စွာပေးဝေနိုင်မည့်အပြင် မီးဘေးအန္တရာယ်ကိုလည်း ကြိုတင်ကာကွယ်တားဆီးပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာတွင် ၆၆/၁၁ KV ဓာတ်အားခွဲရုံတည်ဆောက်ခြင်းဖြင့် ကျေးရွာ ၁၅ ရွာအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က "မကွေးတိုင်းအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့အထဲမှာ မြန်မာချည်းပဲနေတာမဟုတ်ဘူး။ ချင်းတိုင်းရင်းသားဝန်ကြီးရယ်၊ ချင်းလူမျိုးတွေလည်း ရှိတယ်။ သူတို့အတွက်လည်း ကျွန်တော်တို့က ချင်းအမျိုးသားနေ့ကို မကွေးတိုင်းဒေသကြီးအဆင့် မြို့တော်ခန်းမမှာ ခမ်းခမ်းနားနားနဲ့ ကျင်းပပေးလိုက်တယ်။ မကွေးမှာဆိုရင် ကျန်းမာရေးတက္ကသိုလ်ရှိပါတယ်။ ဆေးတက္ကသိုလ်ရှိပါတယ်။ ကွန်ပျူတာ၊ နည်းပညာတက္ကသိုလ်ရှိပါတယ်။ မကွေးတက္ကသိုလ်ရှိပါတယ်။ ဒီမှာ ပညာသင်ကြားနေတဲ့ ချင်းတိုင်းရင်းသား၊ သားငယ်သမီးငယ် ညီအစ်ကိုမောင်နှမတွေ အလွန်ကို သူတို့အသိအမှတ်ပြုတာခံရတဲ့အတွက် ဝမ်းသာကြည်နူးနေရတာမြင်ရလို့ ကျွန်တော်တို့အတွက် အင်မတန်ပီတိဖြစ်စရာဖြစ်ပါတယ်။ ဒါကိုမြင်ရတာ အင်မတန်ကို စိတ်ချမ်းသာပါတယ်။

"တိုင်းရင်းသားတွေအတွက်လည်း အလေးထားဆောင်ရွက်နေပါတယ်။ အလေးအနက်တင်ပြချင်တာကတော့ ဝန်ထမ်းတွေရော၊ ပြည်သူတစ်ရပ်လုံးရော တရားဥပဒေစိုးမိုးရေးကို လေးစားကြဖို့၊ လိုက်နာကြဖို့၊ ပေးသင့်ပေးထိုက်တဲ့ အခွန်တွေ ပေးကြဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ကလည်း တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ပေးမယ်။ ပြည်သူလူထုကလည်း တရားဥပဒေစိုးမိုးရေးကို ဦးဆောင်လိုက်တိုင်း လေးစားလိုက်နာကြမယ်ဆိုရင် မကွေးတိုင်းဒေသကြီးရော ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လာမှာ အမှန်ပါပဲ။

"တရားဥပဒေစိုးမိုးရေးကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့လူတွေ တစ်ဘို့တည်းသမားတွေအတွက်ကတော့ ဒါဟာ ကောင်းတဲ့ကိစ္စမဟုတ်ပါဘူး။ နည်းမျိုးစုံနဲ့ နှောင့်ယှက်ပေးနေမှာပဲ ဖြစ်ပါတယ်။ သူတို့ ဘယ်လိုပဲ နှောင့်ယှက်နှောင့်ယှက် ကျွန်တော်တို့ကတော့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားမှာပါ" ဟု ပြောသည်။

■■■



အိုင်းမဆည်ရေသောက်စနစ်ဖြင့် တောင်မန်းမြောင်းမကြီးပေါ်ရှိ မန်း၊ ဇကော၊ ပင်းတလဲ ရေသွယ်တံလျှောက်များကို ရေသယ်အားကောင်းမွန်စေရန် သံပြားအသစ်များဖြင့် စက်ဝိုင်းခြမ်းပုံသဏ္ဌာန်မှ လေးထောင့်စတုဂံပုံ တည်ဆောက်နေသည်ကို တွေ့ရစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ယူရန် မေတ္တာရပ်ခံချက်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို အောက်ပါရည်ရွယ်ချက်များဖြင့် ထုတ်ပေးသွားမည်ဖြစ်သည်-

(က) မဲဆန္ဒရှင်တစ်ဦးသည် မဲဆန္ဒရှင်သက်သေခံလက်မှတ် လက်ဝယ်ရရှိထားခြင်းအားဖြင့် မိမိအမည်မဲစာရင်းတွင်ပါဝင်ပြီး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရရှိကြောင်း သေချာခိုင်လုံစေရန်၊

(ခ) မဲဆန္ဒရှင်မှ ဆန္ဒမဲလက်မှတ်လာရောက်ထုတ်ယူရာတွင် မဲလက်မှတ်ထုတ်ပေးသူအနေဖြင့် မဲစာရင်းတွင် လွယ်ကူစွာရှာဖွေနိုင်ပြီး အချိန်ကုန်သက်သာစေရန်၊

(ဂ) မဲဆန္ဒရှင်သက်သေခံလက်မှတ်ပါ မိမိ၏အချက်အလက်များ မှားယွင်းနေပါက သက်ဆိုင်ရာ မဲဆန္ဒရှင်ကိုယ်တိုင်ပြင်ဆင်ပေးနိုင်ရန်။

(ဃ) သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအနေဖြင့် မဲဆန္ဒရှင်၏ မှန်ကန်သော အချက်အလက်များကို မဲဆန္ဒရှင်စာရင်းတွင် ပြန်လည်ပြင်ဆင်နိုင်ရန်။

၂။ ၃-၁-၂၀၁၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများမှ ထုတ်ပေးခြင်းမပြုဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ခံ၍ ထုတ်ပေးရန် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများမှ သဘောတူခဲ့ကြပါသည်။

၃။ အပိုဒ်(၁)ပါ ရည်ရွယ်ချက်များဖြင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁၇-၃-၂၀၁၇ ရက်မှ ၃၀-၃-၂၀၁၇ ရက်၊ နံနက် ၈း၀၀ နာရီမှ ညနေ ၆း၀၀ နာရီအထိ နေ့စဉ် ထုတ်ပေးသွားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို ကိုယ်တိုင် သို့မဟုတ် မိသားစုတစ်စုလျှင် အိမ်ထောင်ဦးစီး သို့မဟုတ် မိသားစုဝင်တစ်ဦးဦးမှ လာရောက်ထုတ်ယူကြရန်ဖြစ်ပါသည်။

၄။ ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင် သက်သေခံလက်မှတ် မပါရှိပါကလည်း မဲစာရင်းတွင်ပါရှိက ဆန္ဒမဲပေးနိုင်ပါသည်။ **သို့သော်လည်း မဲဆန္ဒရှင်များက မဲဆန္ဒရှင် သက်သေခံလက်မှတ်များကို လာရောက်ထုတ်ယူခြင်းအားဖြင့် ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**




## ရွှေတိဂုံစေတီတော်

### ရုပ်ပွား၊ စေတီများကို ရွှေသက်န်းကပ်လှူရန်ကြော်ငြာ

၁။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် စေတီတော်ကြီး၏ အထက်ပစ္စယံ စေတီရံများ၊ နောင်တော်ကြီးစေတီနှင့် အရံစေတီများကို ယခုနှစ် ပွင့်လင်းရာသီတွင် ရွှေသက်န်းတော်ကပ်လှူခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အထက်ပါစေတီများ၏ မူလအလှူအရှင်များအနေဖြင့် ဆက်လက်လှူဒါန်းလိုပါက ၁၅-၂-၂၀၁၇ ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပါရန် ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများတွင် ဖိတ်ခေါ်အသိပေးခဲ့ပြီး ဖြစ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိသေးသော မူလအလှူရှင်များအား ၃၁-၃-၂၀၁၇ ရက် နောက်ဆုံးထား၍ ဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ထပ်မံ၍ ဖိတ်ခေါ်အပ်ပါသည်။

၃။ ဆက်သွယ်လှူဒါန်းခြင်းမရှိပါက ဂေါပကအဖွဲ့အစီအစဉ်ဖြင့် မွမ်းမံအလှူရှင်များအား ရွှေသက်န်းဆက်ကပ်လှူဒါန်းခွင့်ပြုမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၃၇၅၇၆၇၊ ၀၁-၃၇၁၀၈၉၊ ၀၉-၄၂၁၀၂၄၉၄၃ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်
### အဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပုရာကန်)မှ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလက်အောက်ရှိ ကလေးဝဌာနခွဲနှင့် ဗန်းမော်ဌာနခွဲသို့ စက်သုံးဆီ(ဓာတ်ဆီနှင့်ဒီဇယ်ဆီ)များ သယ်ပို့မည့်လုပ်ငန်းကို ပြင်ပပုဂ္ဂလိကရေယာဉ်/ဆီတွဲများဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ရေယာဉ်/ဆီတွဲ လုပ်ငန်းရှင်များသည် မိမိတို့သယ်ပို့လိုသည့် စက်သုံးဆီအမျိုးအစားနှင့် သက်ဆိုင်ရာ တစ်ဂါလန် သယ်ပို့ခနှုန်းထားများအား အဆိုပြုတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များကို ၁၆-၃-၂၀၁၇ ရက်မှ ၂၁-၃-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၂၄-၃-၂၀၁၇ ရက် ၁၂း၀၀ နာရီတွင် ရေယာဉ်/ဆီတွဲ ပိုင်ရှင်ကိုယ်တိုင် တင်သွင်းရန်နှင့် ၂၄-၃-၂၀၁၇ ရက် ၁၂း၃၀ နာရီတွင် တင်ဒါစည်းကမ်းနှင့် ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည် ဖြစ်ပါသည်။

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၅၃၊ ၀၆၇-၄၁၁၀၉၂၊ ၀၆၇-၄၁၁၁၃၃**

## အမြန်ရောင်းမည်

၁။ ပုလဲမြို့သစ်(၂)၊ အမှတ်(၃)လမ်းမှ တစ်လမ်းကျော်၁၀၀'×၁၀၀' (မြေသီးသန့်)

၂။ ၇၀' × ၁၀၀' အဆောက်အဉီ ရေမီးပါ

ဆက်သွယ်ရန် - 09974595888

## ဒေါ်စုစုလွင် [၁၂/သဃက(နိုင်) ၀၉၄၆၉၇]၏ ၂၆-၂-၂၀၁၇ရက်စွဲပါ ကြေးမုံသတင်းစာပါ ကိစ္စအပေါ် သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဦးသက်လွင်[၁၂/သဃက(နိုင်)၀၉၃၈၈၆] အမှတ်၄/ခ၊ ဦးဗဟန်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေသူနှင့် ဒေါ်နုနုကြည်[၁၂/တမန(နိုင်)၀၄၈၂၃၉] အမှတ်(၄၀၆)၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေသူတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်လိုသည်မှာ-

ကျွန်ုပ်အမှုသည် ဦးသက်လွင်၊ ဒေါ်နုနုကြည်တို့သည် လူကြီးမင်း မြေရှင် ဒေါ်စုစုလွင်နှင့် ရင်းနှီးသလို၊ ကန်ထရိုက်တာ ဦးစိုးနိုင်(စိုးဘရားသားဆောက်လုပ်ရေး)နှင့်လည်း ရင်းနှီးကြသည့်အတွက် ဒေါ်စုစုလွင်၏ မြေနေရာပေါ်တွင် ကန်ထရိုက်တာ ဦးစိုးနိုင် ဆောက်လုပ်သည့် လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ အမှတ်(၄၂၆)၊ (၆)ထပ်တိုက်(သို့) (၇)လွှာတိုက်ခန်းများတွင် ကန်ထရိုက်တာ ဦးစိုးနိုင်ထံမှ ဦးသက်လွင်မှ (၄)လွှာနှင့် (၅)လွှာ နှစ်ခန်းအား ဝယ်ယူရာတွင် အရစ်ကျငွေများအား ပေးချေလာခဲ့ရာမှ ဦးစိုးနိုင်၏တောင်းဆိုမှုအရ နောက်ဆုံးအရစ်ငွေအား အခန်းမအပ်ရသေးမီ ပြေကျေစွာ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ထို့အတူ ဒေါ်နုနုကြည်မှ(၆)လွှာနှင့် (၇)လွှာ အခန်း(၂)ခန်းအား အရစ်ကျငွေများပေးချေရာတွင် မြေရှင်ဒေါ်စုစုလွင်အတွက် ဦးစိုးနိုင် တာဝန်ယူငှားရမ်းပေးရသည့် အိမ်လခများနှင့်စပ်လျဉ်းပြီး မြေရှင် ဒေါ်စုစုလွင် နေထိုင်နေသည့် အိမ်လခများအား (၆)လွှာနှင့် (၇)လွှာ အခန်းဝယ်ယူထားသည့် ဒေါ်နုနုကြည်ထံရရန်ရှိသည့် နောက်ဆုံးပေးရန်ရှိသည့် အခန်းဖိုးအနက်မှ ခုနှိမ်ပေးခဲ့၍ အခန်းအပ်သည့်နေ့ ငွေအပြီးပေးချေရန်အတွက်(၂)ခန်းပေါင်း (၃၅)သိန်းသာ ကျန်တော့ကြောင်းနှင့် မပြီးဆုံးသေးသည့် အခန်းများအတွက် (၁)ခန်းလျှင် (၁၀)သိန်းစီစုပေါင်းပြီး ဒေါ်စုစုလွင်မှ တာဝန်ယူဆက်လက်ဆောက်လုပ်ပေးရန် ညှိနှိုင်းခဲ့ကြသည့်ကိစ္စများနှင့်စပ်လျဉ်းပြီး ယခုတိုင် တိုက်ခန်းဝယ်ယူထားသူ ဒေါ်နုနုကြည်၏ တိုက်ခန်းတွင် ငှားရမ်းနေထိုင်လျက်ရှိသူ မြေရှင်ဒေါ်စုစုလွင်မှ ကောင်းစွာသိလျက်နှင့် အခန်းများအား ကိုယ်တိုင်ပြီးစီးအောင် ဆောင်ရွက်ပြီး ကန်ထရိုက်တာထံမှ တိုက်ခန်းဝယ်ယူထားသူများသည် ကန်ထရိုက်တာနှင့်သာ ဆက်လက်ဆောင်ရွက်ကြပါရန် အခန်းဝယ်ယူထားသူများအပေါ် မမှန်ကန်သောကြော်ငြာမှုကို ပြုလုပ်လာခြင်းသည် ကန်ထရိုက်နှင့် မြေရှင်တို့၏ လှည့်စားလာမှုသာ ဖြစ်ပါသည်။

သို့ဖြစ်သည့်အတွက် ကျွန်ုပ်အမှုသည် ဦးသက်လွင် ငွေအပြီးပေးချေပြီးသည့် မြေရှင်ကိုယ်တိုင် သိရှိပြီးသည့် (၄)လွှာ (၅)လွှာ အခန်းနှင့် ကျွန်ုပ်အမှုသည် ဒေါ်နုနုကြည် ဝယ်ယူထားသည့် (၆)လွှာ(၇)လွှာ၊ နှစ်ခန်းလုံးအတွက် အခန်းအပ်သည့်နေ့ (၃၅)သိန်းသာ ပေးရန် ကျန်ရှိသည့် စုစုပေါင်း အခန်း(၄)ခန်းလုံးအား မြေရှင်ဒေါ်စုစုလွင်မှ ပြင်ဆင်ခြင်း၊ မွမ်းမံခြင်း၊ ရောင်းချခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် ယင်းအခန်းများတွင် ဝင်ထွက်ခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းလွှဲရောင်းချခြင်းနှင့် အခြားတစ်နည်းတစ်လမ်းဖြင့် ဦးသက်လွင်နှင့် ဒေါ်နုနုကြည်တို့ နစ်နာဆုံးရှုံးမှုရှိအောင် ဆက်လက်ဆောင်ရွက် ကြော်ငြာခြင်း မပြုလုပ်ရန် တားမြစ်သတိပေးအပ်ပါသည်။ တားမြစ်ကြော်ငြာထားသည့်ကြားမှ ပြုလုပ်ဆောင်ရွက်ခဲ့ပါက ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းများအရလည်းကောင်း တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်မြမြလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၉၄)**
**အမှတ်(၃၅၈)၊ ဗိုလ်မင်းခေါင်လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၅၀၅၀၂၀၃၊ ၀၁-၅၈၀၀၂၂**

## ဓမ္မာစရိယစာသင်သား သီလရှင်များကို ဖိတ်ခေါ်ခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြကန်သာကျောင်းလမ်း၊ လင်းမနောဟရ သီလရှင်စာသင်တိုက်တွင် (၁၃၇၉ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်) ၄-၅-၂၀၁၇ ရက်မှစ၍ စာပေကျွမ်းကျင်ဆရာတော်များက ဓမ္မာစရိယကျမ်းရင်းသုံးကျမ်းကို ပို့ချပါမည်။

သို့ဖြစ်ပါ၍ စာသင်ကြားလိုသော သီလရှင် (ဆရာလေးသိက္ခာရှင်)များကို (၁၃၇၉ခုနှစ်၊ ကဆုန်လဆန်း ၁ရက်)၂၆-၄-၂၀၁၇ ရက်မှစ၍ လက်ခံပါမည်။

စာပေသင်ကြားစဉ် ဆွမ်းဆန်မရပ်ရဘဲ စားစရာ၊ နေစရာပြည့်စုံစွာ စီစဉ်ပေးပါမည်။

ဦးရေကန့်သတ်ချက်ကြောင့် ဆောလျင်စွာ လျှောက်ထားနိုင်ပါပြီ။

ဆရာကြီး ဒေါ်အညေသီ ဖုန်း-၀၉-၅၁၉၃၈၈၆

ဆရာကြီး ဒေါ်ပညာစာရီ ဖုန်း-၀၉-၄၂၁၁၁၈၆၉၈

## (YMBA) ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်နှင့် J.L.C Language Centre တို့ ပူးပေါင်း၍ ပထမအကြိမ် အင်္ဂလိပ်ဘာသာစကားသင်တန်း ဖွင့်လှစ်မည်

(YMBA) ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်နှင့် J.L.C Language Centre တို့ ပူးပေါင်း၍ နွေရာသီ ပထမအကြိမ် အင်္ဂလိပ်ဘာသာစကားသင်တန်း (ပညာဒါန)ဖွင့်လှစ်ပွဲကို ၂၀၁၇ခုနှစ်၊ ဧပြီလ ၃ရက်မှစတင်၍ မေလ၃၁ရက်အထိ အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် နံနက် ၈နာရီမှ ၁၁နာရီအထိ (YMBA)ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းချုပ်ရုံးတွင် ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

Level (1)တွင် အသက် ၇နှစ်မှ ၁၃နှစ်၊ Level(2)တွင် အသက် ၁၀နှစ်မှ ၁၃နှစ်၊ Level(3)တွင် အသက် ၁၃နှစ်မှ ၁၅ နှစ်အတွင်းရှိ ကလေးငယ်များ တက်ရောက်နိုင်ပါကြောင်းနှင့် သင်တန်းဝင်လျှောက်လွှာများကို မတ်လ ၂၈ရက် နောက်ဆုံးထား စာရင်းပေးသွင်းရန် ဖြစ်ပါသည်။

**ပညာကျန်းမာအဖွဲ့**
**YMBAအသင်းချုပ်**

## နိုင်ငံတော်ပိုင် မြန်မာယူနီဗာဆယ်ဘဏ်လီမိတက် မန္တလေးဘဏ်ခွဲ အမည်ပေါက်မြေနှင့် အဆောက်အအုံများ လေလံတင်ရောင်းချရန်ကြော်ငြာ

နိုင်ငံတော်ပိုင် မြန်မာယူနီဗာဆယ်ဘဏ်လီမိတက်၊ မန္တလေးဘဏ်ခွဲ အမည်ပေါက် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၄၀၈/၅၁၉)၊ မြေဧရိယာ(၀. ၃၈)ကေရှိ ဂရန်မြေကွက်၊ ဦးပိုင်အမှတ်(၄၀၈/၅၂၀)၊ မြေဧရိယာ(၀. ၅၅)ကေရှိ ဂရန်မြေကွက်၊ ဦးပိုင်အမှတ်(၄၀၈/၅၂၁)၊ မြေဧရိယာ(၀. ၄၅)ကေရှိ ဂရန်မြေကွက်၊ ဦးပိုင်အမှတ်(၄၀၈/၅၂၂)၊ မြေဧရိယာ(၀. ၃၇)ကေရှိ ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အအုံများကို အများပြည်သူများသို့ မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေနှင့်အဆောက်အအုံများအား အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံဆွဲဝယ်ယူလိုသူများသည် လျှောက်လွှာပုံစံနှင့် အိတ်ဖွင့်လေလံစည်းကမ်းချက်များကို မြန်မာ့စီးပွားရေးဘဏ်၊ မန္တလေးတိုင်းဒေသကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်လေလံဈေးနှုန်း တင်သွင်းလွှာများကို ကြော်ငြာသည့်နေ့မှ ၇-၄-၂၀၁၇ရက်၊ နံနက် ၁၀နာရီနောက်ဆုံးထား၍ မြန်မာ့စီးပွားရေးဘဏ်၊ မန္တလေးတိုင်းဒေသကြီးရုံး၌ တင်သွင်းရပါမည်။ ၇-၄-၂၀၁၇ ရက်၊ နံနက် ၁၁ နာရီတွင် အများပြည်သူရှေ့မှောက်တွင် ဖွင့်လှစ်ကြေညာသွားမည်ဖြစ်၍ ၇-၄-၂၀၁၇ရက်၊ နံနက် ၁၀ နာရီ နောက်ပိုင်းတွင် တင်သွင်းလာသည့် အိတ်ဖွင့်လေလံဈေးနှုန်းတင်သွင်းလွှာများကို လုံးဝထည့်သွင်း စဉ်းစားမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။ **မြန်မာ့စီးပွားရေးဘဏ်၊ လေလံတင်ရောင်းချရေးအဖွဲ့**

## အမှားပြင်ဆင်ချက်

၁၄-၃-၂၀၁၇ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာအချပ်ပို(ခ)၊ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ၌ အမှတ်(၃၁)၊ ဇေယျာဒီပလမ်းနှင့် ဇေယျာနဒီလမ်းထောင့်၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေရာတွင် အမှတ်(၃၁) အစား အမှတ်(၇၈)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ရောင်းမည်/ငှားမည် (အမြန်)

အသစ်တည်ဆောက်မည့် စီးပွားရေးဇုန် ပရောဂျက် (ဧက၇၀၀ခန့်) အနီးရှိ မင်္ဂလာဒုံ "စွယ်တော်City"တွင် "Pool Sight"(ရေကန်)ဘက်သို့ မျက်နှာမူထားသောအခန်း၊ 4လွှာ၊ 5လွှာ၊ 6လွှာ၊ 7လွှာရှိ အခန်းများ ရောင်းမည်/ငှားမည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၇၉၉၆၆၆၀၇၂၊ ၀၉-၇၈၈၂၀၀၇၉၁**
**(ရုံးချိန်အတွင်းသာ)**

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်။
ဒဂုံမြို့သစ် ၊ ( အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ဆိပ်ကမ်း)
တို့တွင်မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေစနစ်၊ပွဲခပေးရန်မလို
Ph : 01-2339310, 01-2339355, 01-578044

# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ

(၁၈ - ၃ - ၂၀၁၇ မှ ၂၄ - ၃ - ၂၀၁၇ အထိ)

Vol.2 No-12

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ် ထုတ်ဝေသည်။


4TV HD Receiver ကို ဝယ်ယူတပ်ဆင်ချင်တယ်ဆိုရင်
01- 230 6166 ကို ဖုန်းလေး ဆက်လိုက်ပါနော်
01-230 6166

## မြန်မာနှစ်သစ်မှာ 4tv + TV5 NETWORK ပြောင်းလဲမှုအသစ်

ဧပြီလ (၁) ရက်နေ့မှ စတင်၍

### စက်ဈေးနှုန်း အသစ်
### Package ဈေးနှုန်း အသစ်

New




4TV Hotline **01-2306166**

/4tvmyanmar **www.4tv.com.mm**

4tv Facebook page www.facebook.com/4tvmyanmar ကို လုပ်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

